# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ တပို့တွဲလကွယ် ၊ စနေနေ့ ၊ (18-2-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၂၉၄)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား နှစ်နိုင်ငံသံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာပူတင်ထံသို့ ပေးပို့သည့်သဝဏ်လွှာ

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် ကျရောက်သည့် မြန်မာ-ရုရှား နှစ်နိုင်ငံသံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အခါသမယတွင် မြန်မာပြည်သူများနှင့်အတူ မိမိအနေဖြင့် အဆွေတော်နှင့် အဆွေတော်ထံမှတစ်ဆင့် ရုရှားပြည်သူများသို့ လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ကြောင်း နှုတ်ခွန်းဆက်သပါသည်။

စာမျက်နှာ ၁၈ ကော်လံ ၄

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား နှစ်နိုင်ငံသံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အခါသမယတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာပူတင်ထံမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ပေးပို့သည့်သဝဏ်လွှာ

မိမိတို့နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးတည်ထောင်မှု (၇၅)နှစ်မြောက် အခါသမယတွင် အဆွေတော်အား လှိုက်လှဲစွာနှုတ်ခွန်းဆက်သအပ်ပါသည်။

ရုရှား-မြန်မာဆက်ဆံရေးသည် အမြင့်သို့ တက်လှမ်းလျက်ရှိနေပါသည်။ မိမိတို့အနေဖြင့် နိုင်ငံရေးအရ ထိတွေ့ဆက်ဆံမှုများနှင့် ကုန်သွယ်ရေး၊ စီးပွားရေး၊

စာမျက်နှာ ၁၈ ကော်လံ ၄

## အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေး



**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပသည်။

စာမျက်နှာ ၁၈ ကော်လံ ၁

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပစဉ်။




ရတနာပုံ
၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်
အယ်ဒီတာ့အာဘော်

# (၆၅)နှစ်မြောက် မြန်မာ-ရုရှား သံတမန်ဆက်သွယ်ထူထောင်မှုကို ဂုဏ်ပြု

မြန်မာ-ရုရှား သံတမန်ဆက်သွယ်ထူထောင်မှုသည် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီး တစ်လအကြာ ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလကတည်းကပင် စတင်ခဲ့ရာ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်သည် မြန်မာ-ရုရှား သံတမန်ဆက်သွယ်ထူထောင်မှု (၆၅)နှစ်မြောက် စိန်ရတုသို့တိုင်ပြီဖြစ်သည်။

ကာလရှည် ချစ်ကြည်ရင်းနှီးခဲ့သော မြန်မာ-ရုရှား နှစ်နိုင်ငံသံတမန်ဆက်သွယ်မှုသည် ပြီးခဲ့သည့်ဆယ်စုနှစ် နှစ်စုကျော်အကြာတွင် ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများဖြင့် ပိုမိုသက်ဝင်လာခဲ့သည်။ ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီကဲ့သို့သော ကမ္ဘာ့စင်မြင့်များတွင် ရုရှားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံဘက်မှ ရပ်တည်ပေးခဲ့သည့်သာဓကများစွာရှိခဲ့သည်။

မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် ပထဝီအနေအထားအရ မိုင်ပေါင်း ၄၀၀၀ ကျော် ကွာဝေးနေသော်လည်း ယနေ့မျက်မှောက်ကာလတွင် နှစ်နိုင်ငံအကြား သံတမန်ဆက်သွယ်ထူထောင်မှုမှာ မဟာဗျူဟာမိတ်ဖက် အဆင့်အတန်းဖြင့် ညီအစ်ကိုရင်းများသဖွယ် ချစ်ခင်ရင်းနှီးစွာဖြင့် တည်တံ့လျက်ရှိသည်။ သမိုင်းကြောင်းကို ပြန်ပြောင်းလေ့လာကြည့်မည်ဆိုလျှင်လည်း ယနေ့ကာလသည် နှစ်နိုင်ငံသံတမန်ဆက်သွယ်ထူထောင်မှုတွင် အထွန်းလင်းအတောက်ပဆုံးအချိန်ဟု ဆိုနိုင်ပါသည်။

မျက်မှောက်ခေတ် မြန်မာနှင့် ရုရှား သံတမန်ဆက်သွယ်ထူထောင်မှုသည် အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ပိုမိုခိုင်မာကြောင်း တွေ့ရမည်ဖြစ်သည်။ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် ရန်ကုန်မြို့၌ မြန်မာ-ရုရှား ပူးပေါင်းတည်ထောင်သည့် နျူကလီးယားနည်းပညာသတင်းအချက်အလက်စင်တာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်ကိုတွေ့ရသည်။

လူ့စွမ်းအားအရင်းအမြစ်သည် ခေတ်မီတပ်မတော်တည်ဆောက်ရေးတွင် အဓိကကျသော အခန်းကဏ္ဍမှပါဝင်လျက်ရှိသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ တာဝန်ယူချိန်မှစတင်ကာ တပ်မတော်အတွင်း လူ့စွမ်းအားအရင်းအမြစ်တိုးတက်ရေးကို ဦးစားပေးလုပ်ဆောင်ခဲ့သည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံအပါအဝင် ပြည်ပနိုင်ငံများသို့ ပညာတော်သင်အများအပြား စေလွှတ်ခဲ့သည်။ ယခုအခါ ရုရှားနိုင်ငံတွင် ဘွဲ့လွန်သင်တန်းတက်ရောက်ပြီးစီးအောင်မြင်သည့် တပ်မတော်အရာရှိဦးရေ ၆၀၀၀ ကျော်အား မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်သည်။

သို့ဖြစ်ရာ မြန်မာ-ရုရှား နှစ်နိုင်ငံသည် သံတမန်ဆက်သွယ်ထူထောင်မှုကောင်းမွန်သည်သာမက တပ်မတော်နှစ်ရပ်အကြား မိတ်ဆွေကောင်းပီသစွာဖြင့် ဆက်ဆံရေးကောင်းများကို တည်ဆောက်နိုင်ခဲ့သည်။ ထို့ပြင် စစ်ဘက်နည်းပညာပူးပေါင်းဆောင်ရွက်မှုကဏ္ဍသည် အောင်မြင်စွာဆောင်ရွက်နိုင်သကဲ့သို့ အရပ်ဘက်ဆက်ဆံရေး၊ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကဏ္ဍတို့တွင်လည်း ခိုင်မာသည့်ဆက်ဆံရေးသမိုင်းကောင်းကို ဆက်လက်တည်ဆောက်သွားရမည်ဖြစ်သည်။ ထို့ကြောင့် (၆၅)နှစ်မြောက် မြန်မာ-ရုရှား သံတမန်ဆက်သွယ်ရေးထူထောင်မှု စိန်ရတုမှသည် ကမ္ဘာတည်သရွေ့ ဆက်လက် အဓွန့်ရှည်တည်တံ့ခိုင်မြဲပါစေကြောင်း ဂုဏ်ပြုရေးသားလိုက်ရပါသည်။

# မန္တလေး ဂေါဝိန်ဆိပ်ကမ်းမှ သပိတ်ကျင်းနှင့်ကသာဘက်သို့ ဆန်သီးသန့်တင်ပို့သည့် ကုန်တင်သင်္ဘောအစီးရေ ၁၁၀ ကျော်ရှိလာ



**မန္တလေး ဖေဖော်ဝါရီ ၁၇**

မန္တလေး ဂေါဝိန်ဆိပ်ကမ်းမှ သပိတ်ကျင်းနှင့် ကသာဘက်သို့ ဆန်သီးသန့်တင်ပို့သည့် ကုန်တင်သင်္ဘောအစီးရေ ၁၁၀ ကျော်ရှိလာကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောပြ၍ သိရသည်။

ဂေါဝိန်ဆိပ်ကမ်းမှသပိတ်ကျင်းနှင့် ကသာဘက်သို့ ဆန်၊ ကြက်သွန်၊ ဧရာတ်နှင့် အခြားကုန်စည်အမျိုးမျိုးကို တင်ပို့လျက်ရှိကြောင်း၊ ၎င်းကုန်စည်များထဲတွင် ဆန်တင်ပို့မှုမှာ အများဆုံးဖြစ်နေပြီး ယခုအခါ ဆန်သီးသန့်တင်ပို့သည့် ကုန်တင်သင်္ဘောအစီးရေမှာ ယခင်ကထက် ပိုမိုများပြားလာကြောင်း သိရသည်။

"အခုလတ်တလော ဂေါဝိန်ဆိပ်ကမ်းကနေ သပိတ်ကျင်းနဲ့ ကသာဘက်ကို ဆန်တင်ပို့မှုက တော်တော်လေး များလာတယ်။ သပိတ်ကျင်းနဲ့ ကသာဘက်ကနေ ဆန်မှာယူမှု များလာတာကြောင့် မန္တလေး ဂေါဝိန်ဆိပ်ကမ်းကနေ ဆန်တင်ပို့တဲ့ ကုန်တင်သင်္ဘောတွေ ပြန်များလာတယ်။ နောက်ပြီး ကသာ၊ ထီးချိုင့်၊ ဗန်းမော် စတဲ့ မြို့တွေကို အခြားကုန်စည်တွေဖြစ်တဲ့ ဧရာတ်၊ ကြက်သွန်အပြင် အဝတ်အထည်၊ အထည်အလိပ်နဲ့လူသုံးကုန်ပစ္စည်းတွေတင်ပို့တဲ့ ကုန်တင်သင်္ဘောတွေလဲ အနည်းငယ်ရှိပါတယ်"ဟု ဦးဝင်းမောင်က ဆက်လက်ပြောပြသည်။

ဂေါဝိန်ဆိပ်ကမ်းမှသပိတ်ကျင်းနှင့်ကသာဘက်သို့ ဆန်သီးသန့်တင်ပို့သည့် သင်္ဘောအစီးရေမှာ ဖေဖော်ဝါရီလ ပထမပတ်က အစီးရေ ၅၀ ကျော်သာရှိခဲ့သော်လည်း ဖေဖော်ဝါရီလ ဒုတိယပတ်မှစ၍ ဆန်သီးသန့်တင်ပို့သည့် သင်္ဘောအစီးရေ ၁၁၀ ကျော်ထိ ရှိလာကြောင်း သိရသည်။

မန္တလေး ဂေါဝိန်ဆိပ်ကမ်းမှ ထီးချိုင့်၊ ကသာ၊ ဗန်းမော် စသည့်မြို့များသို့ ကုန်ပစ္စည်းများ တင်ပို့သည့် ကုန်တင်သင်္ဘော စုစုပေါင်း အစီးရေ ၂၀၀ ကျော်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ သိရသည်။ (၁၈၄)

# လူမှုဖူလုံရေးအာမခံအလုပ်သမား၏ ကျန်ရစ်သူအကျိုးခံစားခွင့်နှင့် ဆေးဖိုးကုန်ကျငွေများ ခွင့်ပြုထုတ်ပေး

**မန္တလေး ဖေဖော်ဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသည့် အာမခံအလုပ်သမား၏ ကျန်ရစ်သူအကျိုးခံစားခွင့်နှင့် ဆေးဖိုးကုန်ကျငွေများကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး၌ ခွင့်ပြုထုတ်ပေးခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ တာဝန်ခံအရာရှိ ဦးသန်းနိုင်ဦးက ပြောပြ၍ သိရသည်။

အဆိုပါ အကျုံးဝင်မှတ်ပုံတင်ထားသည့် အာမခံအလုပ်သမားတစ်ဦး၏ ကျန်ရစ်သူအကျိုးခံစားခွင့်နှင့် အာမခံအလုပ်သမားတစ်ဦး၏ ဆေးဖိုးကုန်ကျငွေများကို ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ ကျန်ရစ်သူအကျိုးခံစားခွင့်အတွက် ခွင့်ပြုငွေကျပ်သိန်း ၄၀ ကျော်နှင့် ဆေးဖိုးကုန်ကျငွေကျပ် ၁၉ သိန်းကျော် စုစုပေါင်း ငွေကျပ် ၅၉ သိန်းကျော်ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

"လူမှုဖူလုံရေးရုံးအဖွဲ့ကနေပြီးတော့ အကျိုးခံစားခွင့်တွေအတွက် ထိထိရောက်ရောက် ပေးနေပါတယ်။ အာမခံထားတဲ့ ထည့်ဝင်ကြေးတွေ ကောက်ခံပြီးတော့ အခုလိုမျိုး လူမှုဒုက္ခကြုံလာတဲ့အခါမှာ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနဲ့အညီ အကျိုးခံစားခွင့်တွေကို အခမ်းအနားတွေလုပ်ပြီး ထုတ်ပေးပါတယ်။ ကာယကံရှင်တွေနဲ့ ဌာနဆိုင်ရာက ကိုယ်စားလှယ်တွေ တက်ရောက်ကြပါတယ်။ အကျိုးခံစားခွင့်တွေကို အလုပ်သမား မိတ်ဖက်ဌာနတွေရဲ့ ရှေ့မှောက်မှာ ထုတ်ပေးတာ ဖြစ်ပါတယ်"ဟု တာဝန်ခံအရာရှိ ဦးသန်းနိုင်ဦးက ပြောပြသည်။

ထိုသို့ အကျိုးခံစားခွင့်များ ထုတ်ပေးရာတွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် လူမှုဖူလုံရေးရုံးခွဲနှင့် ပြည်ကြီးတံခွန်မြို့နယ် လူမှုဖူလုံရေးရုံးခွဲတို့တွင် အကျုံးဝင် မှတ်ပုံတင်ထားသော အလုပ်ဌာနတို့မှ အာမခံအလုပ်သမားနှစ်ဦးအတွက် ကျန်ရစ်သူအကျိုးခံစားခွင့်နှင့် ဆေးဖိုးကုန်ကျငွေများကို တိုင်းဒေသကြီး လူမှုဖူလုံရေးရုံးတွင် ထုတ်ပေးခဲ့ကြောင်း သိရသည်။

(၁၈၅)

# တစ်ပတ်အတွင်း မန္တလေး မြေဈေးကွက်

**မန္တလေး ဖေဖော်ဝါရီ ၁၇**

မန္တလေး အိမ်ခြံမြေဈေးကွက်တွင် ယခုအချိန်ထိ ဈေးကွက်ကျဆင်းနေဆဲဖြစ်ပြီး အရောင်းအဝယ်ပြုလုပ်ကြရာတွင်လည်း ခေါ်ဈေး၏ ၁၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းထိ ဈေးလျှော့ရောင်းချနေရကြောင်း အိမ်ခြံမြေ ဈေးကွက်အတွင်းမှ သိရသည်။

ခေါ်ဈေးထက် ဈေးလျှော့ရောင်းချနေရမှုတွင် ဈေးကွက်တောင်းဆိုမှုအရ စိတ်ဝင်စားမှုအမြင့်ဆုံး၊ ဈေးနှုန်းအသင့်အတင့်နှင့် လူနေထိုင်မှုများပြားလာသော မြို့သစ်ရပ်ကွက်များ၊ ချမ်းမြသာစည်မြို့နယ် အရှေ့ခြမ်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ ပုသိမ်ကြီးမြို့နယ် အရှေ့ခြမ်းရှိ ရပ်ကွက်များတွင် အများဆုံးဝယ်ယူကြကြောင်း အိမ်ခြံမြေအကျိုးတော်ဆောင်များထံမှ သိရသည်။

"အိမ်ခြံမြေဈေးကွက် ပြန်ကောင်းလာနိုင်တယ်လို့ မျှော်လင့်ထားကြပေမဲ့လဲ ထင်သလောက်ဖြစ်မလာသေးပါဘူး။ ဒါပေမဲ့လဲ အခုလပိုင်းထဲမှာတော့ ဈေးကွက်ထဲကို ရင်းနှီးမြှုပ်နှံမှုလုပ်မဲ့သူတွေလဲ ပြန်ဝင်လာတယ်လို့ ပြောရမှာပါ။ ရင်းနှီးမြှုပ်နှံမှုကြီးမားတဲ့ ဝယ်လက်မျိုးတွေတော့ မဟုတ်ပါဘူး။ တန်ဖိုးနည်း အကွက်ရိုက်မြေကွက်တွေကတော့ ဝယ်လိုအားအများဆုံးပါ"ဟု ပုသိမ်ကြီးမြို့နယ်မှ အိမ်ခြံမြေအကျိုးတော်ဆောင် ဦးအေးဝင်းက ပြောပြသည်။

အရောင်းအဝယ်ဖြစ်နေသည့် အကွက်ရိုက်မြေကွက်များမှာ ချမ်းမြသာစည်မြို့နယ် အရှေ့ခြမ်းရှိ အကွက်ရိုက်မြေကွက်များ၊ ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့်ပုသိမ်ကြီးမြို့နယ်ရှိ ကျေးရွာမြေများဖြစ်ကြောင်း သိရသည်။

အင်္ဂါးဈေးကွက်တွင် မြရည်နန္ဒာ၊ အောင်ပင်လယ်၊ စက်မှု(၁) အရှေ့ခြမ်း၊ ရွှေယာဉ်မွန်၊ နန်းဦးလွင်၊ သရက်ကုန်း၊ မဲခင်းကုန်း၊ ကျွဲရေကုန်း၊ ထိန်ကုန်း စသည့် ရပ်ကွက်များတွင် ဌားရမ်းနေထိုင်မှု ပို၍များပြားကြောင်း သိရသည်။

အိမ်ခြံမြေဈေးနှုန်းများအနေဖြင့် မြို့သစ်ပိုင်း (မြို့သစ် ၁၊ ၂၊ ၃၊ ၄ ၊ ၅) လမ်းမတန်းမြေကွက်များမှာ ငွေကျပ် သိန်း ၂၀၀၀ နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၅၀၀ မှ သိန်း ၁၇၀၀ ခန့်၊ စက်မှုဇုန်နှင့်အနီးဝန်းကျင်ရပ်ကွက်များမှ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၂၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်၊ ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့် ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ်သိန်း ၅၀၀ နှင့်အထက်၊ အမရပူရမြို့နယ် ရပ်ကွက်အတွင်းပိုင်းရှိ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၈၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၃၀၀ မှ သိန်း ၁၀၀၀ ခန့်၊ လမ်းမတန်းကြီးများတွင် လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၁၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်ရှိကြောင်း အိမ်ခြံမြေအကျိုးတော်ဆောင် ဦးအေးဝင်းထံမှ သိရသည်။

(၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဖောင်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ရုရှား - မြန်မာ (၇၅)နှစ်တာ စိန်ရတုခရီးလမ်းမှသည်. . .

နွေကုံကော်(မြို့လှ)

**သူတို့အခေါ် ရပ်ဆီးယား ကျွန်တော်တို့အခေါ် ရုရှား။ သူတို့အခေါ် မာ့စ်ကဗား ကျွန်တော်တို့အခေါ် မော်စကို။**

ဘဝရဲ့အမှတ်တရအရှိဆုံးထဲက အမှတ်တရတစ်ခုကို ရွေးထုတ်ပြပါဆိုလျှင် ရုရှားနိုင်ငံတွင် ပညာသင်ခဲ့ဖူးသည့် အချိန်ကာလကို ညွှန်ပြရမည်ဖြစ်ပါသည်။ ၂၀၀၉ ခုနှစ် စက်တင်ဘာလမှ ၂၀၁၂ ခုနှစ် ဇူလိုင်လ ဆန်းပိုင်းထိ ရုရှားနိုင်ငံ မော်စကိုမြို့တွင်ရှိသော မော်စကိုမီးရထားတက္ကသိုလ်တွင် ကျွန်တော်အပါအဝင် အခြားသင်တန်းသားများ တက်ရောက်ခဲ့ကြသည်။ ယနေ့ဆိုလျှင် ရုရှားမှ ပြန်လာခဲ့သည်မှာ ၁၁ နှစ်ကျော်ခဲ့ပြီဖြစ်၏။ ပြန်တွေးကြည့်လျှင် အိပ်မက်တစ်ခုနှယ်ပင်ရှိနေသေး၏။ ကျွန်တော်နှင့် ရုရှားနိုင်ငံ၏ ဆုံစည်းမှုသည် သက်တမ်းအားဖြင့် သုံးနှစ်ခန့်သာရှိခဲ့သော်လည်း နှလုံးသားတွင် ထာဝရ ရှင်းနှီးနေသလိုခံစားရသည်။ မကြာမီ ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ သံတမန်ဆက်ဆံမှုသက်တမ်း (၇၅) နှစ် ပြည့်မြောက်တော့မည်ဖြစ်သည်။ တိတိကျကျ ဆိုရပါလျှင် ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်မှ စတင်၍ သံတမန်ဆက်ဆံမှုပြုခဲ့ခြင်းသည် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် စိန်ရတုရက်မြတ် အခါသမယသို့ရောက်ရှိခဲ့ခြင်းဖြစ်ပေသည်။

တပ်မတော်သားဘဝမရောက်ခင် ရုရှားဟူသော အမည်နာမတစ်ခုကို ကိုးတန်းကျောင်းသားဘဝကတည်းကကြားဖူးခဲ့သည်။ ကမ္ဘာကျော် တင်းနစ်ဘုရင်မ မာရီယာရှာရာပိုဗာဟူသော အလှဧကရီကို အားကစားစိတ်ဝင်စားသူတိုင်း မသိသူမရှိကြပေ။ မြင့်မားသောအရပ်၊ တောင့်တင်းသောခန္ဓာ၊ လှပကျော့ရှင်းသောမျက်နှာနှင့် ကျွမ်းကျင်သောတင်းနစ်စွမ်းရည်များကြောင့် ပုရိသတို့အသည်းစွဲ အားကစားမယ်မှတစ်ဆင့် ရုရှားနိုင်ငံကို စတင်သတိပြုမိခဲ့သည်။ ရုရှားမတိုင်ခင် ပထမဆုံးအမျိုးသမီးအာကာသမယ်ကိုတော့ ဆိုဗီယက်ယူနီယံအနေဖြင့်သာ ကြားဖူးခဲ့သော်လည်း ငယ်ရွယ်သေးသောကာလမို့ ဆိုဗီယက်အသုံးအနှုန်းအား နားထဲသိပ်မစွဲခဲ့ပေ။

ထို့နောက်ပိုင်း စစ်တက္ကသိုလ်ဗိုလ်လောင်းဘဝရောက်ချိန်တွင် ရုရှားနှင့် ပိုမိုနီးကပ်လာသည်။ ယူရိုခြေစစ်ပွဲများတွင် နာမည်ကြီး အင်္ဂလန်ကိုဖြုတ်ချခဲ့သော ရုရှားဘောလုံးအသင်းကို စတင်စိတ်ဝင်စားလာမိသည်။ တစ်ဦးကောင်းဆိုသည်ထက် အသင်းလိုက်စုစည်းမှုကောင်းကောင်းဖြင့် နာမည်ကြီးအသင်းများကို ယှဉ်ကစားနိုင်သော ရုရှားအသင်းအားသဘောကျမိသလို ရုရှားဂျာစီသည်လည်း ပရိသတ်များကြားထဲ အသိအမှတ်ပြုခြင်းခံလာရသည်။ ထို့ပြင် ကျွန်တော်တို့ကို စာပေသင်ကြားပေးသော နည်းပြအရာရှိများထဲတွင် အချို့မှာ ရုရှားနိုင်ငံမှပညာတော်သင်ပြန်လာခဲ့ကြသူများဖြစ်သည်။ အဆိုပါနည်းပြအရာရှိများကိုကြည့်လျက် ကျွန်တော်အပါအဝင် ဗိုလ်လောင်းများအားကျမိခဲ့ကြသည်။ အားကျစိတ်ဖြင့် စိတ်ဓာတ်၊ စည်းကမ်း၊ စာပေ၊ လေ့ကျင့်ရေးပိုင်းဆိုင်ရာများ ပိုမိုကောင်းမွန်အောင် ကြိုးစားခဲ့ကြသည်။ စာပေပိုင်း အထူးချွန်ကြီးမဟုတ်သော်လည်း ကဏ္ဍများအလိုက် ရမှတ်များကောင်းခဲ့သည်မို့ မဟာသိပ္ပံတန်းဝင်ရာမှတစ်ဆင့် ကျွန်တော်ရုရှားနိုင်ငံဆီ ခြေချခွင့်ရခဲ့သည်။ ပြင်ဦးလွင်တွင် ရုရှားဘာသာစကားသင်တန်းအကြိုတက်ချိန်မှစ၍ စာသင်ပေးသော ဆရာမများကိုကြည့်လျက် သူတို့တွေ၏စည်းစနစ်ရှိမှုကို မျက်ဝါးထင်ထင်မြင်ခဲ့ရပါသည်။

လေဆိပ်မှ မြို့ထဲနေရမည့်အဆောင်သို့ချီတက်စဉ်မှာပဲ သန့်ရှင်းသပ်ရပ်သည့် မြို့ပြအင်္ဂါရပ်၊ စည်းစနစ်ကျသည့် ယာဉ်သွားယာဉ်လာမှုနှင့် ပြည်သူတို့၏လှုပ်ရှားမှုများကိုမြင်တွေ့လိုက်ရသည်။ သုံးနှစ်တာကာလအတွင်း ပညာသင်ကြားခဲ့စဉ် မမေ့နိုင်ဖွယ်ဖြစ်ရပ်များကိုကြုံခဲ့ရသလို အားကျအတုယူစရာများလည်း ရရှိခဲ့ပါသည်။ ကျွန်တော်တို့အတန်းပိုင်ဆရာမ အားလ်မာဆီမှ အမှုက်စည်းစနစ်တကျပစ်သည့် အလေ့အကျင့်ကောင်းများရရှိခဲ့သလို အေဗရာမိုဗစ်ချ်ဟူသော ဆရာ့ဆီမှ အချိန်လေးစားတိကျလိုက်နာမှု၊ ထူးချွန်ကျောင်းသားကို အသိအမှတ်ပြုချီးကျူးမှု၊ ဆရာမ နာဂျဲ့ချ်သာဆီမှ စိတ်ရင်းအမှန်ဖြင့်စနစ်တကျပြောဆိုတင်ပြတတ်မှု စသည့်အတွေ့အကြုံများကို ဆရာများဆီမှရရှိခဲ့ပါသည်။ ဘတ်စကားစီးရာတွင်ဖြစ်စေ၊ မြေအောက်ရထားစီးရာတွင်ဖြစ်စေ စာအုပ်လေးများ လက်ဝယ်ကိုင်လျက် အချိန်ကိုအသုံးချကြသော ခရီးသွားပြည်သူများကလည်း ကျွန်တော့်အတွက် အထူးအဆန်းဖြစ်နေခဲ့ပါသည်။ ကုန်တိုက်ကြီးများတွင် အရက်ဝယ်သည့်အခါ ပတ်စ်ပို့ကြည့်ပြီး အသက် ၁၈ နှစ်ပြည့်ပြီလားဟု အရင်မေးတတ်ကြသည်။ ည ၁၀ နာရီနောက်ပိုင်း အရက်ဘီယာဝယ်၍မရတော့ပေ။ ကျောင်းတွင်ဖြစ်စေ၊ အဆောင်တွင်ဖြစ်စေ ဆေးလိပ်သောက်ခွင့်ပြုထားသော်လည်း နေရာများသတ်မှတ်ပေးထား၏။ ကျောင်းသားများကလည်း စည်းကမ်းကို တိကျစွာလိုက်နာကြသည်။ လမ်းပေါ်တွင် ပြီးစလွယ် အမှိုက်မစွန့်၊ တံတွေးတစ်ချက်ပင် အလွယ်တကူမထွေး။ ကျွန်တော်တို့အဖို့တော့ အားလုံးသည် အစိမ်းသက်သက်သဖွယ်ဖြစ်နေသည်။ မမြင်ဖူးသော အလေ့အထများပင်မဟုတ်ပါလား။ လူတစ်ဦးချင်းစီမှစ၍ အားလုံးသည် တူညီသောအမျိုးသားရေးအသိဖြင့် ဒီမိုကရေစီကို လိုက်နာကျင့်သုံးနေကြသည်မို့ ကျွန်တော့်အနေဖြင့် များစွာလေးစားမိသည်။ အတုယူလိုစိတ်များလည်း ဖြစ်ပေါ်လာခဲ့သည်။ ရုရှားနှင့် မြန်မာတို့၏ နှစ်နိုင်ငံဆက်ဆံရေးသည် ဂေါတမမြတ်စွာဘုရားလက်ထက်ကပင် ဗျာဒိတ်တော်ရှိခဲ့သည်ဟု မှတ်သားရပါသည်။ ကျွန်တော့်အနေဖြင့် ရုရှားနိုင်ငံသို့ ပညာတော်သင်ရောက်ခဲ့သော်လည်း ထိုစဉ်က ရုရှားနှင့်မြန်မာနိုင်ငံတော်၏ ရှေးအစဉ်အဆက်ရှိခဲ့ဖူးသော ဆက်ဆံရေးကို ကောင်းစွာမသိရှိခဲ့ပေ။ ၃-၂-၂၀၂၃ ရက်ထုတ် မြဝတီသတင်းစာပါ ဆောင်းပါးရှင် မောင်လွင်မြင့်၏ "မြန်မာ့ပဒေသရာဇ်ခေတ်နှောင်းကာလ နယ်ချဲ့ကိုလိုနီစနစ်အားတွန်းလှန်ရန် ရုရှားနိုင်ငံနှင့် နှစ်နိုင်ငံဆက်ဆံရေးတည်ထောင်ရေး ကြိုးပမ်းခဲ့မှုများ" ဆောင်းပါးကို ဖတ်ရှုခွင့်ရမှ ဇာတ်ရည်လည်စွာသိခွင့်ရခဲ့ခြင်းဖြစ်၏။ တန်ဖိုးများစွာရှိသော သမိုင်းမှတ်တမ်းတစ်ခုပင်ဖြစ်ပါသည်။ ၂၀ ရာစု အလယ်ကာလ လွတ်လပ်ရေးရပြီးမကြာမီမှာပင် တရားဝင်သံတမန်ဆက်ဆံရေးကို ထူထောင်နိုင်ခဲ့ခြင်းအားဖြင့် နှစ်နိုင်ငံရွှေလမ်းငွေလမ်းကို ထိုခေတ်အခါခေါင်းဆောင်များက အမြော်အမြင်ကြီးစွာ ဖောက်ခဲ့ကြခြင်းဖြစ်ပေသည်။

ကျွန်တော်တို့ မြန်မာကျောင်းသားများအား အခြားနိုင်ငံမှ ကျောင်းသားများထက်ပို၍ ရုရှားဆရာများက ချစ်ခင်ကြသည်ကိုသတိထားမိ၏။ အဘယ့်ကြောင့် ချစ်ရပါသနည်းဆိုလျှင် မြန်မာကျောင်းသားများသည် မြန်မာ့ယဉ်ကျေးမှုကျင့်ဝတ်များအတိုင်း ဆရာများကို ဆက်ဆံသောကြောင့်ဖြစ်ပါသည်။ ရုရှားနိုင်ငံကိုရောက်ချိန်မှစ၍ ရုရှားဘောလုံးအသင်းကို ပိုမိုအားပေးဖြစ်ခဲ့သည်။ အကျိုးဆက်အားဖြင့် ယနေ့အချိန်ထိတိုင် ကိုယ့်မြန်မာဘောလုံးအသင်းပြီးလျှင် အခြားသောနိုင်ငံတကာပွဲများ၌ ရုရှားအသင်းဘက်မှ အမာခံပရိသတ်တစ်ဦးသဖွယ် အားပေးဖြစ်ခဲ့ကြသည်။ ထိုစဉ်က ရုရှားနိုင်ငံ၏ အသင်းခေါင်းဆောင် အာရှာဗင်သည် ကျွန်တော်တို့အကြိုက်ဆုံး အားကစားသမားဖြစ်ခဲ့ပါသည်။ ရုရှားနိုင်ငံတွင်ရှိနေစဉ် ဆရာများ၏ရှင်းပြမှုဖြင့် သူတို့ဆီမှ သမိုင်းကြောင်းများကိုသိခွင့်ရခဲ့သည်။ ဒုတိယကမ္ဘာစစ်ဒဏ်ကြားမှ ရုန်းထွက်ပြီးနောက် အစိုးရအဆက်ဆက် ဦးဆောင်မှု၊ တိုင်းရင်းသားပြည်သူများ၏ စုစည်းညီညွတ်မှုစွမ်းအားတို့ဖြင့် ပြာပုံကြားမှ နိုင်ငံအားဘက်စုံတိုးတက်မှုများရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကြသည်မှာ လေးစားဖွယ်ရာပင်ဖြစ်ပါသည်။ ပို၍လေးစားဂုဏ်ယူဖွယ်ကောင်းသည်ကား ဒုတိယကမ္ဘာစစ်အပြီး ၁၆ နှစ်အကြာမှာပဲ အာကာသအထိ ခြေလှမ်းဆန့်နိုင်ခဲ့ခြင်းပင်ဖြစ်ပါသည်။ သူတို့နိုင်ငံ၏ ပညာရေးစနစ်၊ အတိတ်ကာလမှ ဇာဘုရင်စနစ်၊ သူရဲကောင်းလီနင်၊ ရင်ပြင်နီ၊ သန့်ရှင်းသပ်ရပ်သော မြို့ပြလူနေမှုစနစ်၊ စိမ်းလန်းစိုပြည်သော မြို့တွင်းပန်းခြံငယ်များမှသည် နိုင်ငံပိုင်အမျိုးသားအားကစားကွင်းဖြစ်သည့် လူဇနိကီဘောလုံးကွင်း စသည်တို့သည် ကျွန်တော့်အာရုံတွင် အမြဲကိန်းအောင်းနေခဲ့ပါသည်။

ထိုအရာများ စုဝေးလာသည့် ကျွန်တော့်နှလုံးသားတွင် စာတစ်ပုဒ်အဖြစ်ဖန်တီးချင်လာခဲ့၏။ ဤသို့ဖြင့် ရုရှား-မြန်မာ သွေးစည်းမှုဟုဆိုနိုင်သလို ရုရှားနိုင်ငံကြုံတွေ့ခဲ့ရသော သမိုင်းတစ်ကွေ့မှ ဖြစ်စဉ်များကို သင်ခန်းစာယူလျက် အမိမြန်မာနိုင်ငံတော်မှ တိုင်းရင်းသားပြည်သူအပေါင်းတို့ အတုယူလိုသောစိတ်ဖြင့် ဝတ္ထုရှည်တစ်ပုဒ်ဖန်တီးဖြစ်ခဲ့ပါသည်။ "မော်စကိုမှာ ဝေတဲ့နှင်း" ဟူသည့် ထိုဝတ္ထုရှည်စာမူသည် ၂၀၁၉ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုတွင် ပထမဆုကို ဆွတ်ခူးနိုင်ခဲ့ပါသည်။ ကျွန်တော့်ဘဝအတွက် အမှတ်တရတစ်ခုပင်ဖြစ်ခဲ့ပါသည်။ မိမိတို့ မြန်မာနိုင်ငံသည်သာ နယ်ချဲ့ကျူးကျော်မှုအောက်တွင် ခါးခါးသီးသီးဆိုးဆိုးဝါးဝါး နေခဲ့ရခြင်းမဟုတ်ဘဲ နိုင်ငံတိုင်းတွင် အတိတ်ဆိုးကာလများရှိခဲ့ဖူးသည်။ ထိုအတိတ်ဆိုးများမှ ရုန်းထွက်လျက်ခေတ်သစ်နိုင်ငံတော်ကို ထူထောင်စေလိုခြင်းမှာ ကျွန်တော့်ရင်ထဲကဆန္ဒမှန်ပင်ဖြစ်သည်။ ၂၀ ရာစု ကုန်ခါနီးမှာပဲ အင်အားတောင့်တင်းခိုင်မာခဲ့သည့် ဆိုဗီယက်ယူနီယမ်ကြီးပြိုကွဲခဲ့ရသည်။ အကြောင်းရင်းမှာ နယ်ချဲ့သွေးထိုးလှုံ့ဆော်မှုကြောင့်ပင်ဖြစ်၏။

ထိုသို့သော သမိုင်းဆိုးကြုံတွေ့ခဲ့ရသဖြင့် ယနေ့အချိန်တွင် ရုရှားနိုင်ငံသည် ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက် ကောင်းမွန်သည်ဟူသည့်အတိုင်း နိုင်ငံတော်လုံခြုံရေးနှင့် ယင်းတို့၏အမျိုးသားအကျိုးစီးပွားအတွက် ဆောင်ရွက်သင့်သည်မှန်သမျှကို ပြတ်ပြတ်သားသားဆောင်ရွက်နေသည်ကို တွေ့ရှိရပေသည်။

တရားဝင်သံတမန်ဆက်ဆံမှုထူထောင်ပြီးချိန်မှစ၍ နိုင်ငံအချင်းချင်း အပြန်အလှန်ယဉ်ကျေးမှု၊ ကုန်သွယ်မှုများပြုခဲ့ကြသလို အားကစားကဏ္ဍတွင်လည်း မြန်မာနိုင်ငံသို့ ရုရှားဘောလုံးနည်းပြများလာရောက်နည်းပြပေးခဲ့ကြလေသည်။ အောင်မြင်မှုများလည်းရရှိခဲ့ကြ၏။ ခေတ်အဆက်ဆက်အစိုးရများအနေဖြင့် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒနှင့်အတူ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကို လိုက်နာကျင့်သုံးကာ ရပ်နီးရပ်ဝေး နှစ်နိုင်ငံသံတမန်ဆက်ဆံရေးများထူထောင်ခဲ့ကြသော်လည်း နိုင်ငံတော်ကာကွယ်ရေးနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့်အမြင်ရှိသည့် ခေါင်းဆောင်များလက်ထက်တွင် မဖြစ်မနေလိုအပ်သောပြည်ပအတတ်ပညာများရရှိရေးအတွက် လူသားအရင်းအမြစ်များကို ရရှိအောင်ဆောင်ရွက်ခဲ့ကြသည်။ မိမိတို့နိုင်ငံအကြီးအကဲသည် တပ်မတော်အကြီးအကဲအဖြစ် စတင်ထမ်းဆောင်ချိန်မှစ၍ ရုရှား-မြန်မာဆက်ဆံရေးအရှိန်အဟုန်ဖြင့် ပိုမိုတိုးတက်ကောင်းမွန်လာခဲ့ပြီး နှစ်နိုင်ငံတိုးတက်ဖြစ်ထွန်းမှုအတွက် အထောက်အကူကောင်းများရရှိစေခဲ့သည်ကို တွေ့ရှိရပါသည်။ မြန်မာ့အရေးနှင့်ပတ်သက်၍ နိုင်ငံတကာ စားပွဲဝိုင်းများ၊ စာမျက်နှာများထက် အမှန်တရားကိုရှေ့ရှုကာ မိတ်ဆွေကောင်းဟူသည့်ခံယူချက်ဖြင့် ရုရှားနိုင်ငံက မားမားမတ်မတ်ရပ်တည်ပေးခဲ့သလို ရုရှားအရေးနှင့်ပတ်သက်၍လည်း မြန်မာနိုင်ငံက ထိုသို့သာကျင့်သုံးခဲ့ပါသည်။




စာမျက်နှာ ၅ သို့ ➤

# ၂၀၂၃ ခုနှစ် (၇၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ဒို့တာဝန်အရေး(၃)ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အား တပ်မတော်၏အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး။

(ခ) ပါတီစုံဒီမိုကရေစီစနစ် လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေး။

(ဃ) ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသောပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## ကန့်ဘလူမြို့နယ်တွင် ဆောင်းဆီထွက်သီးနှံ ၂၀၁၀၆၂ ဧက စိုက်ပျိုးပြီးစီး

**ကန့်ဘလူ ဖေဖော်ဝါရီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၂၀၁၀၆၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၂၀၉၃၈၆ ဧကစိုက်ပျိုးရန်လျာထားပြီး ၂၀၂၂ ခုနှစ် စက်တင်ဘာလက စတင်စိုက်ပျိုးခဲ့ရာ ယခုအခါ ဆီထွက်သီးနှံ ၂၀၁၀၆၂ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

“ဒီနှစ် ဆောင်းရာသီကာလ ကန့်ဘလူမြို့နယ်မှာ ဆီထွက်သီးနှံ ၂၀၉၃၈၆ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ အခု ၂၀၁၀၆၂ ဧက စိုက်ပျိုးနိုင်ခဲ့တယ်။ ဆီထွက်သီးနှံ စိုက်ပျိုးမှုအနေနဲ့ ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် တိုးချဲ့စိုက်ပျိုးနေတာပါ။ ဆီထွက်သီးနှံစိုက်ပျိုးမှုအနေနဲ့ အထွက်နှုန်းကောင်းတဲ့ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့၊ စိုက်နည်းစနစ်တွေ၊ ဓာတ်မြေဩဇာ အချိုးကျသုံးစွဲတတ်ဖို့ နည်းပညာတွေ ဆောင်ရွက်ပေးနေပါတယ်” ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် ဆီထွက်သီးနှံကေ စိုက်ပျိုးပြီးစီးမှုအနေဖြင့် မြေပဲ ၉၅၂၉၈ ဧက၊ နှမ်း ၉၆၇၇၈ ဧက၊ နေကြာ ၃၀၃၃ ဧက၊ ပန်းနှမ်း ၅၄၂၀ ဧက၊ မုန်ညင်း ၅၃၂ ဧက စုစုပေါင်း ၂၀၁၀၆၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ လျာထားစိုက်ဧကအနေဖြင့် ကန့်ဘလူမြို့နယ်တွင် မြေပဲ ၁၀၂၆၁၃ ဧက၊ နှမ်း ၉၇၇၈၁ ဧက၊ နေကြာ ၂၉၆၈ ဧက၊ ပန်းနှမ်း ၅၄၃၁ ဧက၊ မုန်ညင်း ၅၉၃ ဧက စုစုပေါင်း ၂၀၉၃၈၆ ဧက စိုက်ပျိုးရန်လျာထားကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီး ဌာနမှ သိရသည်။

(၂၀၆)

➤ စာမျက်နှာ ၄ မှအဆက်

အပြန်အလှန် မိတ်ဆွေကောင်းသဖွယ်၊ ဆွေမျိုးသားချင်းများပမာ ဆက်ဆံကြသော မြင်ကွင်းများကို မြင်တွေ့နေရသည့်အတွက် ဖတ်ခဲ့ဖူးသော လောကနီတိပါ မိတ်ဆွေကဏ္ဍကို သတိရမိပါသည်။ ရောဂါဝေဒနာ ကျရောက်စွဲကပ်သောအခါ၌လည်းကောင်း၊ ငတ်မွတ်ခေါင်းပါး ဘေးဒုက္ခရောက်သောအခါ၌လည်းကောင်း၊ ဥစ္စာစည်းစိမ် ဆုံးရှုံးပျက်စီးသောအခါ၌လည်းကောင်း၊ ရန်သူဖမ်းဆီးခြင်းခံရသောအခါ၌လည်းကောင်း၊ တရားရုံး၌ အမှုကို ရင်ဆိုင်ရသောအခါ၌လည်းကောင်း၊ နာရေးကိစ္စဗျာပနနှင့် ကြုံရသောအခါ၌လည်းကောင်း အကြင်အပေါင်းအဖော်သည် မိမိနှင့်အတူ ရပ်တည်ပေ၏။ ထိုသူသည် အဆွေခင်ပွန်းကောင်းမည်၏ဟူ၍ လောကနီတိတွင်ဖော်ပြထားသည်ကို မှတ်သားရပါသည်။ ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ကျန်းမာရေးဆိုင်ရာဆေးဝါးထောက်ပံ့ပေးမှုများ၊ စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ၊ နည်းပညာပိုင်းဆိုင်ရာ မျှဝေဆောင်ရွက်မှုများ၊ စိုက်ပျိုးရေးနှင့်ပတ်သက်သည့် အတတ်ပညာနည်းပညာများအပြင် စစ်ဘက်ဆိုင်ရာ ပူးပေါင်းလေ့ကျင့်ခြင်းများသည် အမိနိုင်ငံတော်ကောင်းကျိုးအတွက် အပြုသဘောဆောင်သည့် အကျိုးရလဒ်များပင်ဖြစ်ပေသည်။

ရှေးမြန်မာမင်းများလက်ထက်မှစကာ ရုရှား-မြန်မာဆက်ဆံရေးသည် အမြဲထာဝစဉ် ချစ်ခင်လေးစားမှုကို ပြသခဲ့ကြောင်းတွေ့ရှိရ၏။ ပထဝီအနေအထားအားဖြင့် မိုင် ၄၀၀၀ ကျော်ကွာဝေးသော်ငြား တကယ့်မိတ်ဆွေရင်းသွေးသားရင်းများပမာ ချစ်ခင်စိတ်ကိုပြကြ၏။ ခင်ရာဆွေမျိုး မြိန်ရာဟင်းကောင်းဖြစ်ဖို့ရာ၌ အနေနီးခြင်း အနေဝေးခြင်းများက ပဓာနမကျကြောင်း ရုရှား-မြန်မာ ဆက်ဆံရေးက သက်သေထူလျက်ရှိပေသည်။ ယနေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် ခရီးသွားလာရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍများအပါအဝင် အခြားသောကဏ္ဍစုံ၌ ပိုမိုအရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိနေသည်ကို တွေ့ရှိရပါသည်။ တစ်နည်းအားဖြင့် ရုရှားနှင့် မြန်မာနိုင်ငံတို့မှ တိုင်းပြည်အပေါ် အမှန်တကယ်ချစ်မြတ်နိုးသစ္စာရှိသောအကြီးအကဲများအမြော်အမြင်ကြီးသော ဆောင်ရွက်ချက်များပင်ဖြစ်ပေသည်။

ဘဝတစ်ကွေ့တွင် ကံအကြောင်းသင့်စွာ နိုင်ငံတော်မှတာဝန်ပေးအပ်ချက်အရ ရုရှားနိုင်ငံတွင် ပညာသင်ကြားခွင့်ရရှိခဲ့သူတစ်ဦးအနေဖြင့် နိုင်ငံတော်အပေါ် ကျေးဇူးတင်မိသလို အဖိုးတန်ပညာများ၊ အခြားသော သိသင့်သိအပ်ဖွယ်ပညာများ၊ နိုင်ငံခြားအတွေ့အကြုံများကိုရရှိခဲ့သဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံကိုလည်း ကျေးဇူးတင်မိပါသည်။ ဖြူစင်ရိုးသားသော သစ္စာတရားကိုအခြေခံလျက် ကောင်းမွန်သော သံတမန်ဆက်ဆံရေးများရှိခြင်းအားဖြင့် နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းရမည်မှာ မလွဲဧကန်ပင်ဖြစ်ပေသည်။ ရုရှား-မြန်မာ သံတမန်ဆက်ဆံမှု (၇၅)နှစ်ပြည့်ချိန်တွင် အတိတ်ကာလ ပညာသင်ကြားခဲ့ရမှုများကို သတိရမိသကဲ့သို့ ရှင်မဟာရဋ္ဌသာရ၏

“သောတူရှင်ဖက်၊ ဆောင်ရွက်မကင်း
အချင်းချင်းတွင်၊ အခင်းကြီးငယ်
ရှိခါဝယ်လည်း၊ မဖယ်မသွေ
ညီညာကုန်း၍ ရုန်းကြလေ” ဟူသော

လက်သစ်တောင်တာဆုံးမစာနှင့်

“ပေးကမ်းချိုးမြှင့်၊ ကိုယ်နှင့်ယှဉ်ထား
စီးပွားဆောင်ရွက်၊ နူတ်မြွက်ချိုသာ
သစ္စာမှန်စေ ဝတ်ငါးထွေ၊
ကျင့်လေမိတ်သဟာ” ဟူသော မိတ်ဆွေ

ကျင့်ဝတ်တို့ကို နားထဲပြန်ကြားယောင်လာမိပါသည်။ မြတ်စွာဘုရားဟောဒိတ်တော်မူတစ်ဆင့်အစပြုလာပြီး ရှေးမြန်မာမင်းများအစဉ်အဆက်မှ လက်ဆင့်ကမ်းခဲ့သည့် ရုရှား-မြန်မာ နှစ်ပြည်ထောင်သွေးစည်းချစ်ကြည်မှုသည် နောင်နှစ်ပေါင်း ထောင်သောင်းများစွာတိုင် ထားရှိခဲ့ပြီးသော မိတ်ကောင်းဆွေမွန်ကျင့်ဝတ်များအတိုင်း ဆက်လက်လျှောက်လှမ်းနိုင်မည်ဟု ကျွန်တော့်အနေဖြင့် ခိုင်မာလေးနက်စွာယုံကြည်မိပါသည်။ ။

## သစ္စာမြဲခိုင် တူပြိုင်ချီစို့

\- ချစ်တဲ့သူငယ်လေ
တစ်မြေဖွားချင်း တို့သွေးရင်းတို့ရေ။

\- ဘေးဘိုးစဉ်လာ ပြည်မြန်မာဝယ်
တူစွာစွဲမြဲ ခိုင်လက်တွဲကာ
မခွဲစည်းလုံးခဲ့ကြတယ်။

\- ကျူးကျော်လာမူ တို့ရန်သူကို
လှန်ယူ ချေမှုန်းခဲ့ကြတယ်။

\- ကိုယ့်ဆန်စပါး ကိုယ့်သားငါးကို
ကိုယ်စားပိုင်ခွင့်ရခဲ့တယ်။

\- ကိုယ့်မျိုးဘာသာ သာသနာကို
ကာကွယ်စောင့်ရှောက်ခဲ့ကြတယ်။

\- ကြီးငယ်ကြောင်းကုန် အဖုံဖုံကို
တူစုံဖြေရှင်းနိုင်ခဲ့တယ်။

\- ကိုယ့်ဥယျာဉ်နန်း ကိုယ့်စခန်းမှာ
ပွင့်ပန်းကြိုင်လှိုင် စေခဲ့တယ်။

\- ဦးတည်လျှောက်လှမ်း ငါတို့လမ်းမှာ
ဘေးဘျမ်း ကင်းကွာစေခဲ့တယ်။

\- ခက်ခဲများစွာ ကျော်လွှားကာဖြင့်
ကိုယ့်တာပန်းတိုင် လျှောက်ခဲ့တယ်။

\- ယခုအခါ သည်စဉ်လာကို
ဖယ်ခွာမဖျောက်ဖျက်သင့်တယ်။

\- သပ်လျှိုစဉ်းလဲ ဘယ်သူခွဲလည်း
သွေးမကွဲဘဲ စည်းလုံးမယ်။

\- ငါတို့လက်တွေ မပြုတ်ချေသော်
ရန်ထွေထွေလည်း အောင်နိုင်မယ်။

\- အလိုလေ့အိုင်
ဘယ်သူတွေ ဘယ်လိုဖျက်လည်း
မပျက်ပါ သစ္စာခိုင်လို့
တို့တူပြိုင် ချီတက်မြဲကွယ်
အောင်ပွဲသို့လေး။ ။

**ညွန့်ဝင်း(နတ်တလင်း)**


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

# နိုင်ငံတကာ သတင်းများ

# ယူကရိန်းစစ်ရေးပဋိပက္ခနှစ်ပတ်လည်နေ့တွင် တရုတ်သမ္မတ ရှီကျင့်ဖျင် ငြိမ်းချမ်းရေးမိန့်ခွန်းပြောကြားမည်



**ရောမ ဖေဖော်ဝါရီ ၁၇**

ယူကရိန်း စစ်ရေးပဋိပက္ခ နှစ်ပတ်လည်ငြိမ်းချမ်းရေးမိန့်ခွန်း တစ်ရပ်ကို တရုတ်သမ္မတရှီကျင့်ဖျင် ကပြောကြားမည်ဖြစ်ကြောင်းရိုက်တာ သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ရုရှားနိုင်ငံသည် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် ယူကရိန်း နိုင်ငံကို စစ်ရေးအရစတင်တိုက်ခိုက် ခဲ့ကြောင်း သိရသည်။

ယူကရိန်း စစ်ရေးပဋိပက္ခ နှစ်ပတ်လည်နေ့ဖြစ်သည့် ယခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် တရုတ် သမ္မတရှီကျင့်ဖျင်က ငြိမ်းချမ်းရေး မိန့်ခွန်းတစ်ရပ်ပြောကြားလိမ့်မည် ဟု တရုတ်ထိပ်တန်းသံတမန်ဝမ်ယိ က မိမိကို ထုတ်ပြောထားကြောင်း အီတလီနိုင်ငံခြားရေး ဝန်ကြီးက ပြောကြားခဲ့သည်။

ဥရောပခရီးစဉ်စတင်နေသည့် တရုတ်ထိပ်တန်းသံတမန် ဝမ်ယိ သည် ယနေ့တွင် အီတလီနိုင်ငံ ရောမမြို့၌ အီတလီနိုင်ငံခြားရေး ဝန်ကြီး တာဂျာနီနှင့်တွေ့ဆုံဆွေးနွေး ခဲ့ကြောင်း သိရသည်။

တရုတ်ထိပ်တန်းသံတမန် ဝမ်ယိ နှင့်တွေ့ဆုံဆွေးနွေးစဉ် ယူကရိန်း စစ်ရေးပဋိပက္ခ အဆုံးသတ်နိုင် ရေးအတွက် ရုရှားနိုင်ငံကို ဆွေးနွေး ရေးလမ်းစဉ် ကျင့်သုံးရေးအတွက် စည်းရုံးပေးရန် တောင်းဆိုခဲ့ကြောင်း အီတလီနိုင်ငံခြားရေး ဝန်ကြီးက ပြောကြားခဲ့သည်။

တရုတ်ထိပ်တန်း သံတမန် ဝမ်ယိသည် ဥရောပခရီးစဉ်အတွင်း ဂျာမနီနိုင်ငံ မြူးနစ်မြို့၌ ကျင်းပ မည့် မြူးနစ်လုံခြုံရေးညီလာခံသို့ တက်ရောက်မည်ဖြစ်သည်။ KKO

# ထိုင်းလွှတ်တော်ဖျက်သိမ်းရမည့်နေ့ကို ထိုင်းဝန်ကြီးချုပ် စီစဉ်ထားသော်လည်း မကြေညာသေး

**ဗန်ကောက် ဖေဖော်ဝါရီ ၁၇**

ထိုင်းဝန်ကြီးချုပ် ပရာယုချန်အိုချာသည် လက်ရှိ လွှတ်တော် ဖျက်သိမ်းမည့်အချိန်ကို ကြိုတင် သတ်မှတ်ထားကြောင်း ရိုက်တာ သတင်းဌာနက ယနေ့တွင် ဖော်ပြ ခဲ့သည်။

ထိုင်းဝန်ကြီးချုပ် ပရာယုချန်အို ချာသည် လက်ရှိအစိုးရ၏သက်တမ်း မကုန်ဆုံးမီ နောက်လကုန်ပိုင်းတွင် လွှတ်တော်ကို ဖျက်သိမ်းရန် စီစဉ် ထားသော်လည်း လွှတ်တော် ဖျက်သိမ်းမည့်နေ့ရက်အတိအကျကို ထုတ်ဖော်ပြောကြားခြင်း မရှိသေး ကြောင်း သိရသည်။

ဝန်ကြီးချုပ် ပရာယုချန်အိုချာ အနေဖြင့် လက်ရှိလွှတ်တော်ကို ရွေးကောက်ပွဲမကျင်းပမီနှင့် အစိုးရ အဖွဲ့သက်တမ်းမကုန်မီကာလတွင် ဖျက်သိမ်းမည် ဖြစ်ကြောင်း သိရသည်။

ထိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေ ပါ သတ်မှတ်ချက်များအရ ထိုင်း နိုင်ငံအနေဖြင့် ယခုနှစ် မေ ၇ ရက် မတိုင်မီ အထွေထွေရွေးကောက်ပွဲ တစ်ပွဲကျင်းပပေးရမည်ဖြစ်သည်။

ထိုင်းဝန်ကြီးချုပ် ပရာယုချန်အို ချာသည် ဝန်ကြီးချုပ်ရာထူး ဒုတိယ သက်တမ်းအတွက် ရွေးကောက်ပွဲ ပါဝင်ယှဉ်ပြိုင်ရန် ရည်ရွယ် ထားပြီး ညီညွတ်သော ထိုင်း အမျိုးသားများပါတီအမည်ရှိ ပါတီ သစ်တစ်ခုကို ကိုယ်စားပြု၍ ယင်း ရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

KKO



# ဟေတီနိုင်ငံကမ်းရိုးတန်းကမ်းလွန်သို့ စစ်သင်္ဘောများ ကနေဒါနိုင်ငံစေလွှတ်မည်

**အော့တဝါ ဖေဖော်ဝါရီ ၁၇**

လာမည့် ရက်သတ္တပတ်များ အတွင်း ဟေတီနိုင်ငံ ကမ်းရိုးတန်း ကမ်းလွန်သို့ စစ်သင်္ဘောများ စေလွှတ်ရန် ကနေဒါနိုင်ငံက စီစဉ် ထားကြောင်း ရိုက်တာသတင်းဌာန က ဖေဖော်ဝါရီ ၁၆ ရက်တွင် ဖော်ပြခဲ့သည်။

ဟေတီနိုင်ငံအနေဖြင့် လူသား ချင်းစာနာထောက်ထားမှု ဆိုင်ရာ ပြဿနာများနှင့်လုံခြုံရေးပြဿနာ များကို ရင်ဆိုင်နေရစဉ် ယင်းနိုင်ငံ ၏ကမ်းလွန်သို့ စစ်သင်္ဘောများ စေလွှတ်ရန် ကနေဒါနိုင်ငံက စီစဉ် ထားခြင်းဖြစ်သည်။

မိမိတို့အနေဖြင့် ဟေတီနိုင်ငံ ကမ်းရိုးတန်းကမ်းလွန်သို့ ကနေဒါ ဘုရင့်ရေတပ်မှ စစ်သင်္ဘောများကို စေလွှတ်မည်ဖြစ်ကြောင်း ကနေဒါ ဝန်ကြီးချုပ် ဂျပ်စတင်းထရူဒိုက ဖေဖော်ဝါရီ ၁၆ ရက်တွင် အတည် ပြုပြောကြားခဲ့သည်။

အဆိုပါ စစ်သင်္ဘောများသည် ပြီးခဲ့သည့်လက ဖြန့်ကြက်ထား သော ကနေဒါစစ်ဘက်ကင်းထောက် လေယာဉ်တစ်စင်းနှင့်အတူ ကင်း ထောက်လုပ်ငန်းများ ဆောင်ရွက် မည်ဖြစ်သည်ဟု ကနေဒါဝန်ကြီးချုပ် က ပြောကြားထားကြောင်း သိရသည်။

ဟေတီနိုင်ငံသည် ရာဇဝတ် ဂိုဏ်းအကြမ်းဖက်မှုများနှင့်ရင်ဆိုင် နေရသည့်အပြင် ကာလဝမ်းရောဂါ ပြန်လည်ပေါ်ထွက်လာမှုနှင့်လည်း ရင်ဆိုင်နေရသည်။

ရာဇဝတ်ဂိုဏ်း အကြမ်းဖက်မှု များကို ဖြေရှင်းရေးအတွက် လျှပ် တစ်ပြက်တိုက်ခိုက်ရေးနိုင်ငံတကာ တပ်ဖွဲ့တစ်ဖွဲ့ကို ဟေတီသို့စေလွှတ် ရန် ကုလသမဂ္ဂက ပြီးခဲ့သည့်နှစ် အောက်တိုဘာလတွင် အကြံပြုထား ကြောင်း သိရသည်။

KKO





# ရုရှားနှင့်ယူကရိန်းအကျဉ်းသားချင်း အပြန်အလှန်လဲလှယ်

**မော်စကို ဖေဖော်ဝါရီ ၁၇**

ရုရှားနှင့် ယူကရိန်းနိုင်ငံတို့ သည် ဖေဖော်ဝါရီ ၁၆ ရက်တွင် အကျဉ်းသားချင်း အပြန်အလှန် လဲလှယ်မှုပြုလုပ်ခဲ့ကြောင်း ရိုက်တာ သတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါ အကျဉ်းသားချင်း အပြန်အလှန်လဲလှယ်မှုအတွင်း ရုရှား နှင့်ယူကရိန်းအကျဉ်းသား ၁၀၁ ဦးစီ ပြန်လည်လွတ်မြောက်လာကြောင်း သိရသည်။

အကျဉ်းသားချင်းအပြန်အလှန် လဲလှယ်မှုကို ရုရှားနှင့်ယူကရိန်း နှစ်နိုင်ငံစလုံးက ယနေ့တွင် အတည်ပြုထားသည်။

ဖေဖော်ဝါရီ ၁၆ ရက် အကျဉ်း သားချင်းဖလှယ်ရေး အစီအစဉ် အရ ပြန်လည်လွတ်မြောက်လာ သည့် ရုရှားတပ်ဖွဲ့ဝင်များကို မော်စကိုမြို့သို့ ခေါ်ဆောင်ရန် စစ်ဘက် သယ်ယူပို့ဆောင်ရေး လေယာဉ်တစ်စင်း စေလွှတ်ထား ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီး ဌာနက ကြေညာချက်ထုတ်ပြန် ထားသည်။

အကျဉ်းသားချင်း အပြန်အလှန် ဖလှယ်မှု အစီအစဉ်အရ ပြန်လည် လွတ်မြောက်လာသည့် ယူကရိန်း တပ်ဖွဲ့ဝင်အများစုမှာ မာရီယူပိုလ်မြို့ တိုက်ပွဲ၌ ဖမ်းဆီးခံခဲ့ရသူများဖြစ် ကြောင်း ယူကရိန်းသမ္မတ ဇီလန်စကီးက ပြောကြားထားသည်။


ရုရှားနှင့် ယူကရိန်းတို့သည် ယူကရိန်းစစ်ရေးပဋိပက္ခစတင်ချိန် မှစ၍ အကျဉ်းသားချင်း အပြန် အလှန်လဲလှယ်မှုကို အကြိမ်ကြိမ် ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

KKO

# ကိုဗစ်–၁၉ ရောဂါကူးစက်မှုကို အောင်ပွဲခံနိုင်ခဲ့ကြောင်း တရုတ်ထိပ်တန်းခေါင်းဆောင်များ ကြေညာ

**ပေကျင်း ဖေဖော်ဝါရီ ၁၇**

ကိုဗစ်–၁၉ ရောဂါ ကူးစက်မှု ကပ်ဘေးကို ပြတ်ပြတ်သားသား အောင်ပွဲခံနိုင်ခဲ့ပြီဖြစ်ကြောင်း တရုတ် ထိပ်တန်း ခေါင်းဆောင်များက ယနေ့တွင် ကြေညာခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြ ခဲ့သည်။



ကိုဗစ်–၁၉ ရောဂါ ကူးစက်မှု လုံးဝကင်းစင်ရေးမူဝါဒကို ပြန်လည် ရုပ်သိမ်းခဲ့ပြီးနောက် တရုတ်နိုင်ငံ၏ ကိုဗစ်–၁၉ ရောဂါကူးစက်မှုဆိုင်ရာ ကိန်းဂဏန်းများနှင့် ပတ်သက်၍ ကျွမ်းကျင်သူများက သံသယဝင်နေ စဉ် ကိုဗစ်–၁၉ ရောဂါ ကူးစက်မှု ကပ်ဘေးကို ပြတ်ပြတ်သားသား အောင်ပွဲခံခဲ့ပြီဖြစ်ကြောင်း တရုတ် တာဝန်ရှိသူများက ကြေညာခဲ့ခြင်း ဖြစ်သည်။


တရုတ်နိုင်ငံသည် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလကုန်ပိုင်းတွင် ကိုဗစ်–၁၉ ရောဂါကူးစက်မှုလုံးဝကင်းစင် ရေးမူဝါဒကို ရုပ်သိမ်းခဲ့ရာ တရုတ် ပြည်သူ ၈၀ ရာခိုင်နှုန်းထိ ကိုဗစ်–၁၉ ရောဂါကူးစက်ခံခဲ့ရသည်။

ကိုဗစ်–၁၉ ရောဂါ ကူးစက်မှု လုံးဝကင်းစင်ရေးမူဝါဒကို ရုပ်သိမ်း ခဲ့ပြီးနောက် တရုတ်နိုင်ငံအနေဖြင့် ကိုဗစ်–၁၉ ရောဂါအပေါ် အပြတ် အသတ် အောင်ပွဲခံခဲ့ပြီဖြစ်ကြောင်း တရုတ် ကွန်မြူနစ်ပါတီပေါ်လစ်ဗျူရို အမြဲတမ်းကော်မတီက ကြေညာ ထားသည်။

ကိုဗစ်–၁၉ ရောဂါလုံးဝကင်းစင် ရေးမူဝါဒကို ရုပ်သိမ်းပြီး နှစ်လတာ ကာလအတွင်း တရုတ်ပြည်သူ ဦးရေ ၈၀၀၀၀ ခန့်သာ သေဆုံးခဲ့ရာ ကမ္ဘာပေါ်၌ ကိုဗစ်–၁၉ ရောဂါ ကြောင့် သေဆုံးမှုနှုန်းအနိမ့်ဆုံး ပမာဏဖြစ်သည်ဟု အဆိုပါ ကြေညာချက်တွင် ဖော်ပြထား ကြောင်း သိရသည်။ KKO

# SCIENCE AND TECHNOLOGY

## နေအဖွဲ့အစည်း၏ နဝမမြောက်ဂြိုဟ်ကို ရှာဖွေတွေ့ရှိနိုင်မည့် နည်းလမ်းတစ်ရပ် သိပ္ပံပညာရှင်များက အဆိုပြုထား



**ပေကျင်း ဖေဖော်ဝါရီ ၁၇**

နေအဖွဲ့အစည်း၏ နဝမမြောက်ဂြိုဟ်ကို ရှာဖွေနိုင်မည့် နည်းလမ်းတစ်ရပ်ကို သိပ္ပံပညာရှင်များက အဆိုပြုထားကြောင်း The Daily Mail သတင်းစာက ဖေဖော်ဝါရီ ၁၆ ရက်က ရေးသားတင်ပြထားသည်။

နေအဖွဲ့အစည်း၏ နဝမမြောက် ဂြိုဟ်သည် နေအဖွဲ့အစည်း အစွန်အဖျား၌ တည်ရှိနေမှုနှင့်ပတ်သက်၍ ခိုင်မာသည့်အထောက်အထားတစ်ရပ်ကို သိပ္ပံပညာရှင်များက တွေ့ရှိထားသော်လည်း လက်ရှိအချိန်ထိ ၎င်းဂြိုဟ်ကို လက်တွေ့အားဖြင့် ရှာဖွေတွေ့ရှိနိုင်မှု မရှိသေးကြောင်း သိရသည်။

သို့ရာတွင် အဆိုပါဂြိုဟ်ကို ရှာဖွေနိုင်ရေးအတွက် အဓိကသော့ချက်သည် ၎င်းဂြိုဟ်၏ ဂြိုဟ်ရံလများ၌ ရှိနေနိုင်ကြောင်း တရုတ်သိပ္ပံပညာရှင်များက အဆိုပြုထားကြောင်း သိရသည်။

နေအဖွဲ့အစည်း၏ နဝမမြောက်ဂြိုဟ်ကို အပူစာတ်ပြင်းထန်ပြီး အချင်းအားဖြင့် ၆၂ မိုင်ထိရှိမည့် ဂြိုဟ်ရံလအစင်း ၂၀ ခန့် လှည့်ပတ်နေဖွယ်ရှိသည်ဟု တရုတ်သိပ္ပံပညာရှင်များက ယူဆထားကြောင်း၊ အဆိုပါဂြိုဟ်ရံလများသည် ၎င်းဂြိုဟ်၏ ပြင်းထန်သောဖြပ်ဆွဲအားကြောင့် အပူစာတ်လွန်ကဲနေလိမ့်မည်ဖြစ်ရာ ၎င်းဂြိုဟ်ရံလများကိုမူ အလွယ်တကူရှာဖွေနိုင်ဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

နဝမြောက်ဂြိုဟ်သာ အမှန်တကယ်ရှိခဲ့ပါက ၎င်းဂြိုဟ်သည် ဖြပ်ထုအားဖြင့် ကမ္ဘာ၏ဖြပ်ထုထက် ၁၀ ဆခန့် ပိုကြီးမားနိုင်ပြီး နေကို နှစ်ပေါင်း ၁၀၀၀၀ နှင့် ၂၀၀၀၀ ကြားလျှင် တစ်ကြိမ် လှည့်ပတ်နေနိုင်ကြောင်း သိပ္ပံပညာရှင်များက ခန့်မှန်းထားသည်။

KKO

## အင်္ဂလန်နိုင်ငံ ယော့ခ်ရှိုင်းယားနယ်မြေ၌ အလျား ၂ ဒသမ ၆ ပေရှိ ဒိုင်နိုဆောခြေရာကျောက်ဖြစ်ရုပ်ကြွင်းတစ်ခုကို ရှာဖွေတွေ့ရှိထား


**လန်ဒန် ဖေဖော်ဝါရီ ၁၇**

အင်္ဂလန်နိုင်ငံ ယော့ခ်ရှိုင်းယားနယ်မြေ၌ အလျား ၂ ဒသမ ၆ ပေရှိ ဒိုင်နိုဆောခြေရာ ကျောက်ဖြစ်ရုပ်ကြွင်းတစ်ခုကို ရှာဖွေတွေ့ရှိထားကြောင်း သိပ္ပံပညာရှင်များ၏ အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက ဖေဖော်ဝါရီ ၁၆ ရက်က ရေးသားတင်ပြထားသည်။

အဆိုပါ ဒိုင်နိုဆောခြေရာ ကျောက်ဖြစ်ရုပ်ကြွင်းသည် အင်္ဂလန်နိုင်ငံ၌ ရှာဖွေတွေ့ရှိခဲ့ဖူးသမျှ ဒိုင်နိုဆောကျောက်ဖြစ်ရုပ်ကြွင်းခြေရာများအနက် အရွယ်အစားအကြီးမားဆုံးဖြစ်ကြောင်း သိရသည်။

အဆိုပါခြေရာသည် လွန်ခဲ့သောနှစ်ပေါင်း ၁၆၆ သန်းမှ သီရိပေါ့ဒ်အုပ်စုဝင် ဒိုင်နိုဆောတစ်ကောင်၏ ခြေရာဖြစ်ကြောင်း ကျောက်ဖြစ်ရုပ်ကြွင်းဗေဒ ပညာရှင်များက ပြောကြားသည်။

ခြေရာရှင် ဒိုင်နိုဆောသည် ကိုယ်ခန္ဓာအရွယ်အစား အလျား



ပေ ၃၀ ခန့်ထိရှိတတ်သည့် မီဂါလိုဆောရပ်စ် ခေါ် အသားစားဒိုင်နိုဆောတစ်ကောင် ဖြစ်နိုင်ကြောင်း သိရသည်။

ယော့ခ်ရှိုင်းယားနယ်မြေ ကမ်းရိုးတန်းဒေသ၌ ဂျူရက်ဆစ်ခေတ် ဒိုင်နိုဆောများ၏ ကျောက်ဖြစ်ရုပ်ကြွင်းခြေရာများ ထောင်နှင့်ချီ၍ တည်ရှိနေသည်ဖြစ်ရာ အဆိုပါနယ်မြေကို သိပ္ပံပညာရှင်များက ဒိုင်နိုဆောကမ်းရိုးတန်းဟူ၍ အမည်ပေးထားကြောင်း သိရသည်။

အထက်ပါ ဒိုင်နိုဆောခြေရာများမှာ ဒိုင်နိုဆောမျိုးစိတ် ၂၅ မျိုး၏ ခြေရာများဖြစ်ကြရာ လွန်ခဲ့သောနှစ်ပေါင်း ၁၇၅ သန်းနှင့် သန်း ၂၆၀ ကြား ကာလအတွင်း ယနေ့ခေတ် ယော့ခ်ရှိုင်းယားနယ်မြေနေရာ၌ သက်ရှိမျိုးစိတ်အများအပြားပါဝင်သော ဂေဟစနစ်တည်ရှိခဲ့သည်ကို သက်သေပြနေကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

KKO

## CI2022A-2 ကြယ်တံခွန်က ဖေဖော်ဝါရီ ၁၈ ရက်တွင် နေကိုအနီးဆုံးမှတ်မှတစ်ဆင့် ဖြတ်ကျော်ပျံသန်းမည်

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၇**

CI2022A-2 အမည်ရှိ ကြယ်တံခွန်သည် ဖေဖော်ဝါရီ ၁၈ ရက်တွင် နေကိုအနီးဆုံးမှတ်မှတစ်ဆင့် ဖြတ်ကျော်ပျံသန်းမည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များ၏အဆိုကို ကိုးကား၍ Space.com သတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၁၆ ရက်က ရေးသားတင်ပြထားသည်။

နေနှင့် အနီးဆုံးမှတ်သို့ရောက်ရှိနေချိန်တွင် CI2022A-2 ကြယ်တံခွန်ကို အရွယ်အစားကြီးမားသော တယ်လီစကုပ်များ၏ အကူအညီဖြင့်သာ မြင်တွေ့နိုင်မည်ဖြစ်သည်။

CI2022A-2 ကြယ်တံခွန်ကို ပြီးခဲ့သည့်နှစ် ဇန်နဝါရီလတွင် အမေရိကန် သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါကြယ်တံခွန်သည် ယခုနှစ် ဇန်နဝါရီ ၁၇ ရက်တွင် ကမ္ဘာမြေကို အနီးဆုံးမှတ်မှ ဖြတ်ကျော်ပျံသန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ကမ္ဘာမြေကို အနီးကပ်ဖြတ်သန်းချိန်တွင် အဆိုပါကြယ်တံခွန်နှင့်ကမ္ဘာမြေတို့ကြား အကွာအဝေးမှာ မိုင်ပေါင်းသန်း ၁၅၀ ခန့်ထိ ရှိခဲ့ကြောင်း သိရသည်။

CI2022A-2 ကြယ်တံခွန်ကို ဟာဝိုင်အီကျွန်း မော်အီကျွန်းပေါ်ရှိ ဟာလီယာကာလာအမည်ရှိ ရေဒီယိုတယ်လီစကုပ်ဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ KKO

# HEALTH

## ကိုဗစ်ကာကွယ်ဆေးထိုးနှံထားခြင်းမရှိသူများ၌ ဆီးချိုရောဂါများဖြစ်နိုင်ခြေ မြင့်မားနိုင်

**နယူးယောက် ဖေဖော်ဝါရီ ၁၇**

ကိုဗစ်ကာကွယ်ဆေးထိုးနှံထားခြင်းမရှိသူများ၌ ဆီးချိုရောဂါများ ဖြစ်နိုင်ခြေ မြင့်မားလာနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက ဖေဖော်ဝါရီ ၁၆ ရက်က ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ ဆီဒါးစ်ဆိုင်နိုင်း ဆေးသုတေသနအင်စတီကျူမှ သုတေသန ပညာရှင်များသည် ကိုဗစ်ရောဂါကြောင့် ဆေးရုံတက်ခဲ့ကြရသည့် လူနာဦးရေ ၂၄၀၀၀ ခန့်နှင့် ၎င်းတို့၏ ကာကွယ်ဆေးထိုးနှံထားမှု အခြေအနေများကို လေ့လာခဲ့ကြသည်။

လေ့လာချက် ရလဒ်များအရ ကိုဗစ်ကာကွယ်ဆေး ထိုးနှံထားခြင်းမရှိသူများသည် ထိုးနှံထားသူများနှင့်နှိုင်းယှဉ်ပါက ကိုဗစ်ပျောက်ကင်းပြီးနောက် ဆီးချိုရောဂါဖြစ်နိုင်ခြေ ၂ ဒသမ ၇ ရာခိုင်နှုန်းပိုမြင့်မားနေတတ်ကြောင်း သိရသည်။

ကိုဗစ်ကာကွယ်ဆေး ထိုးနှံထားခြင်းမရှိသူများ၌ ဗိုင်းရပ်ကူးစက်ခံရချိန်တွင် ဗိုင်းရပ်ကိုပြန်လည်တုံ့ပြန်မှုပြင်းထန်တတ်ရာ ရောင်ရမ်းမှုပြသနာပေါ်ထွက်လာပြီး သွေးအတွင်း သကြားဓာတ်ပါဝင်မှုကို ထိန်းချုပ်နိုင်စွမ်း ထိခိုက်သွားနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ရောဂါလက္ခဏာ ပြင်းထန်သော ကိုဗစ်လူနာများ၌ ကိုယ်တွင်းရောင်ရမ်းမှုများကြောင့် ဆီးချိုရောဂါဖြစ်နိုင်ခြေ မြင့်မားလာနိုင်သည်ကိုတွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ကိုဗစ်ကာကွယ်ဆေး ကြိုတင်ထိုးနှံထားမှုသည် ကိုဗစ်ရောဂါကူးစက်ခံခဲ့ရပြီးနောက်ပိုင်း ဆီးချိုရောဂါဖြစ်နိုင်ခြေ မြင့်တက်လာမှုကို ထိရောက်စွာတားဆီးပေးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။ KKO

## ပုံမှန်ထက်ထွားသည့်ကလေးများ မွေးဖွားခဲ့သော အမျိုးသမီးများ၌ ပုံစံ-၂ ဆီးချိုဖြစ်နိုင်ခြေမြင့်မား

**နယူးယောက် ဖေဖော်ဝါရီ ၁၇**

ပုံမှန်ထက်ပို၍ ထွားကျိုင်းသောကလေးများ မွေးဖွားခဲ့သူအမျိုးသမီးများ၌ မီးဖွားပြီးနောက်ပိုင်းကာလများတွင် ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေ မြင့်မားလာနိုင်ကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၁၆ ရက်က ရေးသားတင်ပြထားသည်။

မွေးဖွားချိန် ကိုယ်အလေးချိန် ရှစ်ပေါင်နှင့်အထက်ရှိသည့် ကလေးများကို ပုံမှန်ထက်ထွားကျိုင်းသော ကလေးများအဖြစ် ဆေးပညာရှင်များက သတ်မှတ်ထားသည်။

အမေရိကန်နိုင်ငံ အိုဟိုင်းအိုးတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ပုံမှန်ထက်ထွားကျိုင်းသည့် ကလေးများမွေးဖွားခဲ့သူ အမျိုးသမီးများသည် ကိုယ်ဝန်ဆောင်ကာလ သွေးအတွင်း သကြားဓာတ်ပါဝင်နှုန်းမြင့်မားမှုပြသနာနှင့် ရင်ဆိုင်ရနိုင်ခြေများကြောင်း သိရသည်။

သို့ဖြစ်ရာ Glucose Intolerance ခေါ် ၎င်းပြဿနာများကြောင့် ပုံမှန်ထက်ထွားသည့် ကလေးများ မွေးဖွားလာသူ အမျိုးသမီးများ၌ နောက်ပိုင်းကာလများတွင် ပုံစံ-၂ ဆီးချို မြင့်တက်လာနိုင်ခြင်းဖြစ်ကြောင်း သုတေသန ပညာရှင်များက သုံးသပ်ထားသည်။

အမေရိကန် သုတေသနပညာရှင်များသည် အမျိုးသမီးဦးရေ ၄၀၀၀ ကျော်ကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

ထိုကဲ့သို့လေ့လာရာတွင် သုတေသနပညာရှင်များသည် အသက်အရွယ်၊ အဝလွန်မှု၊ သွေးဖိအားနှင့် မိသားစု ဆီးချိုရာဇဝင် စသည့်အချက်အလက်များကိုပါ ထည့်သွင်း တွက်ချက်ခဲ့ကြကြောင်း သိရသည်။

KKO



## နိုင်ငံတကာ အားကစားသတင်းများ

### ပရီးမီးယားလိဂ် ပွဲစဉ် (၂၄) ပွဲကြိုသုံးသပ်ချက်

ML

**မန်ယူ Vs လက်စတာ**

**ကစားမည့်ရက်/အချိန် ၁၉-၂-၂၀၂၃ (ည ၀၈း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**လက်စတာ ၀ – ၁ မန်ယူ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| မန်ယူ | – | အိမ်(သရေ) | ဝေး(နိုင်) | ဝေး(သရေ) |
| လက်စတာ | – | ဝေး(နိုင်) | ဝေး(နိုင်) | အိမ်(နိုင်) |

ပြိုင်ပွဲစုံမှာရလဒ်ကောင်းနေတဲ့ မန်ယူအသင်းအနေနဲ့ နောက်ဆုံးအိမ်ကွင်းသုံးပွဲဆက်မှာလဲ တိုက်စစ်ပိုင်းက သွင်းဂိုးခြောက်ဂိုးထိရယူနိုင်ခဲ့ပါတယ်။ လက်စတာအသင်းကလဲ မက်ဒီဆင်ပြန်လည်ပါဝင်လာပြီး နောက်ပိုင်း ကစားအားကောင်းလာပေမဲ့ မန်ယူအသင်းအိမ်ကွင်းမှာတော့ အမြတ်မ်းရှုန်းကန်ရပါတယ်။။ ဒါကြောင့် မန်ယူကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – မန်ယူ ၂ – ၁ လက်စတာ**

### အီတလီစီးရီးအေ ပွဲစဉ် (၂၃) ပွဲကြိုသုံးသပ်ချက်များ

ML

**ဖီအိုရင်တီးနား Vs အမ်ပိုလီ**

**ကစားမည့်ရက်/အချိန် ၁၉-၂-၂၀၂၃ (ည ၀၈း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အမ်ပိုလီ ၀ – ၀ ဖီအိုရင်တီးနား**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဖီအိုရင်တီးနား | – | အိမ်(ရှုံး) | ဝေး(ရှုံး) | ဝေး(နိုင်) |
| အမ်ပိုလီ | – | အိမ်(သရေ) | ဝေး(ရှုံး) | အိမ်(သရေ) |

ဖီအိုရင်တီးနားဟာ ခြေစွမ်းတည်ငြိမ်မှုမရှိသလို ကြားရက်မှာလဲ ယူရိုပါလိဂ်ကစားထားရတာကြောင့် ပွဲပန်းနေနိုင်ပြီး အခုပွဲစဉ်မှာ ရှုန်းကန်ရဖို့ များပါတယ်။ အမ်ပိုလီအသင်းကတော့ တိုက်စစ်ပိုင်းထက်မြက်လာတာကြောင့် အခုပွဲစဉ်မှာလဲ အပြန်အလှန်ဂိုးတွေနဲ့ ရမှတ်ခွဲယူဖို့ပြင်ဆင်လာမှာပါ။ ဒါကြောင့် တိုက်စစ်ထက်မြက်နေတဲ့ အမ်ပိုလီကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း – ဖီအိုရင်တီးနား ၁ – ၁ အမ်ပိုလီ**

**စပီဇီယာ Vs ဂျူဗင်တပ်**

**ကစားမည့်ရက်/အချိန် ၁၉-၂-၂၀၂၃ (ည ၁၁း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဂျူဗင်တပ် ၂ – ၀ စပီဇီယာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| စပီဇီယာ | – | ဝေး(ရှုံး) | အိမ်(ရှုံး) | ဝေး(သရေ) |
| ဂျူဗင်တပ် | – | ဝေး(နိုင်) | အိမ်(နိုင်) | အိမ်(သရေ) |

စပီဇီယာအသင်းဟာ ဒဏ်ရာရပွဲပယ်ကစားသမားတွေများနေတာကြောင့် ငါးပွဲဆက်နိုင်ပွဲပျောက်ဆုံးနေပြီး ခံစစ်ပိုင်းက ပွဲတိုင်းအနည်းဆုံးပေးဂိုးနှစ်ဂိုးရှိခဲ့တာဖြစ်ပါတယ်။ ရမှတ်လျှော့ခံထားရတဲ့ ဂျူဗင်တပ်အသင်းကတော့ ကစားသမားစုပွဲ့မှုနဲ့ တိုက်စစ်ကစားပုံမှာ စပီဇီယာထက်သာလွန်နေတာကြောင့် အခုပွဲစဉ်ကို မဖြစ်မနေအနိုင်ကစားမှာပါ။ ဒါကြောင့် ရေကုန်ရေခန်းကစားလာမဲ့ ဂျူဗင်တပ်အသင်းပဲ အနိုင်ရမှာပါ။

**အင်တာနက်ခန့်မှန်း – စပီဇီယာ ၁ – ၃ ဂျူဗင်တပ်**

### အားကစားသတင်း အတိုအထွာများ

- ပြင်သစ်ဖော်မြူလာဝမ်း အယ်လ်ပိုင်းကားအသင်းက နည်းပြဗီဒန်းကို သံတမန်အဖြစ်ခန့်အပ်ခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။
- ဘိုင်ယန်မြူးနစ်အသင်းကို ရှုံးနိမ့်ခဲ့ပြီးနောက် နည်းပြဂယ်တီယာနှင့်ပီအက်စ်ဂျီအသင်းတို့၏အနာဂတ်မှာ မရေမရာမှုများရှိလာကြောင်း သတင်းထွက်ပေါ်လျက်ရှိသည်။
- ဂျူဗင်တပ်အသင်း ကွင်းလယ်ကစားသမား ဒီမာရီယာက ဂါလာတာစာရေးအသင်း၏ ကမ်းလှမ်းမှုကို ရရှိထားသော်လည်း ယခုနှစ်ဘောလုံးရာသီကုန်ထိ အသင်းတွင်သာ ဆက်ရှိမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ML

## မန်စီးတီးအသင်းမှ ဒီဘရိုင်းကို အရာဝတ္ထုဖြင့် ပစ်ပေါက်ခဲ့သည့် အာဆင်နယ်ပရိသတ်အား အက်ဖ်အေက စုံစမ်းစစ်ဆေး




**လန်ဒန် ဖေဖော်ဝါရီ ၁၇**

ဖေဖော်ဝါရီ ၁၆ ရက်က ပရီးမီးယားလိဂ် ပွဲစဉ်အဖြစ် ကစားခဲ့သည့် မန်စီးတီးအသင်းနှင့် အာဆင်နယ်အသင်းတို့ ပွဲစဉ်တွင် မန်စီးတီးအသင်း ကွင်းလယ်ကစားသမား ဒီဘရိုင်းကို အရာဝတ္ထုဖြင့် ပစ်ပေါက်ခဲ့သည့် အာဆင်နယ်အသင်းပရိသတ်အား အင်္ဂလန်ဘောလုံးအဖွဲ့ချုပ် (အက်ဖ်အေ) က အရေးယူရန် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိနေသည်ဟု The Athletic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် မန်စီးတီးအသင်းက အဝေးကွင်းတွင် အာဆင်နယ်အသင်းကို သုံးဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဒီဘရိုင်းက အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ကာ ပွဲချိန် ၂၄ မိနစ်တွင် ဦးဆောင်ဂိုးသွင်းယူပေးနိုင်ခဲ့သကဲ့သို့ ပွဲချိန် ၈၂ မိနစ်တွင်လည်း အသင်းဖော် ဟာလန်း၏သွင်းဂိုးကို ဖန်တီးပေးနိုင်ခဲ့သူဖြစ်သည်။

အဆိုပါပွဲစဉ်တွင် ဒီဘရိုင်းသည် ပွဲချိန် ၈၇ မိနစ်က ကယ်ဗင်ဖီးလစ်နှင့်လူစားလဲခံခဲ့ရသည့်အတွက် ကွင်းဘေးမှ ထွက်ခွာခဲ့ချိန်တွင် အာဆင်နယ်အသင်း ပရိသတ်များက ဒီဘရိုင်းကို အရာဝတ္ထုများဖြင့် ပစ်ပေါက်ခဲ့ခြင်းဖြစ်ပြီး အဆိုပါပစ်ပေါက်မှုကြောင့် ဒီဘရိုင်းအနေဖြင့် ထိခိုက်ဒဏ်ရာရရှိခြင်းမရှိခဲ့သော်လည်း ကွင်းလယ်ဒိုင်လူကြီးအန်တိုနီတေလာက သတိထားမိခဲ့သည့်အတွက် ပွဲအပြီးအစီရင်ခံစာတွင် ထည့်သွင်းရေးသားခဲ့ခြင်းဖြစ်သည်။

အင်္ဂလန် ဘောလုံးအဖွဲ့ချုပ်က ကွင်းလယ်ဒိုင်လူကြီး အန်တိုနီတေလာ၏အစီရင်ခံစာကို ဖတ်ခဲ့ပြီးနောက် အဆိုပါဖြစ်ရပ်အတွက် ဗီဒီယိုရိုက်သံမှတ်တမ်းကို စတင်စစ်ဆေးမှုများ ပြုလုပ်လျက်ရှိနေပြီး အာဆင်နယ်အသင်းကို ပရိသတ်များအား ထိန်းသိမ်းမှုအားနည်းချက်ဖြင့် အရေးယူသွားဖွယ်ရှိနေကြောင်း သိရသည်။ STA

## ATP Qatar Open ပြိုင်ပွဲဆီမီးဖိုင်နယ်သို့ စဝီယာတက်ခ်နှင့်ကူဒါမီတိုဗာတို့ တက်ရောက်


**ဒိုဟာ ဖေဖော်ဝါရီ ၁၇**

ကာတာနိုင်ငံတွင် ကျင်းပနေသည့် ATP Qatar Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များအဖြစ် ကမ္ဘာ့အဆင့် (၁) တင်းနစ်မယ် စဝီယာတက်ခ်က ဆွစ်ဇာလန်တင်းနစ်မယ် ဘန်ဆစ်ကိုလည်းကောင်း၊ ရုရှားတင်းနစ်မယ် ကူဒါမီတိုဗာက အမေရိကန်တင်းနစ်မယ် ကိုကိုဂေါ့ဖ်ကိုလည်းကောင်း အနိုင်ရကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ကြကြောင်း WTA က ယနေ့တွင် ဖော်ပြခဲ့သည်။

ပိုလန်တင်းနစ်မယ် စဝီယာတက်ခ်နှင့် ဘန်ဆစ်တို့ပွဲစဉ်မတိုင်မီ ဘန်ဆစ်မှာ ဒဏ်ရာပြဿနာရှိနေသည့်အတွက်ကြောင့် ပွဲစဉ်ကို ယှဉ်ပြိုင်နိုင်ခြင်းမရှိဘဲ ပြိုင်ပွဲမှ ထွက်ခွာခဲ့သည့်အတွက် စဝီယာတက်ခ်မှာ ကွာတားဖိုင်နယ်အဆင့်ကို ယှဉ်ပြိုင်စရာမလိုဘဲ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ကူဒါမီတိုဗာသည် ကိုကိုဂေါ့ဖ်အား (၆-၂၊ ၃-၆၊ ၆-၁) ရလဒ်ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်လာနိုင်ခဲ့ခြင်းဖြစ်ပြီး ဆီမီးဖိုင်နယ်အဆင့်တွင် ကူဒါမီတိုဗာသည် စဝီယာတက်ခ်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

စဝီယာတက်ခ်သည် ကမ္ဘာ့အဆင့် (၁) နေရာကို ဆက်လက်ထိန်းသိမ်းနိုင်ရေးအတွက် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ရန် ရည်မှန်းထားသလို ပြိုင်ပွဲ၏နိုင်ခြေအဆင့် (၁) အဖြစ် သတ်မှတ်ခြင်းခံထားရကာ ဗိုလ်စွဲရန် ရေပန်းစားနေသည့် ပြိုင်ပွဲဝင် တစ်ဦးဖြစ်သည်။



ကူဒါမီတိုဗာအနေဖြင့် ဆီမီးဖိုင်နယ်အဆင့်တွင် စဝီယာတက်ခ်ကိုကျော်ဖြတ်နိုင်ရန် ခက်ခဲသည့် အနေအထားတွင် ရှိနေသော်လည်း ဗိုလ်လုပွဲစဉ်သို့ တက်ရောက်နိုင်ရေးအတွက် အကောင်းဆုံးကြိုးစားသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကူဒါမီတိုဗာက "ဆီမီးဖိုင်နယ်အဆင့်က ကျွန်မအတွက် ပိုပြီးတော့ကြီးမားတဲ့ စိန်ခေါ်မှုတစ်ရပ်ဖြစ်လာနိုင်တယ်။ စဝီယာတက်ခ်ကိုတစ်ကြိမ်မှ မနိုင်ဖူးသေးဘူး။ ဒီတစ်ကြိမ်မှာတော့ ရလဒ်ကောင်းရယူနိုင်မယ်လို့ မျှော်လင့်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

## ယူရိုပါလိဂ်ပွဲစဉ်တွင် ရရှိခဲ့သည့်ဒဏ်ရာကြောင့် ကွင်းလယ်ကစားသမားပက်ထရီ တစ်လခန့်အနားယူရမည်ဟု နည်းပြဇာဗီပြောကြား

**မက်ဒရစ် ဖေဖော်ဝါရီ ၁၇**

ယနေ့ ယှဉ်ပြိုင်ကစားခဲ့သည့် ယူရိုပါလိဂ်ပြိုင်ပွဲ (၁၆) သင်းရှုံးထွက်ပွဲစဉ်တွင် ဘာစီလိုနာနှင့် မန်ယူအသင်းတို့ တစ်ဖက်နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့သော်လည်း လူငယ်ကစားသမား ပက်ထရီ ဒဏ်ရာရရှိခဲ့သောကြောင့် တစ်လခန့်အနားယူရမည်ဟု နည်းပြဇာဗီက ပြောကြားခဲ့ကြောင်း barcablaugranes.com က ယနေ့တွင် ဖော်ပြခဲ့သည်။

မန်ယူအသင်းနှင့် ပွဲစဉ်တွင် ကွင်းလယ်ကစားသမား ပက်ထရီသည် ခြေစွမ်းပြကစားနိုင်ခဲ့သော်လည်း ပွဲကစားချိန် ၄၁ မိနစ်အရောက်တွင် ပေါင်ကြွက်သားဒဏ်ရာကြောင့် ပြိုင်ပွဲကိုဆက်လက်ကစားနိုင်ခြင်း မရှိသည့်အတွက် အသင်းဖော်ကစားသမားရော်ဘတ်တိုနှင့် လူစားလဲထွက်ခွာခဲ့ရပြီး လက်ရှိတွင် လိုအပ်သည့်စစ်ဆေးမှုများ ပြုလုပ်နေသော်လည်း ၎င်း၏ဒဏ်ရာအခြေအနေမှာ အနည်းဆုံးတစ်လခန့်အနားယူရမည်ဖြစ်ကြောင်း နည်းပြဇာဗီက ပြောကြားခဲ့သည်။

ထို့ကြောင့် ပက်ထရီသည် ဘာစီလိုနာအသင်း၏ အဓိက ပွဲစဉ်များဖြစ်သည့် မန်ယူအသင်းနှင့် ယူရိုပါလိဂ်ဒုတိယအကျော့၊ ရီးရဲလ်မက်ဒရစ်အသင်းနှင့် စပိန်ကိုပါ ဒယ်ရေးဖလား ဆီမီးဖိုင်နယ်ပွဲစဉ်များအပါအဝင် အမှတ်ပေးပွဲစဉ်ဖြစ်သည့် ကာဒီဇက်၊ အယ်မာရီယာ၊ ဗလင်စီယာနှင့်ဘီလ်ဘာအိုအသင်းတို့ ပွဲစဉ်ကိုလွဲချော်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ဘာစီလိုနာအသင်းအနေဖြင့် ပက်ထရီထွက်ခွာပြီးနောက်ပိုင်း ကွင်းလယ်ကစားအား ကျဆင်းသွားသဖြင့် မန်ယူအသင်း၏ တန်ပြန်တိုက်စစ်များကို ထိန်းချုပ်ရန်ခက်ခဲခဲ့ရာ ပွဲချိန် မိနစ် ၅၀ တွင် ဦးဆောင်ဂိုး သွင်းယူနိုင်သော်လည်းပွဲချိန် ၅၂ မိနစ်နှင့် ၅၉ မိနစ်တို့တွင် မန်ယူအသင်းကို ချေပဂိုးများ ပြန်လည်ခွင့်ပြုခဲ့ရသောကြောင့် နောက်မှလိုက်ကစားခဲ့ရပြီး ပွဲချိန် ၇၆ မိနစ်တွင် ရာဖင်ဟာ၏ချေပဂိုးကြောင့် အိမ်ကွင်းတွင် သက်သာရာရခဲ့ကာ နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့သည်။ ML

# အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင်ရောက်မည့်ခြင်းလုံးအားကစားနည်းအတွက် ဒုတိယနေ့အပြီးသတ် လူရွေးချယ်ပွဲ ဆက်လက်ပြုလုပ်



**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

ကမ္ဘောဒီးယားနိုင်ငံမှ အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်မည့် မြန်မာခြင်းလုံး အားကစားနည်းအတွက် ဒုတိယနေ့အပြီးသတ် ကစားသမားရွေးချယ်ပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းတွင် ဆက်လက် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ မြန်မာခြင်းလုံး အားကစားနည်းအတွက် ဒုတိယနေ့အပြီးသတ် ကစားသမား ရွေးချယ်ပွဲသို့ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ယှဉ်ပြိုင်ရေးနှင့်လေ့ကျင့်ရေးဌာနခွဲ (၂) ညွှန်ကြားရေးမှူး၊ အာရှခြင်းလုံးအဖွဲ့ချုပ် အတွင်းရေးမှူး ဦးကျော်ဇင်မိုး၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးရဲအောင်နှင့်တာဝန်ရှိသူများ မြန်မာနိုင်ငံတွင် လာရောက်ပြီး ပူးပေါင်းလေ့ကျင့်လျက်ရှိနေသည့် ကမ္ဘောဒီးယားနိုင်ငံမှ ခြင်းလုံးအားကစားသမားများနှင့်အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ယနေ့ကျင်းပခဲ့သည့် မြန်မာခြင်းလုံး အားကစားနည်းအတွက် ဒုတိယနေ့အပြီးသတ် ကစားသမားရွေးချယ်ပွဲတွင် အမျိုးသားအားကစားသမား ၁၄ ဦးနှင့် အမျိုးသမီးအားကစားသမား ၁၄ ဦး စုစုပေါင်း ၂၈ ဦးကို အပြီးသတ်ရွေးချယ်ခဲ့ပြီး စုစုပေါင်း နှစ်ရက်တွင် အမျိုးသားကစားသမား၂၈ ဦးနှင့် အမျိုးသမီးကစားသမား ၂၈ဦး စုစုပေါင်း ၅၆ဦးကို ရွေးချယ်ခဲ့သည်။

(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို လာမည့် မေ ၅ ရက်မှ ၁၇ ရက်ထိ ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ STA

# Genesis Invitational ပြိုင်ပွဲကို မက်ဟိုမာနှင့် မစ်ချယ်လ်တို့ ပူးတွဲဦးဆောင်

**ကယ်လီဖိုးနီးယား ဖေဖော်ဝါရီ ၁၇**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် ကျင်းပနေသည့် Genesis Invitational ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် အမေရိကန် ဂေါက်သီးရိုက်ကစားသမားများဖြစ်ကြသည့် မက်ဟိုမာနှင့် မစ်ချယ်လ်တို့က သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်စီလျှော့ရိုက်ကာ အမှတ်ပေးဇယားကို ပူးတွဲ ဦးဆောင်လျက်ရှိကြောင်း RTE သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

စပိန် ဂေါက်သီးရိုက်ကစားသမား ဂျွန်ရမ်းက သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်လျှော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်လျက်ရှိပြီး အမေရိကန် ဂေါက်သီးရိုက်ကစားသမားများဖြစ်ကြသည့် မိုရီကာဝါ၊ ကူချာတို့က သတ်မှတ်ရိုက်ချက်ထက်ငါးချက်စီ လျှော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမား တိုက်ဂါးဝုဒ်သည်လည်း ပါဝင်ယှဉ်ပြိုင်လျက်ရှိနေပြီး တိုက်ဂါးဝုဒ်က သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်လျှော့ရိုက်ထားနိုင်ပြီး ပုံစံကောင်းပြသလျက်ရှိသည်။

တိုက်ဂါးဝုဒ်သည် ကာလရှည် အနားယူထားရသော်လည်း ပွဲဦးထွက်တွင် ပုံစံကောင်းပြသနိုင်ခဲ့သလို ပထမနေ့တွင် Birdies ငါးကျင်းရခဲ့သည်။

တိုက်ဂါးဝုဒ်က "ပြိုင်ပွဲတွေနဲ့ ဝေးကွာနေတာကြာပေမဲ့လဲ အခုလောက်ထိ ကစားနိုင်တာကို အားရကျေနပ်မိပါတယ်။ အစောပိုင်းကျင်းတွေမှာ ပုံစံကောင်းရဖို့ ခက်ခဲနေခဲ့ပေမဲ့လဲ နောက်ပိုင်းကျင်းတွေမှာ တော်တော်လေး အဆင်ပြေပါတယ်။ အဓိက အဆုံးသတ်ပိုင်းမှာ ပိုကောင်းအောင် ကစားနိုင်ခဲ့တယ်။ အောင်မြင်မှု ဆွတ်ခူးနိုင်ခဲ့ဖို့ထက် ပုံစံကောင်းနဲ့ ကစားနိုင်ဖို့ပဲ အဓိကအာရုံစိုက်နေပါတယ်။ တစ်ရက်ထက်တစ်ရက် ပိုကောင်းအောင် ကစားနိုင်ဖို့ပဲ ကျွန်တော့်ခေါင်းထဲမှာ ရှိပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# လီဗာပူးနှင့် အဲဗာတန်အသင်းတို့၏မာဆေးဆိုဒ်ဒါဘီပွဲစဉ်မှ အချင်းများမှုကို အက်ဖ်အေစွဲချက်တင်

**လန်ဒန် ဖေဖော်ဝါရီ ၁၇**

ပြီးခဲ့သည့် ဖေဖော်ဝါရီ ၁၄ ရက်က ကစားခဲ့သည့် လီဗာပူးအသင်းနှင့်အဲဗာတန်အသင်းတို့၏ မာဆေးဆိုဒ်ဒါဘီပွဲစဉ်တွင် လီဗာပူးအသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သော်လည်း နှစ်ဖက်အသင်းကစားသမားများကြား အချင်းများခဲ့မှုကြောင့် အက်ဖ်အေက ကလပ်အသင်းနှစ်ခုကို စွဲချက်တင်ခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။




အဆိုပါပွဲစဉ်၌ ပွဲကစားချိန် ၈၆ မိနစ်အရောက်တွင် အဲဗာတန်အသင်းဂိုးသမား ပစ်ဖို့ဒ်နှင့်လီဗာပူးအသင်းခံစစ်ကစားသမား ရော်ဘင်ဆင်တို့ကို အချင်းများမှုကြောင့် ကွင်းလယ်ဒိုင်ဟူးပါးက အဝါကတ်ပြစ်ဒဏ် ချမှတ်ခဲ့ပြီးနောက်ပိုင်း နှစ်ဖက်အသင်းမှ ကစားသမားများ တစ်ဖက်နှင့်တစ်ဖက် ရန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့သောကြောင့် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်(အက်ဖ်အေက) ယင်းဖြစ်စဉ်ကို အရေးယူရန် စွဲချက်တင်ခဲ့ကြောင်း သိရသည်။

အက်ဖ်အေက "ဒီဖြစ်စဉ်ဟာ နှစ်သင်းစလုံး စည်းကမ်းချိုးဖောက်ခဲ့တာကို တွေ့ရမှာပါ။ ဒ့ါပြင် ကွင်းအတွင်း ကစားသမားတွေသာမက အရန်ခုံက ကစားသမားတွေပါ ပါဝင်ခဲ့တာဟာ အသင်းတာဝန်ရှိသူတွေရဲ့ ကစားသမားတွေအပေါ် ထိန်းသိမ်းမှုအားနည်းလို့ ဖြစ်ပါတယ်။ ကျွန်တော်တို့အဖွဲ့ချုပ်အနေနဲ့ အခုလိုရန်လိုတဲ့ဖြစ်စဉ်တွေကို မပြုလုပ်အောင် ထိန်းသိမ်းရမှာပါ။ ဒါကြောင့် နှစ်သင်းစလုံးကို စွဲချက်တင်ပြီး စစ်ဆေးသွားမှာပါ။ကလပ်အသင်းနှစ်ခုစလုံးအနေနဲ့ ဖေဖော်ဝါရီ ၂၀ ရက် နောက်ဆုံးထားပြီး စွဲချက်ကို ပြန်လည်ချေပခွင့်ရှိပါတယ်"ဟု ပြောကြားခဲ့သည်။

မာဆေးဆိုဒ်ဒါဘီပွဲစဉ်တွင် အိမ်ရှင်လီဗာပူးအသင်းက ပွဲကစားချိန် ၃၆ မိနစ်တွင် ဆာလာဟ်၊ ပွဲကစားချိန်၄၉ မိနစ်တွင် ဂတ်ပိုတို့၏ သွင်းဂိုးများဖြင့် ဦးဆောင်နိုင်ခဲ့ပြီး အဲဗာတန်အသင်းအနေဖြင့် ချေပဂိုး သွင်းယူနိုင်ခဲ့ခြင်းမရှိသောကြောင့် နှစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။ ML

# စပိန်လာလီဂါ ပွဲစဉ် (၂၂) ပွဲကြိုသုံးသပ်ချက်များ

STA

## အေတီကို Vs ဘီလ်ဘာအို

**ကစားမည့်ရက်/အချိန် ၁၉-၂-၂၀၂၃ (ည ၁၂း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဘီလ်ဘာအို ၀ - ၁ အေတီကို**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **အေတီကို** | – | **ဝေး(နိုင်)** | **အိမ်(သရေ)** | **ဝေး(နိုင်)** |
| **ဘီလ်ဘာအို** | – | **ဝေး(ရှုံး)** | **အိမ်(နိုင်)** | **ဝေး(နိုင်)** |

နောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းပိုင်းပြန်လည်တည်ငြိမ်နေတဲ့ အေတီကိုအသင်းဟာ အိမ်ကွင်းမှာ ဘီလ်ဘာအိုအသင်းကို ဖိအားပေးကစားနိုင်မှာပါ။ လက်ရှိဘီလ်ဘာအိုအသင်းရဲ့ အဝေးကွင်းစွမ်းဆောင်ရည်ပိုင်းကလဲ တည်ငြိမ်မှုမရှိပါဘူး။ ဒါကြောင့် အိမ်ရှင်အားသာချက်ရော ထိပ်တိုက်တွေ့ဆုံမှုတိုင်းအသာစီးမှာရှိနေတဲ့ အေတီကိုအသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – အေတီကို ၁ – ၁ ဘီလ်ဘာအို**

## ဘာစီလိုနာ Vs ကာဒီဇက်

**ကစားမည့်ရက်/အချိန် ၂၀-၂-၂၀၂၃ (နံနက် ၀၂း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ကာဒီဇက် ၀ – ၄ ဘာစီလိုနာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ဘာစီလိုနာ** | – | **အိမ်(နိုင်)** | **ဝေး(နိုင်)** | **အိမ်(သရေ)** |
| **ကာဒီဇက်** | – | **အိမ်(နိုင်)** | **ဝေး(ရှုံး)** | **အိမ်(နိုင်)** |

ကာဒီဇက်အသင်းဟာ တန်းဆင်းဇုန်ဖိအားရှိနေလို့ ရုန်းကန်နေတယ်ဆိုပေမဲ့ အဝေးကွင်းမှာ ဘာစီလိုနာအသင်းကို ပွဲချိန်ပြည့်တုံ့ပြန်ကစားနိုင်ဖို့တော့ခက်ခဲမှာပါ။ လက်ရှိ ဘာစီလိုနာအသင်းရဲ့ခြေစွမ်းပိုင်းကလဲ ကာဒီဇက်အသင်းကို ဖိအားပေးကစားပြီး အနိုင်ရယူဖို့ ခက်ခဲမှာမဟုတ်ပါဘူး။ ဒါကြောင့်ဘာစီလိုနာအသင်းရဲ့အနိုင်ရလဒ်က ပြတ်သားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း – ဘာစီလိုနာ ၃ – ၀ ကာဒီဇက်**

# ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၂၁) ပွဲကြိုသုံးသပ်ချက်များ

STA

## ယူနီယံဘာလင် Vs ရှော်လ်ကေး

**ကစားမည့်ရက်/အချိန် ၁၉-၂-၂၀၂၃ (ည ၀၉း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ရှော်လ်ကေး ၁ – ၆ ယူနီယံဘာလင်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ယူနီယံဘာလင်** | – | **အိမ်(နိုင်)** | **ဝေး(နိုင်)** | **ဝေး(သရေ)** |
| **ရှော်လ်ကေး** | – | **အိမ်(သရေ)** | **ဝေး(သရေ)** | **အိမ်(သရေ)** |

အမှတ်ပေးဇယားထိပ်ဆုံးက ဘိုင်ယန်မြူနစ်အသင်းကို ဖိအားပေးနေတဲ့ ယူနီယံဘာလင်အသင်းဟာ အခုအိမ်ကွင်းပွဲစဉ်မှာလဲ ရှော်လ်ကေးအသင်းကို ဖိအားပေးကစားနိုင်မှာပါ။ ငါးပွဲဆက်နိုင်ပွဲပျောက်ဆုံးနေတဲ့ ရှော်လ်ကေးအသင်းရဲ့ ခြေစွမ်းပိုင်းကလဲ ဆိုးရွားနေလို့ အခုပွဲစဉ်မှာလဲ ရုန်းကန်ရမှာပါ။ ဒါကြောင့် ယူနီယံဘာလင်အသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – ယူနီယံဘာလင် ၂ – ၀ ရှော်လ်ကေး**

## ဒေါ့မွန် Vs ဟာသာဘာလင်

**ကစားမည့်ရက်/အချိန် ၁၉-၂-၂၀၂၃ (ည ၁၁း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဟာသာဘာလင် ၀ – ၁ ဒေါ့မွန်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ဒေါ့မွန်** | – | **ဝေး(နိုင်)** | **ဝေး(နိုင်)** | **အိမ်(နိုင်)** |
| **ဟာသာဘာလင်** | – | **အိမ်(ရှုံး)** | **ဝေး(ရှုံး)** | **အိမ်(နိုင်)** |

နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်နိုင်ပွဲရယူထားပြီး ချန်ပီယံလမ်းကြောင်းပေါ်မှာရှိနေတဲ့ ဒေါ့မွန်အသင်းဟာ အိမ်ကွင်းမှာ နိုင်ပွဲရရှိအောင်ကြိုးစားလာမှာပါ။ လက်ရှိ ဟာသာဘာလင်အသင်းရဲ့ခြေစွမ်းပိုင်းကလဲ တည်ငြိမ်မှုမရှိဘဲ ရုန်းကန်နေရလို့ ဒေါ့မွန်အသင်း တိုက်စစ်ပိုင်းကို ထိန်းချုပ်ရခက်မှာပါ။ ဒါကြောင့် ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ ဒေါ့မွန်အသင်းပဲ နိုင်ပွဲဆက်သွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း – ဒေါ့မွန် ၃ – ၁ ဟာသာဘာလင်**

# လက်တွေ့အသုံးချဆေးနည်းတို(ဆေးမြီးတို)များ (၁၇၅)

## ကြည်လွင်မြင့်(မုံရွာ)

**မေး ။ ။ ဆရာရှင့် သမီးရဲ့ကလေးက အသက်လေးနှစ်ရှိပါပြီ။ လူက ပိန်ပါတယ်။ မကြာခဏ ဝမ်းကိုက်ပါတယ်။ ဗိုက်နာတယ်ပြောလို့ သန်ချဆေးလဲခြောက်လတစ်ကြိမ်တိုက်ပါတယ်။ ဗိုက်နာတဲ့အခါ ဆေးတိုက်တုန်းသက်သာပါတယ်။ ပြီးရင် တစ်ပတ်တစ်ခါလောက် ထပ်ဖြစ်ပါတယ်။ ဝမ်းကိုက်၊ ဗိုက်နာပျောက်အောင် ဘယ်လိုလုပ်ရမလဲဆရာ။ ဆေးနည်းညွှန်ပြပေးပါ။**

ဖြေ ။ ။ မီးကွင်းဂမုန်းရွက်နဲ့ ထန်းလျက်ရောကျိုတိုက်ပါ။ ဝမ်းကိုက်မှာ လေဝမ်းကိုက်နဲ့ သွေးဝမ်းကိုက်ဆိုပြီး နှစ်မျိုးရှိပါတယ်။ သွေးဝမ်းကိုက်က ပိုးကြောင့်ဖြစ်တယ်။ မသန့်ရှင်းတဲ့အစာ၊ လက်လုပ်ချဉ်တွေက ဝမ်းကိုက်ပိုးပါတတ်တယ်။ သန့်ရှင်းတဲ့အစားအသောက်ကို ဂရုစိုက်ပြီးကျွေးမှသာ ဝမ်းကိုက်ရောဂါရေရှည်ပျောက်ကင်းနိုင်ပါတယ်။ ဝမ်းကိုက်ပျောက်စေတဲ့ ဆေးနည်းတိုတွေမှာ-

၁။ ကြက်ဥတစ်လုံးကို ထိပ်ကအနည်းငယ်ဖောက်၊ အကာကို ထုတ်ယူပြီး သကြား ဟင်းစားဇွန်း တစ်ဇွန်းရောစပ်၊ ရှောက်ကောင်းမှုန့်အနည်းငယ်ထည့်မွှေပြီး တစ်ကြိမ်တည်းကုန်အောင်တိုက်ပါ။ အကျိအချွဲပါတဲ့ ဝမ်းကိုက်သက်သာစေပါတယ်။

၂။ ကြက်သွန်ဖြူနဲ့ ထန်းလျက်ကိုရောပြီး နှမ်းဆီနဲ့ ကြော်စားပါ။

၃။ ကြောင်ပန်းရွက် လက်တစ်ဆုပ်၊ ကွမ်းရွက် ၁၀ ရွက်၊ ရှားစေး တစ်ပဲသား ရေနွေးနဲ့ သုံးခွက် တစ်ခွက်တင်ကျိုပြီး အကြမ်းပန်းကန်တစ်လုံးစာ တိုက်ကျွေးပါ။ အသက်အရွယ်ကိုလိုက်ပြီး တစ်နေ့ကို နှစ်ကြိမ်ကနေ သုံးကြိမ်ထိ တိုက်ကျွေးနိုင်ပါတယ်။

၄။ ကြိတ်မှန်ရွက်ကို ထန်းလျက်နဲ့ရောကျိုတိုက်ပါ။

၅။ သံပရာသီးတစ်လုံးကို အရည်ညှစ်၊ အဲဒီအရည်နဲ့ဆတူ နှမ်းဆီကိုရောမွှေပြီး တစ်ကြိမ်တည်းကုန်အောင်သောက်ပါ။

၆။ ဖီးကြမ်းငှက်ပျောသီး အမှည့်ကိုထောပတ်၊ နှမ်းဆီနဲ့နီအောင်ကြော်ပြီး ကျွေးရင် လေဝမ်းကိုက်ရောဂါသက်သာစေနိုင်ပါတယ်။

၇။ ငြူကြီးပင်ရဲ့အရွက်ကို ပြုတ်ပြီးအသုပ်ပြုလုပ်စားပါ။ ပိုးကြောင့်ဖြစ်တဲ့ ဝမ်းကိုက်နဲ့ သန်ထိုးခြင်းကြောင့်ဖြစ်တဲ့ ဝမ်းကိုက်ကို သက်သာစေပါတယ်။

၈။ ထားဝယ်မှိုင်းပင်ရဲ့အရွက်ကို ထန်းလျက်နဲ့ရောပြီး ဖြစ်ဖြစ်၊ အတို့အမြုပ်ပြုလုပ်ပြီးဖြစ်ဖြစ် စားရင် သွေးဝမ်းကိုက်ရောဂါ သက်သာစေပါတယ်။

**မေး ။ ။ ဆရာကြီးရှင့် ကျွန်မအမေကြီးက အနတစ်လော လည်ချောင်းမှာ ရွှဲတွေပိတ်နေလို့ ဧဟဧဟချောင်းဟန့်ပြီး ထွေးထုတ်ရပါတယ်။ သလိပ်က လွယ်လွယ်နဲ့မထွက်လို့ မောလဲ မောနေပါတယ်။ ထမင်းလဲ မျိုမကျလို့ ဆန်ပြုတ်လေးပဲ ဖြည်းဖြည်း သောက်ရပါတယ်ရှင့်။ လည်ချောင်းကို ဝံအုမြစ်လဲ သွေးလိမ်းပေးပါတယ်ရှင့်။ နောက်ထပ်ဘာလုပ်ပေးလို့ရလဲ သိချင်လို့ပါရှင့်။ နည်းလေးတွေ ပြောပြပေးစေလိုပါတယ်။**

ဖြေ ။ ။ ချင်း၊ ထန်းလျက်ပြုတ်ရည် တိုက်ပါ။ ဖီးကြမ်းငှက်ပျောသီးကို ကျွေးပေးရင် သလိပ်ပျော်ပါတယ်။ မီးဖုတ်ကျွေးရင် အကောင်းဆုံးဖြစ်ပါတယ်။ သလိပ်မထွက်ရင် တိုင်းရင်းဆေးအမှတ်(၂၅) မတဲမြင့်မိုရ်ကုန်းဆေးနဲ့ တိုင်းရင်းဆေးအမှတ်(၇) နွယ်ချိုကဲလျက်ဆားတို့ကို ဆတူရောစပ်ပြီး လျက်ပေးရင် သလိပ်ထွက်လွယ်ပါတယ်။ မောရင်ရှောက်ရည်နဲ့ ပျားရည်ကိုရောပြီး ဖျော်စပ်တိုက်ပါ။

**မေး ။ ။ ဆရာကြီးခင်ဗျာ ကျွန်တော်အားကစားလုပ်ရင်း မတော်တဆဖြစ်ပြီး ဒူးခုံညင်းဓေ့ ဘေးလွဲသွားပါတယ်။ အကြောပြင်ဆရာက ပြန်တည့်ပေးလို့ ပြန်တည့်သွားပါတယ်။ နောက်ရက်တွေမှာ ဒူးဆစ်ကရောင်ရမ်းပြီး လမ်းမလျှောက်နိုင်ပါ။ ဆရာနဲ့ဆေးလိမ်းဆေးစည်းလုပ်တာ ၁၃ ရက်လောက်ရှိပါပြီ။ နာတာကျင်တာ သိပ်မခံစားရဘဲ အောင့်ပြီး ညောင်းသလိုခံစားရပါတယ်။ ရောင်ရမ်းမှုအနည်းငယ်ကျန်ပါသေးတယ်။ ဒူးက အဆုံးကွေးလို့မရပါ။ အဲဒါတွေ ဘယ်လိုလုပ်ရင်ပြန်ကောင်းနိုင်မလဲ။ ဆေးနည်း ပြောပြပေးစေလိုပါတယ်။**

ဖြေ ။ ။ မှန်ညင်းဆီထဲ ချင်းတက်ခြေထည့်၊ မီးနဲ့ဆူအောင်ချက်ပြီး ဒူးထဲစိမ့်ဝင်အောင် လိမ်းပါ။ ဆားကိုပိတ်စနဲ့ထုပ်၊ ရေနွေးခံပြီး ကြပ်ထုပ်ထိုးပါ။ ဒူးအကွေးအဆန့်ရစေဖို့အတွက် ကိုယ်ရံကြီးပင်အရွက်ကို မီးကင်၊ ပျော့သွားရင် မှန်ညင်းဆီသုတ်၊ ဒူးမှာပတ်ပြီး ပတ်တီးစည်းထားပါ။ တစ်နေ့ကို ၃ နာရီလောက်စည်းရင် လုံလောက်ပါတယ်။ ငါးရက်ကနေ ခုနစ်ရက်ထိ စည်းနိုင်ပါတယ်။ လမ်းလျှောက် လေ့ကျင့်ခန်းလုပ်လို့ရပါတယ်။ လှော်ကား အဆင်း၊ အတက် များတာ ခဏရှောင်ထားပါ။

**မေး ။ ။ ဆရာခင်ဗျာ ကျွန်တော့် မျက်နှာမှာ အမြဲတမ်း အဆီပြန်နေပါတယ်။ ရာသီမရွေး အဆီပြန်ပါတယ်။ တစ်ခါတစ်ရံ ဆီလူးထားသလို ရွှဲပြီး ဝင်းပြောင်နေပါတယ်။ အစပ်တွေ ဘာတွေစားပြီးတိုင်းလဲ အဆီပြန်ပါတယ်။ မျက်နှာသစ်ဆေးတွေ သုံးပေမဲ့ မရပါ။ ဆေးနည်းကောင်းရှိရင် ညွှန်ပြပေးစေလိုပါတယ်။**

ဖြေ ။ ။ မျက်နှာအဆီပြန်သူတွေ ငန်လွန်းတဲ့အစာနဲ့ ချိုလွန်းတဲ့အစာ လျှော့စားပါ။ အဆီများတဲ့အသားကိုရှောင်ပါ။ အစိမ်းရောင်ရှိတဲ့အစာကို များများစားပေးပါ။ ရှားစောင်းလက်ပပ်ကို ဟင်းချိုချက်သောက်ရင် မျက်နှာအဆီပြန်သက်သာတယ်လို့ ဆိုပါတယ်။ သံပရာရည်၊ ရှောက်ရည် များများသောက်ပေးပါ။ မျက်နှာအဆီပြန်တဲ့အတွက် အလွယ်ကူဆုံးနည်းကတော့ ကွမ်းစားဂမုန်းကို သနပ်ခါးနဲ့ရောပြီး လိမ်းပေးပါ။ (ဆရာကြီး ဦးမာယဆေးနည်းမှ)



ဆေးဖက်ဝင် မီးကွင်းဂမုန်းကို တွေ့ရစဉ်။

**မေး ။ ။ ဆရာကြီးခင်ဗျာ ကျွန်တော့်အသက် ၁၇ နှစ်ရှိပါပြီ။ ကျွန်တော့် ရင်သားနို့မှာ အကျိတ်တစ်ခုရှိပါတယ်။ လူပျိုဖြစ်စမှာ စပ်သေးသေးဖြစ်ရာက မပျောက်တော့ဘဲ တဖြည်းဖြည်း ဆီးဖြူသီးတစ်ခြမ်းလောက်အရွယ် ဖြစ်ကျန်နေပါတယ်။ ပူအိုက်လို့ အကျီချွတ်တဲ့အခါ ရင်သားနစ်ဖက်ထိပ်မှာ ရုထွက်နေလို့ ရှက်ပြီးအမြဲစိတ်ဒုက္ခရောက်ရပါတယ်။ မိဘတွေက ခွဲစိတ်ကုသဖို့ တိုက်တွန်းပါတယ်။ ဘယ်လို ပြုလုပ်ရမလဲ။ ဆေးနည်းရှိရင် ညွှန်ပြပေးစေလိုပါတယ်။**

ဖြေ ။ ။ အကျိတ်မှာ အသားကျိတ်၊ အဆီကျိတ်၊ အပူကျိတ်၊ အနာရွတ်ကျန်ပြီးဖြစ်တဲ့အကျိတ်၊ မန်းကျိတ် စတဲ့အကျိတ်မျိုးများစွာရှိပါတယ်။ အသားကျိတ်၊ အဆီကျိတ်တွေမှာ ကျွမ်းကျင်တဲ့ ခွဲစိတ်ဆရာဝန်နဲ့ ခွဲစိတ်ကုသရင် လျင်မြန်စွာပျောက်ကင်းနိုင်ပါတယ်။ တကယ်လို့ ခွဲစိတ်ဖို့အခက်အခဲရှိရင် ဆေးလိမ်းကုသလိုပါက အောက်ပါနည်းလမ်းတွေကိုအသုံးပြုနိုင်ပါတယ်။

၁။ ဇာဒ်ရွက်အနုကိုမီးကင်ပြီး ရင်ဘတ်မှာ ကပ်ပေးရင် ရင်သားအကျိတ်ကိုကြေစေနိုင်တယ်။ တစ်နည်း- သင်္ဘောရွက်အနုကိုမီးကင်ပြီး ကပ်ပေးရင်လဲ ရင်သားအကျိတ်ကို ကြေစေနိုင်ပါတယ်။

၂။ ဇာတိပ္ဖိုလ်သီးကို သွေးလိမ်းပါက အသားကျိတ်ကို သက်သာစေပါတယ်။

၃။ နလင်ကျော်၊ ကရမက်သွေးလိမ်းရင် အပူကျိတ်ကို သက်သာစေပါတယ်။

၄။ မိဿလင်ဥကိုထောင်းပြီး မှန်ညင်းဆီနဲ့ရောချက်လိမ်းပေးရင် အကျိတ်အဖု ပြေစေပါတယ်။

၅။ နနွင်းမှုန့်ကို ထုံးရည်ကြည်နဲ့ ဖျော်စပ်လိမ်းရင် အနာ၊ အကျိတ်၊ အဖုကို ပြည်ပေါက်စေနိုင်ပါတယ်။

၆။ ခွေးတောက်ရွက်ကို ဆီသုတ်မီးကင်ပြီး ကပ်ပေးရင် အဖုအကျိတ်ကို ပိန်စေနိုင်ပါတယ်။

၇။ ကုံကုမံရွက်ကိုမီးကင်ပြီး ကပ်ပေးရင် အဖုအကျိတ် အရောင်ကျစေနိုင်ပါတယ်။

၈။ ငြူကြီးရွက်ကို မီးကင်အရည်ညှစ်ပြီး လိမ်းပေးရင် ပိုးကောင်ကိုက်လို့ဖြစ်တဲ့ အဖုအကျိတ်ကို သက်သာစေပါတယ်။

၉။ ဩဇာသီးခြောက်ကို သွေးလိမ်းရင် ဝက်ခြံမပေါက်ဘဲဖြစ်နေတဲ့ အဖုအကျိတ်ကို သက်သာစေပါတယ်။

၁၀။ ပါးစပ်မှာ အပူဖုပေါက်ရင် မင်းကွတ်သီးခြောက်အခွံကို သွေးလိမ်းရင် သက်သာစေပါတယ်။

၁၁။ ပေါင်ထိပ်အကျိတ်ပေါက်ရင် ကျားမနိုင်မြစ်ကို သွေးလိမ်းပေးပါ။

၁၂။ တောရှောက်မြစ်၊ သက်ရင်းကြီးမြစ်တို့ကို သွေးလိမ်းပါ။ သောက်လဲသောက်ပေးရင် ဒဏ်ကြောင့်ဖြစ်တဲ့ အကျိတ်၊ ပေါင်တွင်းစက်တန့်အကျိတ်တွေသက်သာပျောက်ကင်းစေနိုင်တယ်။

၁၃။ ချိုင်းအောက် အကျိတ်ပေါက်ရင် (ကိန္နရာနာ) ထင်းရှူးဆီ၊ မင်သော်ဆီ၊ ပရုတ်ဆီတို့ကို ပျားဖယောင်းနဲ့ရောချက်၊ ဆေးဖယောင်းချက်ပြုလုပ်ပြီး ကပ်ပေးပါ။ နူ၊ ကြေ၊ ရင့်၊ ပေါက် အနာပျောက်နိုင်ပါတယ်။

၁၄။ နလင်ကျော်မြစ်ကိုသွေး တစ်ဇွန်း၊ ပျားရည်တစ်ဇွန်း စပ်သောက်ရင် လည်ချောင်းအတွင်းမှာ ပေါက်တဲ့အကျိတ်အဖုတွေကို ပျောက်ကင်းစေနိုင်ပါတယ်။

၁၅။ ရင်းပြားအခေါက်ကို သွေးပြီး သောက်ခြင်း၊ လိမ်းခြင်း။ တစ်နည်း- ဆန်ဆေးရည်နဲ့ရောသွေးပြီး လိမ်းပေး၊ သောက်ပေးရင် မာကျောတဲ့ အကျိတ်အဖုတွေကို ကြေစေနိုင်ပါတယ်။

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အမေရိကန်လေတပ်၏ နည်းပညာမြောက်တိုက်လေယာဉ် ဉာဏ်ရည်တု AI အေးဂျင့်ဖြင့် ပထမအကြိမ်စမ်းသပ်ပျံသန်း




အမေရိကန်လေတပ်၏ VISTA X-62A နည်းပညာမြောက်လေယာဉ်သည် ဉာဏ်ရည်တု Artificial Intelligence (AI) အေးဂျင့်ဖြင့် ပထမအကြိမ်စမ်းသပ်ပျံသန်းကြောင်း သိရသည်။

အဆိုပါလေယာဉ်သည် ၁၇ နာရီကျော်ကြာပျံသန်းခဲ့ပြီး ကယ်လီဖိုးနီးယားပြည်နယ်ရှိ Edwards လေတပ်အခြေစိုက်စခန်းတွင် အဆင့်မြင့်တိုက်လေယာဉ်များကဲ့သို့ လှုပ်ရှားစစ်ကစားမှုများ ပြုလုပ်၍ စမ်းသပ်ပျံသန်းခဲ့ကြောင်း သိရသည်။

အဖွဲ့နှစ်ဖွဲ့ဖြင့် X-62A လေယာဉ်ကို AI အေးဂျင့်ဖြင့်မောင်းနှင်သော အလိုအလျောက်ပျံသန်းရေးအေးဂျင့်များ အသုံးပြုကာ စမ်းသပ်ပျံသန်းခဲ့ပြီး အသွင်တူရန်သူကို တစ်ဖက်စီထား၍ မြင်ကွင်းလွန်အကွာအဝေးအတွင်း လေ့ကျင့်ပြုလုပ်ဆောင်ရွက်ခဲ့ခြင်းလည်းဖြစ်သည်။

၎င်းသည်ရန်သူ AI အနီရောင်အသင်းအေးဂျင့်များကို တုံ့ပြန်တိုက်ခိုက်နိုင်ရန် ၎င်း၏မြင်နိုင်သော အကွာအဝေးအတွင်း လှုပ်ရှားစစ်ကစားနိုင်မှုနှင့် ထိန်းကျောင်းနိုင်စွမ်းကိုလည်း ပြသနိုင်ခဲ့ကြောင်း သိရသည်။

လေ့ကျင့်စမ်းသပ် ပျံသန်းမှုအတွင်း နှစ်သင်းစလုံး၏ AI အေးဂျင့်များသည် လက်တွေ့ကမ္ဘာလေပိုင်နက်နယ်နိမိတ်များကို ထိန်းသိမ်းထားကာ လေယာဉ်၏စွမ်းဆောင်ရည်ကို အကောင်းဆုံးဖြစ်အောင် ပျံသန်းလုပ်ဆောင်နေစဉ် အလိုအလျောက် နည်းပညာမြောက် လေ့ကျင့်မှုများကိုလုပ်ဆောင်နိုင်ခဲ့သည်ဟု လေတပ်ကထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

VISTA X-62A လေယာဉ် ဖွဲ့စည်းပုံတွင် F-16 ကဲ့သို့သော တောင်ပံသေတပ်တိုက်လေယာဉ်များ၏ ပျံသန်းမှု ဝိသေသလက္ခဏာများကို တုံ့ပြန်နိုင်သည့် AI-Driven Algorithms များဖြင့် ထိန်းချုပ်နိုင်စေသည်ဟု ထုတ်ပြန်ချက်တွင် ထပ်လောင်းပြောကြားခဲ့သည်။

Variable In-Flight Simulation Test Aircraft ကို အတိုကောက်အားဖြင့် VISTA ဟုခေါ်ဆိုနိုင်သည့်လေယာဉ်သည် Lockheed Martin က တီထွင်ထုတ်လုပ်ထားသော ခေတ်မီလေ့ကျင့်ရေးအမောင်းသင် လေယာဉ်အမျိုးအစားဖြစ်သည်။

၎င်းတွင် အမေရိကန်နိုင်ငံလေတပ်ပိုင် အခြားလေယာဉ်များကို တုပလေ့ကျင့်မောင်းနှင်နိုင်ရန် အဓိကကျသော ဆော့ဖ်ဝဲအသုံးပြုထားကာ Open Systems Architecture လွတ်လွတ်လပ်လပ် အဆင့်မြင့်တင်အသုံးပြုနိုင်မည့် ဖွဲ့စည်းတည်ဆောက်ပုံမျိုးဖြင့် ထုတ်လုပ်ထားခြင်းလည်းဖြစ်သည်။

မကြာသေးမီက အဆင့်မြှင့်တင်မှုများတွင် VISTA သဏ္ဍာန်တူလေ့ကျင့်ရေးစနစ်၊ အယ်လဂိုရီသမ်ပါ အမျိုးအစားနှင့် အနာဂတ် အဆင့်မြင့်ပျံသန်းမှု၊ စမ်းသပ်မှုများပြုလုပ်ရန်အတွက် အလိုအလျောက်ထိန်းချုပ်မှုစနစ်တို့ ပါဝင်လာခဲ့သည်။

VISTA လေယာဉ်သည် ကျွန်ုပ်တို့ကိုမွမ်းမံထားသော ဒီဇိုင်းအသစ်များဖြင့် ခေတ်မီသော ဉာဏ်ရည်တုနည်းပညာများ ဖွံ့ဖြိုးတိုးတက်မှုနှင့် စမ်းသပ်မှုကို အပြိုင်လုပ်ဆောင်နိုင်စေမည်ဟု အမေရိကန်နိုင်ငံလေတပ်စမ်းသပ်ရေး Pilot School ဒါရိုက်တာ Christopher Cottingက ပြောကြားခဲ့သည်။

"ထုတ်လုပ်လိုက်တဲ့ လေယာဉ်စနစ်အသစ်တွေကို အာရုံစိုက်စမ်းသပ်မှုနဲ့အတူ ဒီချဉ်းကပ်မှုက မွမ်းမံထားတဲ့ပလက်ဖောင်းတွေအတွက် အလိုအလျောက်လုပ်ဆောင်နိုင်စွမ်းကို လျင်မြန်စွာအသားကျဖြစ်စေပြီး ကျွန်ုပ်တို့ရဲ့ တိုက်လေယာဉ်တွေအတွက် နည်းပညာကျကျ သက်ဆိုင်တဲ့စွမ်းဆောင်ရည်တွေကို ပေးစွမ်းနိုင်စေမှာပါ"ဟု ၎င်းကဆိုသည်။

အမေရိကန်လေတပ်သည် ၂၀၂၃ ခုနှစ်တစ်လျှောက်လုံးတွင် အလိုအလျောက်စွမ်းရည်များနှင့် မောင်းသူမဲ့ယာဉ် ကနဦးအမျိုးအစားများကို အကဲဖြတ်ဆန်းစစ်ရန် X-62A လေယာဉ်ကို ဆက်လက်အသုံးပြုသွားမည်ဖြစ်သည်။

**US Air Force Tactical Fighter Flown by Artificial Intelligence for First Time ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းကို Leopard 2A6 တင့်ကားများ တပ်ရင်းတစ်ဝက်စာသာ ပံ့ပိုးပေးနိုင်ဦးမည်ဖြစ်ကြောင်း ဂျာမနီကာကွယ်ရေးဝန်ကြီးပြော

အနောက်နိုင်ငံများသည် ယူကရိန်းကို ခေတ်မီ Leopard 2A6 တင့်ကားများ တပ်ရင်းတစ်ရင်း၏ တစ်ဝက်စာမျှသာ ပံ့ပိုးပေးနိုင်ဦးမည်ဖြစ်ကြောင်း ဂျာမနီကာကွယ်ရေးဝန်ကြီး Boris Pistorius က ပြောကြားခဲ့သည်။

Leopard 2A6 တင့်ကားများ ပံ့ပိုးပေးရန် ကတိကဝတ်များ ထပ်မံထွက်ပေါ်မလာသေးကြောင်း ဖေဖော်ဝါရီ ၁၅ ရက်က ဘရပ်ဆဲလ်မြို့တွင် ပြုလုပ်သည့် NATO အဖွဲ့ ထိပ်သီးအစည်းအဝေးတွင် ဂျာမနီစစ်ဘက်အရာရှိတစ်ဦးက သတင်းထောက်များကို ပြောကြားခဲ့သည်။

ဂျာမနီနှင့် ပေါ်တူဂီနိုင်ငံတို့ကသာ အဆိုပါအထူးအမျိုးအစား Leopard 2A6 ကို ပံ့ပိုးပေးရန် ရည်ရွယ်ထားသည်ဟု သိရသည်။

"ကျွန်တော်တို့ တင့်ကားတွေကို တပ်ရင်းတစ်ရင်းစာအတွက် အလုံအလောက်ပေးနိုင်မှာ မဟုတ်ပါဘူး။ Leopard 2A6 တားရှင်းတပ်ရင်း တစ်ဝက်စာနဲ့ Leopard 2A4 တားရှင်းတပ်ရင်းတစ်ရင်းစာ ပေးအပ်သွားနိုင်မှာပါ။ နောက်နှစ်မစခင်မှာ Leopard 1A5 တင့်ကားအစီး ၁၂၀ အောက်မလျော့ပါဘူး။ ဆက်တိုက်ပံ့ပိုးပေးသွားနိုင်မှာပါ" ဟု Pistorius က ဝန်ခံပြောကြားခဲ့သည်။

ပိုလန်နိုင်ငံ၏ ပံ့ပိုးကူညီမှုအပါအဝင် ယနေ့ထိ Leopard 2A4 တင့်ကားအစီး ၃၀ ခန့်ရှိပြီဖြစ်ကြောင်း Pistorius က မှတ်ချက်ပြုခဲ့သည်။ တစ်ဖက်တွင်မူ ဂျာမနီမှ Leopard 2A6 တင့်ကား ၁၄ စီးနှင့် ပေါ်တူဂီမှ တင့်ကားသုံးစီးပေးအပ်ရန်သာ ကတိကဝတ်ပြုထားကြသေးသည်။ ဆွီဒင်နိုင်ငံသည် မည်သည့်တင့်ကားများ ပံ့ပိုးပေးနိုင်ခြင်းရှိ၊ မရှိနှင့် မည်မျှပေးအပ်သွားနိုင်မည်ကို စစ်ဆေးဆဲဖြစ်သည်။ ဂျာမနီကာကွယ်ရေးဝန်ကြီး၏အဆိုအရ နယ်သာလန်နိုင်ငံသည် တင့်ကားများအတွက် လက်နက်ခဲယမ်းမီးကျောက်များ ပံ့ပိုးပေးရာတွင်သာ ပါဝင်မည်ဖြစ်ပြီး ဒိန်းမတ်နိုင်ငံသည် ပံ့ပိုးပေးနိုင်ရေးစဉ်းစားနေဆဲဖြစ်သည်။

မော်ဒယ်ဗားရှင်းများကို မသတ်မှတ်ဘဲ နောက်ဆုံးတွင် တင့်ကားတပ်ရင်း ငါးရင်းမှ ခြောက်ရင်းစာထိ ပို့ဆောင်ပေးမည်ဖြစ်ကြောင်း၊ မတ်လနှောင်းပိုင်းမှ ဧပြီလကုန်ထိ စက်ပစ္စည်းများ၏ နည်းပညာပိုင်းဆိုင်ရာအခြေအနေအရ Leopard 2 တင့်ကားများ အများစုကိုသာ ယူကရိန်းအစိုးရထံ ပို့ဆောင်နိုင်လိမ့်မည်ဖြစ်ကြောင်း Pistorius က အလေးပေးပြောကြားခဲ့သည်။



တစ်ချိန်တည်းတွင် ဂျာမနီက တင့်ကား ၁၄ စီးကို မတ်လနောက်ဆုံးပတ်ထက်နောက်မကျစေဘဲ ယူကရိန်းသို့ပို့ဆောင်လိမ့်မည်ဖြစ်သည်ဟုသိရသည်။

ဇန်နဝါရီ ၂၅ ရက်က ဂျာမနီအစိုးရသည် Leopard 2 တင့်ကား ၁၄ စီးကို ယူကရိန်းသို့ပေးပို့ခဲ့သည်။ အခြားနိုင်ငံများက ပြန်လည်တင်ပို့မှုအတွက် ခွင့်ပြုမည်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။ ဖေဖော်ဝါရီ ၇ ရက်က ဂျာမနီအစိုးရအဖွဲ့မှ ဝန်ကြီးများသည် Leopard 1A5 တင့်ကား ၁၇၈ စီးကို ယူကရိန်းအစိုးရထံပေးအပ်ရန် အတည်ပြုခဲ့ကြသည်။ အဆိုပါတင့်ကားများနှင့်ဆက်စပ်ပစ္စည်းများအားလုံး စက်မှုလုပ်ငန်းစုသိုလှောင်ရုံများမှ ထုတ်ယူအသုံးပြုသွားမည်လည်းဖြစ်သည်။

**Ukraine to receive only half of battalion of Leopard 2A6 tanks German Defense Ministry ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# Press release

On the occasion of the 75th Diamond Jubilee of the establishment of diplomatic relations between the Republic of the Union of Myanmar and the Russian Federation on 18 February 2023, the messages of felicitations were exchanged between H.E. Senior General Min Aung Hlaing, Chairman of the State Administration Council and Prime Minister of the Republic of the Union of Myanmar and H.E. Mr. Vladimir Putin, President of the Russian Federation, H.E. Senior General Min Aung Hlaing, Chairman of the State Administration Council and Prime Minister of the Republic of the Union of Myanmar, and H.E. Mr. Mikhail Mishustin, Prime Minister of the Russian Federation, H.E. U Than Swe, Union Minister for Foreign Affairs of the Republic of the Union of Myanmar and H.E. Mr. Sergey Lavrov, Minister of Foreign Affairs of the Russian Federation, and H.E. Lt. General Yar Pyae, Union Minister for Office of the Union Government of the Republic of the Union of Myanmar and H.E. Mr. Nikolay Patrushev, Secretary of the Security Council of the Russian Federation.

## Message from His Excellency Senior General Min Aung Hlaing, Chairman of the State Administration Council and Prime Minister of the Republic of the Union of Myanmar to His Excellency Mr. Vladimir Putin, President of the Russian Federation on the occasion of the 75th Diamond Jubilee of the Establishment of Diplomatic Relations between the Republic of the Union of Myanmar and the Russian Federation

On the auspicious occasion of the 75th Diamond Jubilee of the establishment of diplomatic relations between the Republic of the Union of Myanmar and the Russian Federation which falls on 18 February 2023, the people of Myanmar join me in extending our warmest felicitations and congratulations to Your Excellency and, through you, to the people of the Russian Federation.

It is with much satisfaction to observe that since the establishment of diplomatic relations in 1948, our two countries have been enjoying the unique time-tested friendship and partnership defined by mutual respect and understanding. Notwithstanding the changing international landscape, the bilateral relations and cooperation between Myanmar and the Russian Federation remain warm and close. There are also substantive people-to-people ties between our two countries with many Myanmar scholars have pursued and many more are still pursuing their studies in Russia. Myanmar always considers Russia an important and reliable partner. We highly value and appreciate Russia's consistent support for Myanmar, both bilaterally and multilaterally, particularly during its difficult times.

I am pleased that the exchange of high-level visits and the increasing engagement and cooperation in various fields at different levels have yielded tangible results for our two countries and peoples. I fondly recall my visit to the Russian Federation in September 2022 where we both agreed to further enhance our bilateral relations and multifaceted cooperation in the mutual interests of our two peoples. I am convinced that the bonds of friendship and cooperation in trade, investment, tourism and cultural sectors will be elevated to new heights with the inauguration of the Myanmar Consulates-General in St. Petersburg and Novosibirsk in the near future.

The year 2023 is an opportune time not only to commemorate the historic milestone in our bilateral ties but also to reflect and invigorate our bilateral relations and mutually beneficial cooperation. A series of commemorative events and activities planned to be held on both sides throughout the year will also pave the way for the further advancement of our bilateral relationship. At this important juncture, I wish to reaffirm the commitment of the Government of Myanmar to work more closely with the Government of the Russian Federation to further strengthen our bilateral relations and expand cooperation in all spheres of common interest that will contribute to the stability and prosperity of the Asia-Pacific region and beyond.

Availing myself of this auspicious occasion, I wish Your Excellency good health, happiness and all success in your future endeavors, as well as continued progress and prosperity of the Russian Federation and its people.

Please accept, Excellency, the renewed assurances of my highest consideration.

## Message from His Excellency Mr. Vladimir Putin, President of the Russian Federation to His Excellency Senior General Min Aung Hlaing, Chairman of the State Administration Council and Prime Minister of the Republic of the Union of Myanmar on the occasion of the 75th Diamond Jubilee of the Establishment of Diplomatic Relations between the Republic of the Union of Myanmar and the Russian Federation

Please accept sincere greetings on the occasion of the 75th anniversary of the establishment of diplomatic relations between our states.

Russia-Myanmar ties are developing in an upward direction. We have succeeded in significantly expanding political contacts, mutually beneficial cooperation in the trade and economic, military and technical, humanitarian and other areas. Russia and Myanmar stand together for building a fair multipolar world order based on the genuine equality and the rule of the international law.

I am convinced that by joining our efforts, we will manage to further build up constructive bilateral interaction in all spheres. This, no doubt, meets the interests of our people and contributes to strengthening security and stability in the Asian-Pacific region.

I wish You good health and success and to all citizens of Myanmar – peace and prosperity.

## Message from His Excellency Senior General Min Aung Hlaing, Chairman of the State Administration Council and Prime Minister of the Republic of the Union of Myanmar to His Excellency Mr. Mikhail Mishustin, Chairman of the Government of the Russian Federation on the occasion of the 75th Diamond Jubilee of the Establishment of Diplomatic Relations between the Republic of the Union of Myanmar and the Russian Federation

On behalf of the government of the Republic of the Union of Myanmar and myself, I take great pleasure in conveying our cordial greetings and congratulations to Your Excellency and, through you, to the government of the Russian Federation as we celebrate the 75th Diamond Jubilee of the establishment of diplomatic relations between the Republic of the Union of Myanmar and the Russian Federation on 18 February 2023.

The USSR was one of the first countries that Myanmar established diplomatic relations with soon after it gained independence in 1948. Since then, the amicable ties and constructive cooperation between our two countries have strengthened across many areas of common interest.

I truly believe that this special occasion offers us a great opportunity to work together to further consolidate our friendship and usher in a new era that will maximize the vast potential to strengthen our bilateral cooperation. I look forward to an even greater enhancement of our bilateral cooperation through our joint efforts in the coming years for mutual benefits of our two countries and peoples.

Taking this opportunity, I convey my sincere best wishes to Your Excellency for your personal well-being and happiness as well as for the continued progress and prosperity of the Russian Federation.

With the renewed assurances of my highest consideration,

*See Page 13*

*From Page 12*

## Message from His Excellency Mr. Mikhail Mishustin, Chairman of the Government of the Russian Federation to His Excellency Senior General Min Aung Hlaing, Chairman of the State Administration Council and Prime Minister of the Republic of the Union of Myanmar on the occasion of the 75th Diamond Jubilee of the Establishment of Diplomatic Relations between the Republic of the Union of Myanmar and the Russian Federation

On behalf of the Government of the Russian Federation and from me personally I am sending You the greetings on the occasion of the 75th anniversary of the establishment of diplomatic relations between the Russian Federation and the Republic of the Union of Myanmar.

I would like to emphasize that Russia-Myanmar relations are based on the principles of friendship, partnership, mutual respect and consideration of the interests of each other. The cooperation in trade and economics, science, technology and humanitarian area is developing gradually. Joint projects are being carried out in the energy sector, industry, transport infrastructure, education and high technological spheres.

I am convinced that our active collaboration at the governmental level will contribute further to expanding practical cooperation and promoting new mutually beneficial initiatives. It fully meets the interests of the Russian Federation and the Republic of the Union of Myanmar.

I wish You, dear Mr. Min Aung Hlaing, good health and new success in Your responsible activity, happiness and well-being to all citizens of Myanmar.

## Message from His Excellency U Than Swe, Union Minister for Foreign Affairs of the Republic of the Union of Myanmar to His Excellency Mr. Sergey Lavrov, Minister of Foreign Affairs of the Russian Federation on the occasion of the 75th Diamond Jubilee of the Establishment of Diplomatic Relations between the Republic of the Union of Myanmar and the Russian Federation

It is with immense pleasure that I extend my warmest congratulations and sincere wishes to Your Excellency on the momentous occasion of the 75th Diamond Jubilee of the establishment of diplomatic relations between the Republic of the Union of Myanmar and the Russian Federation, which falls on 18 February 2023.

Myanmar and the Russian Federation have maintained and cherished long-standing cordial relations and close cooperation over the past seventy five years. It is also a matter of profound satisfaction that Myanmar and Russia enjoy close collaboration in regional and international frameworks, including ASEAN, ASEM and the United Nations.

As we celebrate the diamond jubilee of the establishment of diplomatic ties, I look forward to enhancing our coordination and cooperation in bilateral, regional, and multilateral contexts in the years ahead to serve the interests of our two nations and peoples. On this note, I express my willingness to make joint efforts with Your Excellency to consolidate the friendly and cooperative relations between our two ministries and countries.

Taking this opportunity, I convey my warm wishes to Your Excellency for your personal well-being, happiness, and for the lasting prosperity of the people of the Russian Federation.

Please accept, Excellency, the assurances of my highest consideration.

## Message from His Excellency Mr. Sergey Lavrov, Minister of Foreign Affairs of the Russian Federation to His Excellency U Than Swe, Union Minister for Foreign Affairs of the Republic of the Union of Myanmar on the occasion of the 75th Diamond Jubilee of the Establishment of Diplomatic Relations between the Republic of the Union of Myanmar and the Russian Federation

Please accept heartfelt greetings on the occasion of the 75th anniversary of the establishment of diplomatic relations between the Russian Federation and the Republic of the Union of Myanmar.

The bilateral ties are gradually developing in a wide range of areas on the basis of traditional friendship, mutual understanding and respect, which have been formed between our countries during the last decades. We are glad to note the building up of a trustful political dialogue and practical cooperation in priority areas that has been evidenced by the meeting of the two heads of state on the margins of the 7th Eastern Economic Forum in Vladivostok in September of 2022.

We attach great importance to strengthening interaction between our foreign ministries on urgent issues of the global and regional agenda, coordination efforts in multilateral organizations and fora. Myanmar's intention to join the activity of the Shanghai Cooperation Organization and Eurasian Economic Union has created a new vector of collaboration. We are convinced that this all contributes to security and sustainable development in the South East Asia and Asia-Pacific region as a whole.

I sincerely wish You, dear U Than Swe, and to all colleagues in the MFA of Myanmar good health and success in your work.

## Message from His Excellency Lt. General Yar Pyae, Union Minister for the Office of the Union Government and National Security Advisor of the Republic of the Union of Myanmar to His Excellency Mr. Nikolay Patrushev, Secretary of the Security Council of the Russian Federation on the occasion of the 75th Diamond Jubilee of the Establishment of Diplomatic Relations between the Republic of the Union of Myanmar and the Russian Federation

On behalf of the Government of the Republic of the Union of Myanmar and on my own, I am pleased to extend my congratulations on the occasion of the 75th Anniversary of our diplomatic relations on 18th February 2023.

On this auspicious occasion, may I reiterate that the Myanmar-Russian cooperation is based on the solid traditions of friendship and mutual respect through the test of time. During the past more than seven decades, our countries have achieved significant success in multi-sector cooperation through cordial ties as strategic partnership.

Taking this opportunity, I would like to emphasize that our bilateral interaction and practical cooperation in several areas including defense, trade and economic, science and technical sector are strengthening for the benefit and well-being of our peoples.

I wish to reaffirm the commitment to further advance and deepen our cooperation in all spheres and to strive of promoting security, peace and stability in the Asia Pacific region and global agenda with cooperative manners.

With all my heart, I wish you, H.E. Mr. Nikolay Patrushev, good health, well-being and success as well as happiness and prosperity to all Russian people.

## Message from His Excellency Mr. Nikolay Patrushev, Secretary of the Security Council of the Russian Federation to His Excellency Lt. General Yar Pyae, Union Minister for the Office of the Union Government and National Security Advisor of the Republic of the Union of Myanmar on the occasion of the 75th Diamond Jubilee of the Establishment of Diplomatic Relations between the Republic of the Union of Myanmar and the Russian Federation

Please accept the greetings on the occasion of the 75th anniversary of the establishment of diplomatic relations between our countries.

Myanmar-Russia ties traditionally have a friendly character and are based on mutual respect of the interests of each other.

I am convinced that the cooperation between Moscow and Nay Pyi Taw in the field of security will contribute both to prosperity of our people and to maintenance of stability in the whole Asian-Pacific region.

I look forward to meeting You personally in Moscow on May 23-25, 2023 on the margins of the XI International meeting of high representatives responsible for security matters to continue our constructive dialogue.

I wish You good health, well-being and further success in Your professional activity.

# Myanmar plans to export 300,000 tons of rice and broken rice in February and March


Bags of rice stockpiled in a warehouse before export.

**Nay Pyi Taw February 17**

Myanmar planned to export 300,000 tons of rice and broken rice in February and March of 2022-2023 FY, according to U Ye Min Aung, chairman of the Myanmar Rice Federation.

Myanmar is aiming to export two million tons of rice and broken rice to foreign countries in 2022-23 FY. Myanmar exported 1,908,327.766 tons of rice and broken rice till the end of January 2022. In February and March, 150,000 tons of rice and 150,000 tons of broken rice will be exported.

Myanmar is exporting rice and broken rice through border and sea trade. In January, 268,835 metric tons of rice and broken rice were exported. In that period, 49 companies exported 171,811 metric tons of rice and 97,024 metric tons of broken rice.

China, Europe, Philippines Bangladesh and Africa have purchased rice from Myanmar and China and European countries mainly bought broken rice. China, Philippines, Spain, Italy and Netherlands bought rice mostly in July and Belgium, China and Spain bought broken rice mainly. ASH

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Mawlaik District plants over 30,000 acres of beans and pulses

**Mawlaik February 17**

More than 30,000 acres of beans and pulses were planted in Mawlaik District, Sagaing Region during the 2022-2023 winter crop planting season, according to Mawlaik District Agriculture Department.

During the winter crop planting season of 2022-2023, 33,224 acres of bean and pulse crops were earmarked to be planted in Mawlaik District, and since October 2022, 30,411 acres have been planted.

"During winter, the cultivation of beans and pulses is normal. Regarding the cultivation of beans and pulses, fieldwork is carried out to ensure correct planting methods, to plant good varieties and to prevent pest that attacks crops," said Daw Kyawe Kyawe Hlaing, District Head of the Agriculture Department of Mawlaik District.

The relevant Township Department of Agriculture is working on raising awareness about beans and pulses farmers in Mawlaik District with good varieties suitable for the area, a clean breed correct planting method, pest control, proper use of fertilizers and yield improvement. 206


A bean plantation.

# Michigan derailment: No hazardous material spilled in second rail crash

**Michigan February 17**

A train carrying chemicals has derailed near Detroit but the carriage containing them stayed on the rails and officials say there has been no leak.

It was operated by Norfolk Southern, the same train company at the centre of the Ohio crash which caused a toxic plume over a huge area two weeks ago.

In the latest incident, about 30 train cars went off the tracks in Van Buren Township, Michigan.

There is an investigation but nothing has leaked, officials said.

The number of trail derailments, especially those involving freight, has come under scrutiny since the environmental disaster began unfolding in East Palestine, Ohio.

On 3 February, a Norfolk Southern freight train carrying several potentially dangerous chemicals derailed in the small town causing a huge fire and sparking fears among residents about the safety of the air and water.

Government officials have said both are safe, but thousands of fish in the Ohio River have died and residents have raised concerns about head aches and nausea.

A dangerous chemical known as vinyl chloride which leaked in the crash was burned before it could explode. BBC


About 30 cars derailed in Van Buren Township, Michigan.

# Syrians in Turkey cross border after earthquake

**Ankara February 17**

Hundreds of Syrians living in Turkey have returned to the war-torn country after last week's devastating earthquake.

The Turkish government has allowed Syrians with ID cards from the quake-hit Turkish provinces to leave for up to six months.

The rule change has led to hundreds queuing for hours at border crossings.

Almost four million Syrians have settled in Turkey since civil war broke out in their home country 12 years ago.

Some survivors of last week's earthquake are making the trip to the crossings in an attempt to reunite with family members back in Syria, some of whom they have not seen for years.

Many of those queueing have travelled with their families and large amounts of luggage, waiting for security personnel to allow them forward for processing.

Abbas Albakour told the AFP news agency he was returning home to Syria after his home in Kharamanmaras, near the earthquake's epicentre, had been destroyed.

"In Syria, there have been problems for 12 years, but right now the biggest catastrophe is in Turkey," he said at the Cilvegozu border crossing.

About 1,500 Syrians living in Turkey are thought to have died in the earthquake.

Meanwhile, rescue efforts are continuing in Turkey. On Friday, two more people were pulled alive from the rubble in the city of Antakya some 11 days on from the earthquake.

BBC

# ပင်းတယမြို့နယ် ပွေးလှရေလှောင်ကန်မှ ဒေသခံပြည်သူများအတွက် စိုက်ပျိုးရေ၊ သောက်သုံးရေများ လုံလောက်စွာ စတင်ပေးဝေ



**ပင်းတယ ဖေဖော်ဝါရီ ၁၇**

မနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ပင်းတယမြို့နယ်အတွင်းရှိ ပွေးလှရေလှောင်ကန်မှ ဒေသခံပြည်သူများအတွက် စိုက်ပျိုးရေ၊ သောက်သုံးရေကို ယနေ့မှ စတင်၍ လုံလောက်စွာ ပေးဝေလျက်ရှိကြောင်း ရှမ်းပြည်နယ်(တောင်ပိုင်း) ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးခင်မောင်လွင်က ပြောပြ၍ သိရသည်။

ရှမ်းပြည်နယ် (တောင်ပိုင်း) မနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ပွေးလှကျေးရွာ အနောက်တောင်ဘက်ရှိ ပွေးလှရေလှောင်ကန် အထွေထွေပြုပြင်ခြင်းလုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေကျပ် သန်း ၁၉၀ ဖြင့် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ ယနေ့မှစတင်က ဒေသခံတောင်သူများအတွက် စိုက်ပျိုးရေ၊ သောက်သုံးရေများကို စတင်ပေးဝေနေပြီဖြစ်ကြောင်း သိရသည်။

"ပွေးလှရေလှောင်ကန် အထွေထွေပြုပြင်တဲ့လုပ်ငန်းတွေ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်တဲ့အတွက် ပွေးလှကျေးရွာအုပ်စု၊ ကျားကုန်းကျေးရွာအုပ်စု၊ တမဲကျေးရွာအုပ်စုနဲ့ သရက်ကုန်းကျေးရွာအုပ်စုမှာရှိတဲ့ လူဦးရေ ၅၀၀၀ ကျော်ကို အကျိုးပြုစေမှာဖြစ်ပါတယ်။ ဒေသခံတွေရဲ့ စိုက်ပျိုးရေးလုပ်ငန်းတွေအတွက် စိုက်ပျိုးရေလုံလုံလောက်လောက် ပေးဝေနိုင်ပြီဖြစ်ပါတယ်။ စိုက်ပျိုးရေးလုပ်ငန်းတွေ အောင်မြင်ဖြစ်ထွန်းလာတဲ့အတွက် ဒေသခံပြည်သူတွေရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေဖို့ အကျိုးပြုစေမှာပါ။ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနဲ့ နွေရာသီရေရှားပါးချိန်မှာလဲသောက်သုံးရေတွေကို စဉ်ဆက်မပြတ်ပေးဝေနိုင်ပြီဖြစ်ပါတယ်"ဟု လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးခင်မောင်လွင်က ပြောပြသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက တာဝန်ယူထိန်းသိမ်းဆောင်ရွက်နေသည့် ရေလွှဲဆည် ၁၁ ခု၊ ရေလှောင်တမံသုံးခုရှိပြီး နှစ်စဉ် ဘဏ္ဍာနှစ်အလိုက် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနေကြောင်း ၎င်းက ပြောပြ၍ သိရသည်။

**ကျော်ဇေဥ်း(မော်ရမ်းမြေ)**

# ကဝမြို့နယ် ကန်တော်ကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ကဝ ဖေဖော်ဝါရီ ၁၇**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် ကန်တော်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကဝမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စုလှိုင်နှင့်တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများက ကန်တော်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများရေရှည်တည်တံ့စေရေးအတွက် ပိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားခဲ့ကြောင်း သိရသည်။

ကန်တော်ကျေးရွာတွင် လမ်းအရှည် ၈၇၅ ပေ၊ အကျယ် ၃ ပေ၊ အမြင့် ၆ လက်မရှိ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ် ၁၀ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၈ ဒသမ ၄၆၀၅ သန်း စုစုပေါင်း ၁၈ ဒသမ ၄၆၀၅ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာပံ့ပိုးကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အောက်တိုဘာလ ဒုတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။



ကန်တော်ကျေးရွာတွင် ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာရှိ အိမ်ခြေ ၂၄၂ အိမ်၊ လူဦးရေ ၁၃၀၅ တို့အတွက် အကျိုးပြုမည်ဖြစ်ကြောင်းနှင့် ကျေးလက်နေပြည်သူများ ယခင်ကထက် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **သန္တာ**

# ရပ်စောက်မြို့နယ် လွယ်မောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရပ်စောက် ဖေဖော်ဝါရီ ၁၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာနှစ်ရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဋ္ဌမအကြိမ် ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက လွယ်မောကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရပ်စောက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရွေးရယ်က လွယ်မောကျေးရွာနှင့် ပေါခမ်းကျေးရွာများရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင် အသင်းသား၊ အသင်းသူများ၊ ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဦးစီးအရာရှိ ဒေါ်ခင်နှင်းသက်၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၆၅၂ သိန်းလွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အဋ္ဌမအကြိမ်မြောက်အဖြစ် လွယ်မောကျေးရွာနှင့် ပေါခမ်းကျေးရွာတို့ရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်မည့် အသင်းသား၊ အသင်းသူ စုစုပေါင်း ၉၂ ဦးကို ရန်ပုံငွေကျပ် ၆၅၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၇-၂-၂၀၂၃**

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၆၁၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၂၈၀၀၀ |
| **(စွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| နွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀/၁၂၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၆၀၀/၆၀၀၀ |
| **ဓာတ်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၂၉၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၃၇၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၁၈၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၂၃၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၃၁၀ |
| **(သာ ဓာတ်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)



**အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေသည့် ကမ္ဘာ့ရေးရာ၊ မြန်မာရေးရာနှင့် တိုင်းရင်းသားရေးရာ စာအုပ်များကို ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးစိုင်းအိုက်ပေါင်းအား လက်ဆောင်ပေးအပ်စဉ်။**

❑ **တွေ့ဆုံဆွေးနွေးမှု**

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့်ညှိနှိုင်းရေးကော်မတီဝင်များ၊ နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ခေါင်းဆောင် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးစိုင်းအိုက်ပေါင်းနှင့် အလုပ်အဖွဲ့ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ခေါင်းဆောင် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးစိုင်းအိုက်ပေါင်းတို့က နှုတ်ခွန်းဆက် အမှာစကားများ ပြောကြားကြသည်။ ယင်းနောက် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)မှ ပြင်ဆင်လိုသည့်အချက်များနှင့် စပ်လျဉ်း၍ နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့မှ အဆိုပြုတင်ပြပြီးနောက် ညှိနှိုင်းရေးကော်မတီမှ လေ့လာဆန်းစစ်တွေ့ရှိချက်များကို တစ်ချက်ချင်းအလိုက် အလွတ်သဘော ပြန်လည်ရှင်းလင်းဆွေးနွေးပြီး အဆိုပြုချက်များအပေါ် တက်ရောက်လာသူများက မိမိတို့၏သဘောထားများကို အပြန်အလှန် ဆွေးနွေးညှိနှိုင်းကြသည်။ ထို့နောက်နိုင်ငံရေးပါတီအစုအဖွဲ့ ပြန်လည်ပြင်ဆင်ရေးကိစ္စနှင့်ပတ်သက်၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအရ ဖွဲ့စည်းပေါ်ပေါက်လာမည့် နိုင်ငံရေးပါတီများတည်ထောင်ပြီးနောက်ပိုင်း ယခုကဲ့သို့ နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ကို ပြန်လည်ဖွဲ့စည်းနိုင်မည့် အခြေအနေကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

ယင်းနောက် ယနေ့တွေ့ဆုံဆွေးနွေးပွဲ၌ နှစ်ဖက်ဆွေးနွေးချက်များအရ ရရှိလာသည့်သဘောထားများကို သဘောထားစုစည်းချက်များအဖြစ် မှတ်တမ်းတင်ခဲ့ကြသည်။ ထို့နောက်နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့ခေါင်းဆောင် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးစိုင်းအိုက်ပေါင်းက ကျေးဇူးတင်စကားပြောကြားပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ပြီး ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေသည့် ကမ္ဘာ့ရေးရာ၊ မြန်မာရေးရာနှင့် တိုင်းရင်းသားရေးရာစာအုပ်များကို လက်ဆောင်ပေးအပ်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် အိန္ဒိယသမ္မတနိုင်ငံ ယဉ်ကျေးမှု၊ ခရီးသွားနှင့် အရှေ့မြောက်ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာဝန်ကြီးတို့၏ Virtual Meeting ကျင်းပ




**ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် အိန္ဒိယသမ္မတနိုင်ငံ ယဉ်ကျေးမှု၊ ခရီးသွားနှင့် အရှေ့မြောက်ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာဝန်ကြီးတို့၏ Virtual Meeting ကျင်းပစဉ်။**

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် အိန္ဒိယသမ္မတနိုင်ငံ ယဉ်ကျေးမှု၊ ခရီးသွားနှင့် အရှေ့မြောက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဝန်ကြီး H.E. ShriG.Kishan Reddy တို့၏ Virtual Meeting ကို ယနေ့ညနေပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် နှစ်နိုင်ငံနယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေး၊ ပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေး၊ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်ချုပ်ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ တာဝန်ရှိသူများ၊ အိန္ဒိယသမ္မတနိုင်ငံသံရုံးမှ သံမှူးကြီး၊ သံရုံးယာယီတာဝန်ခံနှင့် ပထမအတွင်းဝန်တို့ တက်ရောက်ခဲ့ကြပြီး အိန္ဒိယဘက်မှ ယဉ်ကျေးမှု၊ ခရီးသွားနှင့် အရှေ့မြောက်ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာဝန်ကြီးနှင့်အတူ အိန္ဒိယနိုင်ငံယဉ်ကျေးမှု၊ ခရီးသွားနှင့် အရှေ့မြောက်ဒေသ ဝန်ကြီးဌာနနှင့် ပြည်ပရေးရာဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမိုးကျော်အောင်တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံး စီမံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလွင်အောင်အား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

**ရှေ့ဖုံးမှအဆက်**

၁၉၄၈ ခုနှစ်တွင် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးစတင်ထူထောင်ခဲ့ချိန်မှစ၍ မိမိတို့နှစ်နိုင်ငံသည် အပြန်အလှန်လေးစားမှု၊ နားလည်မှုတို့ဖြင့် ထူးခြားသောကာလရှည်ကြာ ချစ်ကြည်ရင်းနှီးမှုကို တည်ဆောက်ပိုင်ဆိုင်ထားသည်ကို နှစ်ထောင်းအားရဖွယ် တွေ့ရှိရပါသည်။ နိုင်ငံတကာအခင်းအကျင်းတွင် ပြောင်းလဲမှုများရှိလင့်ကစား မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့၏ ချစ်ကြည်ရင်းနှီးမှုနှင့် မိတ်ဖက်ဆောင်ရွက်မှုတို့သည် ဆက်လက်နွေးထွေး နီးကပ်နေကြဆဲပင်ဖြစ်ပါသည်။ ရုရှားနိုင်ငံ၌ မြန်မာကျောင်းသားများစွာ ပညာသင်ယူခဲ့ကြပြီး နောက်ထပ်ပညာသင်များစွာလည်း ပညာသင်ယူလျက်ရှိသည်နှင့်အတူ နှစ်နိုင်ငံအကြားအထူးကောင်းမွန်သည့် ပြည်သူအချင်းချင်းဆက်သွယ်မှုများလည်းရှိပါသည်။ မြန်မာနိုင်ငံသည် ရုရှားနိုင်ငံကို အရေးကြီးပြီး ယုံကြည်အားထားရသော မိတ်ဖက်နိုင်ငံအဖြစ် အစဉ်မှတ်ယူထားပါသည်။ မိမိတို့အနေဖြင့် ရုရှားနိုင်ငံ၏ မြန်မာနိုင်ငံအပေါ် နှစ်နိုင်ငံချင်းသာမက နိုင်ငံတကာမျက်နှာစာ အထူးသဖြင့် မြန်မာနိုင်ငံ၏ ခက်ခဲသောကာလများတွင် အစဉ်တစိုက် ထောက်ခံပေးမှုအပေါ် မြင့်မားစွာတန်ဖိုးထားကျေးဇူးတင်ရှိပါသည်။

နှစ်နိုင်ငံအဆင့်မြင့် အပြန်အလှန်ခရီးစဉ်များနှင့် နယ်ပယ်စုံအဆင့်အသီးသီးတွင် ထိတွေ့ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လာခြင်းက နှစ်နိုင်ငံနှင့် ပြည်သူများအတွက် အကျိုးရလဒ်ကောင်းများကို ဖြစ်ထွန်းစေခဲ့သည်ကိုလည်း မိမိအနေဖြင့် ဝမ်းမြောက်ပါသည်။ ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် ရုရှားနိုင်ငံသို့သွားရောက်ခဲ့သည့် မိမိ၏ခရီးစဉ်အတွင်း၌ မိမိတို့နှစ်ဦးလုံးသည် နှစ်နိုင်ငံဆက်ဆံရေးနှင့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုကို နှစ်နိုင်ငံပြည်သူများ၏ ဘုံအကျိုးစီးပွားအတွက် ပိုမိုမြှင့်တင်သွားရန်သဘောတူခဲ့ကြသည်ကို ဝမ်းမြောက်စွာအမှတ်ရမိပါသည်။ မကြာမီကာလအတွင်း စိန့်ပီတာစဘတ်မြို့နှင့် နိုဗိုစီဗစ်မြို့၌ မြန်မာကောင်စစ်ဝန်ချုပ်ရုံးများ ဖွင့်လှစ်ခြင်းဖြင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြင့်မားသည့်အဆင့်တစ်ခုသို့ မြှင့်တင်ဆောင်ရွက်နိုင်မည်ဟု အခိုင်အမာယုံကြည်ပါသည်။

၂၀၂၃ ခုနှစ်သည် နှစ်နိုင်ငံဆက်ဆံရေးသမိုင်းမှတ်တိုင်တစ်ရပ်ကို အမှတ်ရဖော်ကျူးရန် အခါသမယတစ်ခုအဖြစ်သာမက နှစ်နိုင်ငံဆက်ဆံရေးနှင့် နှစ်ဖက်အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို ပြန်လည်သုံးသပ်၍ အားသစ်လောင်းနိုင်မည့် အချိန်အခါတစ်ခုလည်း ဖြစ်ပါသည်။ ယခုတစ်နှစ်တာကာလပတ်လုံး နှစ်နိုင်ငံတွင် ကျင်းပရန်လျာထားသည့် အထိမ်းအမှတ်အခမ်းအနားများနှင့် လှုပ်ရှားမှုများကလည်း မိမိတို့နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုခိုင်မာစေရန် လမ်းခင်းပေးမည်ဖြစ်ပါသည်။ ယခုကဲ့သို့ အရေးပါသည့်အခါသမယတွင် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုခိုင်မာစေရန်နှင့် အာရှပစိဖိတ်ဒေသနှင့် ယင်းဒေသအပြင်ဘက် တည်ငြိမ်သာယာဝပြောရေးအတွက် အထောက်အကူဖြစ်စေမည့် ဘုံအကျိုးစီးပွားဖြစ်ထွန်းစေသည့် ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှု ချဲ့ထွင်သွားရေးအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံအစိုးရနှင့် ပိုမိုနီးကပ်စွာ လက်တွဲလုပ်ဆောင်သွားမည့် မြန်မာနိုင်ငံအစိုးရ၏ ကတိကဝတ်ကိုလည်း ထပ်လောင်းအတည်ပြုအပ်ပါသည်။

ယခုကဲ့သို့ မင်္ဂလာရှိသောအခါသမယတွင် အဆွေတော်ကျန်းမာရွှင်လန်းပါစေကြောင်း၊ အနာဂတ်လုပ်ငန်းဆောင်တာများတွင် အောင်မြင်မှုများရရှိပါစေကြောင်းနှင့် ရုရှားနိုင်ငံနှင့် ပြည်သူများ ဆက်လက်တိုးတက်သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ထပ်လောင်းဖော်ပြအပ်ပါသည်။

■ **သဝဏ်လွှာပေးပို့မှုအဆက်**

တပ်မတော်ပိုင်း၊ နည်းပညာ၊ လူသားချင်းစာနာထောက်ထားမှုနှင့် အခြားနယ်ပယ်များတွင် အပြန်အလှန်အကျိုးဖြစ်ထွန်းစေသည့် ပူးပေါင်းဆောင်ရွက်မှုများတွင် သိသာထင်ရှားစွာ တိုးတက်အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ စစ်မှန်သောသာတူညီမျှမှုနှင့် အပြည်ပြည်ဆိုင်ရာဥပဒေများကိုအခြေခံသည့် တရားမျှတသောဗဟုဝင်ရိုး ကမ္ဘာ့အခင်းအကျင်းတစ်ရပ်တည်ဆောက်ရေးအတွက် ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် အတူတကွရပ်တည်လျက်ရှိပါသည်။

မိမိတို့၏ ပူးပေါင်းအားထုတ်မှုများဖြင့် နယ်ပယ်စုံတွင် အပြုသဘောဆောင်သော နှစ်နိုင်ငံထိတွေ့ဆက်ဆံမှုများကို ဆက်လက်တည်ဆောက်နိုင်မည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။ ယင်းသို့ဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်ပြီး အာရှ-ပစိဖိတ်ဒေသလုံခြုံရေးနှင့် တည်ငြိမ်ရေးတို့အတွက် အထောက်အကူဖြစ်စေမည်ဟုယုံကြည်ပါသည်။

အဆွေတော်ကျန်းမာရွှင်လန်း၍ အောင်မြင်မှုများရရှိပါစေကြောင်းနှင့် မြန်မာနိုင်ငံသားများအားလုံး ငြိမ်းချမ်းသာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

# မာရဝိဇယရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရာတွင် အသုံးပြုနိုင်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်း



မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရာတွင် အသုံးပြုနိုင်ရေးအတွက် အလှူရှင် ဦးဇေ့ဟုတ်နှင့် ဇနီး ဒေါက်တာအေးအေးမာ မိသားစုက အလှူငွေများ လှူဒါန်းရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေက လက်ခံရယူစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရာတွင် အသုံးပြုနိုင်ရေး အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများလှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ပြုလုပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများ၊ အလှူရှင်နှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ အလှူရှင် ဦးဇေ့ဟုတ်နှင့် ဇနီး ဒေါက်တာအေးအေးမာ မိသားစုက ကျောက်စာရုံစေတီတစ်ဆူအတွက် အလှူငွေကျပ် ၂၇၉ သိန်း၊ ပိဋကတ် သုံးပုံ ကျမ်းစာအုပ်(ဂျပန်ဘာသာ)တစ်အုပ်နှင့်ငွေကျပ်သိန်း ၂၀ တို့ကို ပေးအပ်လှူဒါန်းရာ တိုင်းမှူးက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ် စကားဝိုင်းဆွေးနွေးပွဲအခမ်းအနားကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရုရှားအရှေ့ဖျားဖက်ဒရယ်တက္ကသိုလ်က ကြီးမှူးကျင်းပသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အခမ်းအနားကို ယနေ့တွင် Virtual စနစ်ဖြင့်ကျင်းပသည်။

အခမ်းအနားတွင် ရုရှားအရှေ့ဖျားဖက်ဒရယ်တက္ကသိုလ် ဒုတိယဥက္ကဋ္ဌ Dr Evgeny Vlasov၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာမြန်မာသံအမတ်ကြီး ဦးလွင်ဦး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာရုရှားသံအမတ်ကြီး Dr Nikolay Listopadov၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုင်းကျော်နိုင်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကိုတို့က မြန်မာ-ရုရှား သံတမန်ဆက်ဆံရေးထူထောင်မှု စိန်ရတုအထိမ်းအမှတ်ဆိုင်ရာ အဖွင့်အမှာစကားများ ပြောကြားကြသည်။

အဆိုပါစကားဝိုင်းဆွေးနွေးပွဲတွင် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုအခွန့်ရှည်ခိုင်မြဲရေး ကိစ္စရပ်များ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများ၊လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နျူကလီးယားနည်းပညာကို ငြိမ်းချမ်းသော ရည်ရွယ်ချက်ဖြင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုးမြှင့်ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အခြေအနေများနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် အလားအလာများကို ဆွေးနွေးပြောကြားကြသည်။

စကားဝိုင်းဆွေးနွေးပွဲသို့ ပညာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ဆွေထွန်း၊ ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်းမှ ဦးမျိုးမြင့် အပါအဝင် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေးနယ်ပယ် အသီးသီးမှ ပညာရှင်များ၊ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး သိရှိလိုသည်များကို ပါဝင်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် အစားထိုးခန့်အပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၂၃/၂၀၂၃**
၁၃၈၄ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၃ ရက်
(၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်)

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် အစားထိုးခန့်အပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပူဝင့်ကမ်းလျန် အစား ဒေါက်တာမူထန်အား အစားထိုးခန့်အပ်လိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၂၄/၂၀၂၃**
၁၃၈၄ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၃ ရက်
(၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်)

### ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးအေးကျော်အား လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

☆ **ကျောဖုံးမှအဆက်**

တပ်မတော်သားများကို အလေးပြုပြီးနောက် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးက အဖွင့်မိန့်ခွန်းပြောကြားသည်။

ထို့နောက် တပ်မတော်ဂုဏ်ပြုစစ်တီးဝိုင်းအဖွဲ့က သရုပ်ပြတီးခတ်ဖျော်ဖြေကြရာ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် တက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများက ကြည့်ရှုအားပေးခဲ့ကြပြီး တပ်မတော်ဂုဏ်ပြုစစ်တီးဝိုင်းအဖွဲ့ကို ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ (၇၈)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် (၂၉)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၀ ရက်ထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်စစ်တီးဝိုင်းအသင်း ၃၁ သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

## တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ဖေဖော်ဝါရီ ၂၀ ရက်မှစ၍ ထုတ်ယူနိုင်

**သတင်းကြေညာချက်**

၁။ ၂၀၂၃ ခုနှစ် မတ် ၈ ရက်မှ ၁၈ ရက်ထိကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုခွင့်လျှောက်ထားကြသော ကျောင်းသား၊ ကျောင်းသူများသိရှိရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

(က) တိုင်းဒေသကြီး၊ ပြည်နယ်များရှိ စာစစ်ဌာနအသီးသီးတွင်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများသည် မိမိတို့၏ ဓာတ်ပုံကပ်ထားသည့် ခုံအမှတ်စဉ်ပါသော စာမေးပွဲဖြေဆိုခွင့်ကတ်ပြား (Identity Card)များကို ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက် တနင်္လာနေ့မှစ၍ ထုတ်ယူကြရပါမည်။

(ခ) အခြေခံပညာအထက်တန်းကျောင်း၊(ကျောင်းခွဲ)နှင့် (တွဲဖက်)အခြေခံပညာအထက်တန်းကျောင်း၊ ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများသည် မိမိတို့၏ စာမေးပွဲဖြေဆိုခွင့်ကတ်ပြား(Identity Card)များကို မိမိတို့ကျောင်းအုပ်ကြီးများထံမှ ထုတ်ယူကြရပါမည်။

(ဂ) ပြင်ပမှဖြေဆိုသူများသည် စာမေးပွဲဖြေဆိုခွင့်ကတ်ပြား(Identity Card)များကို မိမိတို့ဖြေဆိုရမည့် စာစစ်ဌာနကြီးကြပ်ရေးမှူးများထံမှ ထုတ်ယူကြရပါမည်။

၂။ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စာမေးပွဲဖြေဆိုခွင့်ကတ်ပြား (Identity Card)များ ထုတ်ယူရာတွင် အခက်အခဲရှိပါက သက်ဆိုင်ရာကျောင်းအုပ်ကြီးများ၊ စာစစ်ဌာနကြီးကြပ်ရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများနှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနထံ တိုက်ရိုက်စုံစမ်းမေးမြန်းနိုင်ပါသည်။

**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**



မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

# မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို တပ်မတော်နယ်လှည့်အထူးဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

မကွေးတိုင်း ဒေသကြီးအတွင်း ရောက်ရှိနေသော တပ်မတော်နယ်လှည့် အထူးဆေးကုသရေးအဖွဲ့သည် ယနေ့တွင် တောင်တွင်းကြီးမြို့နယ် ဆတ်သွားကျေးရွာရှိ ပေါ်တော်မူဆုတောင်းပြည့်ဘုရားကြီး ကျောင်းဓမ္မာရုံ၌ အခြေပြု၍ အဆိုပါ ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ စုစုပေါင်း ၄၂၇ ဦးကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၁၈ ဦး၊ ခွဲစိတ်ရောဂါ ၂၆ဦး၊ ကလေးရောဂါ ခုနစ်ဦး၊ သားဖွား မီးယပ်ရောဂါ ၁၂ ဦး၊ အရိုးရောဂါ ဦးရေ ၁၁၀၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၁၆ ဦး၊ မျက်စိရောဂါ ၈၂ ဦး၊ သွားရောဂါ ၁၃ ဦးနှင့် အထွေထွေရောဂါ ၄၃ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ဓာတ်မှန်ရိုက်လူနာ ဦးရေ ၂၀၊ Ultrasound ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၂၈ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၅ဦးနှင့်ဓာတ်ခွဲစမ်းသပ်လူနာ ၅၇ ဦးတို့ကို သွေ့လျားဓာတ်မှန်ရိုက်ယာဉ်နှင့် သွေ့လျားဓာတ်ခွဲခန်းယာဉ်တို့ဖြင့် ရောဂါရှာဖွေ စမ်းသပ်စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မကွေးတိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ တပ်မတော်နယ်လှည့် အထူးဆေးကုသရေးအဖွဲ့အတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

# ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်အတွင်းရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို ဆန်၊ ဆီ၊ ဆားနှင့် ထောက်ပံ့ချီးမြှင့်ငွေများပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်အတွင်းရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို ယနေ့ နေ့လယ်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းဇော်မိုးက တိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ တွေ့ဆုံသည်။

ဦးစွာ ဒုတိယတိုင်းမှူးက အမှာစကား ပြောကြားပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် ဆန်၊ ဆီ၊ ဆားနှင့် ထောက်ပံ့ချီးမြှင့်ငွေများပေးအပ်သည်။ ထို့နောက် ဒုတိယတိုင်းမှူးက ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။




အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းဇော်မိုး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် ဆန်၊ ဆီ၊ ဆားနှင့် ထောက်ပံ့ချီးမြှင့်ငွေများ ပေးအပ်စဉ်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နှင့် ကွတ်ခိုင်မြို့တို့ရှိ တပ်မတော်ဆေးရုံ၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံနှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်းတို့၌ တက်ရောက် ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားပြီး ဆေးရုံတက်လူနာများကို အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် အဖွဲ့ဝင်များသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦး လားရှိုးမြို့ တပ်မတော်ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေသူတစ်ဦးကို ကျန်းမာရေးတိုးတက်မှု အခြေအနေများ ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားစဉ်။

# မောင်တောမြို့နယ်နှင့် ခန္တီးမြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

တပ်မတော်အနေဖြင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအတွက် ကျန်းမာရေးစောင့်ရှောက်မှုများကိုသာမက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များမှ သံဃာတော်များ၊ သက်ကြီးဘိုးဘွားများနှင့် ဒေသခံပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကိုပါ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံဆေးကုသရေးအဖွဲ့က ရခိုင်ပြည်နယ် မောင်တောမြို့နယ် အင်းဒင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၇၂၆ ဦးကိုလည်းကောင်း၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်မှ နယ်မြေခံဆေးကုသရေးအဖွဲ့က စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် ဖားမောင်းကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူ စုစုပေါင်း ၅၂ ဦးကိုလည်းကောင်း သတ်မှတ်နေရာအသီးသီး၌ မျက်စိရောဂါ၊ ကလေးရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများဆောင်ရွက်ပေးပြီး ECG နှင့် Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံဆေးကုသရေးအဖွဲ့က စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် ဖားမောင်းကျေးရွာရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# ခရမ်းမြို့နယ် သမဝါယမလုပ်ငန်းများ ဒုတိယဝန်ကြီး ဦးမြင့်စိုး ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ကြူတောကျေးရွာသို့ ရောက်ရှိပြီး ပဲတီစိမ်းစိုက်တောင်သူများ၏ စိုက်ခင်းများ ရိတ်သိမ်းနေမှု၊ အထွက်နှုန်းတိုးတက်မှုတို့ကို မေးမြန်းလေ့လာကြည့်ရှုအားပေးသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကြူတောကျေးရွာရှိ ပဲတီစိမ်းစိုက် သမဝါယမအသင်းသားတောင်သူများ၊ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံစဉ် သမဝါယမဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက ပဲတီစိမ်းစိုက်တောင်သူများနှင့် အစုအဖွဲ့များအကြား ဒေသပေါက်ဈေးနှင့် ဝယ်ယူရောင်းချနေမှု၊ ပဲတီစိမ်းစိုက်တောင်သူများသို့ ထုတ်ပေးထားသော မျိုးနှင့် သွင်းအားစုများအတွက် သတ်မှတ်နှုန်းထားများအတိုင်း ပြန်လည်ပေးသွင်းမှုတို့ကိုလည်းကောင်း၊ သမဝါယမအသင်းအစုအဖွဲ့ တာဝန်ရှိသူတစ်ဦးက ခရမ်းမြို့နယ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ပဲတီစိမ်းစိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ကျေးရွာများမှ ပဲတီစိမ်း ဝယ်ယူရရှိမှုကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ပဲတီစိမ်းနှင့် နွေစပါးစိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်မှာ ပန်းတိုင်အထွက်နှုန်းရရှိရန်၊ တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝမြှင့်မားရန်၊ ကြွေးမြီကင်းစင်သောမိသားစုဘဝကို ပိုင်ဆိုင်ကြရန်အတွက် ဖြစ်ကြောင်း၊ ဆက်လက်ပြီး ဆီထွက်သီးနှံ စိုက်ပျိုးရေးလုပ်ငန်းများကိုလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်၊ မိမိတို့သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနအနေဖြင့်လည်း နိုင်ငံ့စီးပွားမြှင့်တင်ရေးလုပ်ငန်းများတွင် သမဝါယမအစုအဖွဲ့စနစ်ဖြင့် ပါဝင်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူများ၏ ဖွံ့ဖြိုးရေးလုပ်ငန်းလိုအပ်ချက်များ တင်ပြမှုအပေါ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ခရမ်းမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ခရမ်းစတိုးအရောင်းဆိုင်ကို ကြည့်ရှုစစ်ဆေးရာ အသင်းစုဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့်အဖွဲ့



သည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် သန်လျင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်နေသော ငပေကျေးရွာမှ ခြောက်လမ်းသွားသို့ ဆက်သွယ်သောလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များကို ၎င်းတို့၏မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်




မတူပီတပ်နယ်မှတာဝန်ရှိသူများက ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များကို ၎င်းတို့၏မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်စဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များကို ပြန်လည်ကြိုဆိုလက်ခံ၍ ၎င်း၏မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင်လည်း တမူးမြို့၊ မတူပီမြို့၊ ပခုက္ကူမြို့၊ ရွှေဘိုမြို့နှင့် ပေါက်မြို့တို့ရှိ တပ်နယ်ခန်းမများ၌ ပြန်လည်ကြိုဆိုလက်ခံခြင်းကို အသီးသီး ပြုလုပ်ကြရာ သက်ဆိုင်ရာတပ်နယ်များမှ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူများက အမှာစကားများ အသီးသီးပြောကြားပြီး နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေဆိုင်ရာပုဒ်မများနှင့် အသိပညာပေးစကားများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ်၊ ရွှေဘိုမြို့နယ်၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်နှင့် ပေါက်မြို့၊ ချင်းပြည်နယ် မတူပီမြို့နယ်တို့မှ PDF၊ CDF အဖွဲ့ဝင် အမျိုးသား ခြောက်ဦး၊ အမျိုးသမီး တစ်ဦးတို့ကို ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ထောက်ပံ့ပစ္စည်းများပေးအပ်ပြီး ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးကြသည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်း ပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည် ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။


ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် တောင်ရှည်ကျေးရွာနေ ဇွဲထက်ပိုင်(ခ)ဇွဲငယ်သည် ၎င်းအသုံးပြုသည့် "Zwe Htet Paing" Facebook အကောင့်၊ ထားဝယ်မြို့ ကြက်စားပြင်ရပ်ကွက်နေ သံခဲနှင့် ကျောက်မော်ရပ်ကွက်နေ ဇော်မင်းဦးတို့သည် ၎င်းတို့အသုံးပြုသည့် "Than Khal" Facebook အကောင့်နှင့် "Zaw Min Oo" အကောင့်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ နန်းတော်ရာရပ်ကွက်နေ အိဖြူစိုးသည် ၎င်းအသုံးပြုသည့် "Ei Phyu Soe" Facebook အကောင့်နှင့် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် အောင်သာယာရပ်ကွက်နေ ရာဇာကို(ခ)ဖိုးပြားသည် ၎င်းအသုံးပြုသည့် "Yarzar Ko" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUGနှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်း ထုတ်ပြန်အပ်ပါသည်။

# အကြမ်းဖက်အဖွဲ့များဖြစ်သည့် NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများ၏ မတရားအနိုင်ကျင့် ဖမ်းဆီးချုပ်နှောင်ခံထားရသူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ကောင်းမွန်စွာပြန်လည်ကယ်တင်နိုင်ခဲ့

PDF အမည်ခံအကြမ်းဖက်သမားများ၏ မတရားအနိုင်ကျင့် ဖမ်းဆီးချုပ်နှောင်ခံထားရသူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ကောင်းမွန်စွာ ပြန်လည်ကယ်တင်နိုင်ခဲ့သည့် ဖြစ်စဉ်ပြပုံ






PDF အမည်ခံ အကြမ်းဖက်သမားများ၏ မတရားအနိုင်ကျင့် ဖမ်းဆီးချုပ်နှောင်ခြင်းခံခဲ့ရသူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ကောင်းမွန်စွာ ပြန်လည်ကယ်တင်နိုင်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

အကြမ်းဖက်အဖွဲ့များဖြစ်သည့် NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများ မတရားအနိုင်ကျင့် ဖမ်းဆီးချုပ်နှောင်ထားသည့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့ရွာအချို့မှ နိုင်ငံ့ဝန်ထမ်းများ၊ ကျေးရွာသူ၊ ကျေးရွာသားများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ပုလောမြို့နယ် ကဒဲကျေးရွာအတွင်းရှိ နေအိမ်အတွင်းမှ ကောင်းမွန်စွာ ပြန်လည်ကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့ရွာအချို့မှ နိုင်ငံ့ဝန်ထမ်းများ၊ ကျေးရွာသူ၊ ကျေးရွာသားများကို ဖမ်းဆီးချုပ်နှောင်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို ပြုလုပ်လျက်ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် သတင်းဆက် ရှာဖွေဖော်ထုတ်ခြင်းနှင့် စုံစမ်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ပြီး ဖမ်းဆီးချုပ်နှောင်ခြင်း ခံထားရသူများကို ပြန်လည်တွေ့ရှိရေး လိုအပ်သည့် ရှာဖွေကယ်ဆယ်ရေးနှင့် လုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၁၆ ရက် နေ့လယ်ပိုင်းတွင် ပုလောမြို့နယ် ကဒဲကျေးရွာအတွင်းရှိ နေအိမ်တစ်လုံးအတွင်း၌ ဖမ်းဆီးချုပ်နှောင်ခြင်းခံထားရသည့် အမျိုးသား ၁၁ ဦးနှင့် အမျိုးသမီး နှစ်ဦးတို့ကို ပြန်လည်တွေ့ရှိ ကယ်ဆယ်နိုင်ခဲ့ပြီး လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သည်။

ကနဦး စစ်ဆေးမေးမြန်းချက်များအရ ၎င်းတို့သည် နိုင်ငံ့ဝန်ထမ်းများ၊ ရိုးသားစွာ နေထိုင်လုပ်ကိုင် စားသောက်လျက်ရှိသည့် ဒေသခံများဖြစ်ကြောင်း သိရှိရပြီး ထားဝယ်- မြိတ် ကားလမ်းတစ်လျှောက် ပုံမှန်သွားလာလျက်ရှိစဉ်နှင့် တောင်ယာလုပ်ငန်းများ လုပ်ကိုင်လျက်ရှိစဉ် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ကြောင်း၊ ဖမ်းဆီးခံရချိန်တွင် ရိုက်နှက်မှုများရှိကြောင်းနှင့် ၎င်းတို့ပိုင်ဆိုင်သည့် လက်ကိုင်ဖုန်း၊ ငွေနှင့် ပစ္စည်းများကို သိမ်းဆည်းခံခဲ့ရကာ ကဒဲကျေးရွာရှိ နေအိမ်အတွင်း၌ ဖမ်းဆီးချုပ်နှောင်ခြင်း ခံခဲ့ရကြောင်း၊ နေအိမ်အပြင်မှ သော့ခတ်၍ PDF အမည်ခံအကြမ်းဖက်သမား ၁၀ ဦးခန့်က စောင့်ကြည့်လျက်ရှိကြောင်းနှင့် ၎င်းတို့၏ရှေ့တွင် ယခင်ဖမ်းဆီးခံရသူ သုံးဦးခန့်အား လက်ပြန်ကြိုးတုပ်၍ ခေါ်ဆောင်သွားသည်ကိုတွေ့ရှိရပြီး ၎င်းတို့မှာ ပြန်လည်ရောက်ရှိလာခြင်းမရှိကြောင်း သိရှိရပြီး ၎င်းတို့၏ ပြောဆိုချက်များကို ယခုလိုပဲကြားသိရပါတယ်-

**အမျိုးသမီး (အကျိုးအဖြူ)**



သမီးက ကော့သောင်းကနေ နေပြည်တော်ကိုသွားမှာ ဖေဖေ့နားကို သွားမှာပါ။ ကလောမြို့နယ် သက်နှင်းတောတွေ့ရောက်တာနဲ့ PDF အဖွဲ့တွေနဲ့ တွေ့တယ်။ သမီးမှတ်ပုံတင်ကိုကြည့်တယ်။ သမီးကိုဖမ်းတဲ့အချိန်မှာ သူတို့က အယောက်သုံးဆယ်လောက်ရှိမယ်။ အရိုက်ခံထိမှာစိုးလို့ အကုန်ပြောလိုက်တယ်။ အဲ့ဒီမှာ မိန်းကလေးတွေလည်းမရှောင်ဘူး ရိုက်တယ်ဆိုတော့။ သမီးကိုမေးတာနဲ့ အကုန်ပြောလိုက်တယ်။ ဖုန်းလည်းသိမ်းလိုက်တယ်။ မှတ်ပုံတင်ကတော့ ပြန်ယူထားတယ်။ ဒီ ၂ လပိုင်း ၂ ရက်နေ့က အဲ့ဒီကိုစရောက်တယ်။ ၁၅ ရက်တိတိနေရတယ် အဲ့အထဲမှာ။ ထင်တာကတော့ လွတ်ပေးမယ့်အစီအစဉ်မရှိပါဘူး။ သူက မိန်းကလေးဆိုတော့ ချက်ချင်းမသတ်သေးတာ။ တစ်နေ့တည်း ငါးယောက်ခေါ်ပြီးသတ်လိုက်တယ်။ သမီးတို့ကိုစစ်နေတဲ့အချိန်မှာပဲ အဲ့ဒီ ငါးယောက်ကိုခေါ်တဲ့အချိန်မှာ သမီးသေနတ်သံကြားတယ်။ အဲ့ဒီခေါင်းဆောင်က ကြားလားလို့ သမီးကိုပြောတယ်။ သမီးကကြားတယ်ဆိုတော့ သူက အပိုတွေမထားဘူး အကုန်ရှင်းပစ်မှာလို့ သမီးကိုပြောတယ်။ သမီးကိုမသတ်နဲ့လို့ ပြောချင်တယ်။ ဒါပေမဲ့ ကြောက်လို့မပြောရဲဘူးလေ။ သူတို့မေးမှဖြေရတယ်။ သူခေါ်ထုတ်မှထွက်ရတယ်။ မထင်မှတ်ထားဘူး သမီးတို့ဒီလိုမျိုးလွတ်မယ်လို့။ တအားဝမ်းသာပါတယ် ကယ်တဲ့အတွက်။ ကျေးဇူးလဲအများကြီးတင်ပါတယ်။

**အမျိုးသား (အကျီအညို)**

ကျွန်တော့်ကို ဖမ်းတဲ့နေရာကတော့ သက်နှင်းတုန်းချောင်းနားမှာ ကျွန်တော့်ကို ဖမ်းတယ်။ ကျွန်တော့်ကိုဖမ်းတဲ့လူအင်အားကတော့ ၁၅ ယောက်၊ အယောက် ၂၀ လောက်တော့ရှိတယ်။ ကျွန်တော့်ကို ဘာကြောင့်ဖမ်းလဲဆိုတော့ အဖေက ဝန်ထမ်းဖြစ်နေလို့၊ ဆည်မြောင်းဦးစီးလည်းဖြစ်နေတယ်။ အဲ့နေ့ ဖြစ်တဲ့အချိန်မှာ မင်းအဖေက ဆည်မြောင်းဦးစီးလားဆိုပြီး ကျွန်တော့်ကို တိုက်ရိုက်မေးတယ်ဗျ။ ပစ္စည်းရောင်းနေလို့ သူ့ကိုဖမ်းထားတယ်။ ပြီးတော့ သူ့ကို အိမ်ကလူတွေ သိန်း ၃၀၀ နဲ့ လာပြီးရွေးခိုင်းတယ်လို့ ပြောပါတယ်။ သိန်း ၃၀၀ နဲ့ လာရွေးမယ်ဆိုရင် ၁၀ ရက်နေ့လွှတ်ပေးမယ်လို့ ပြောတယ်။ အဲ့ဒါကို သူကမရွေးဘူး ထွက်ပြေးသွားတယ်။ အဲ့လိုထွက်ပြေးသွားတော့ သူဘာသာမိုင်းနင်းပြီးသေတာလား။ ပစ်သတ်လိုက်လို့ သေတာလားတော့မသိဘူး။ အဲ့ဒီတုန်းက ငါးယောက်ခေါ်သွားတယ်။ သူတို့ အဲ့ဒီငါးယောက်ကို ပစ်သတ်လိုက်တယ်။ ကျွန်တော်တို့ကို လာပြီးကယ်တာ ပျော်တယ်ဗျ။ ဝမ်းလဲဝမ်းသာပါတယ်။ ဖမ်းဆီးခံရတဲ့အချိန်တုန်းက



ကျွန်တော်တို့ကို ဘယ်လိုစစ်ဆေးသလဲဆိုတော့ သူတို့ဖမ်းထားတဲ့အချိန်မှာ သုံးရက်အတွင်း လာရွေးလို့ပြောတယ်။ လာမရွေးရင် မင်းတို့အလောင်းကို လာယူတော့လို့ပြောကြတယ်။ အဓိကလိုချင်တာက အဖေပေါ့။ ကျွန်တော့်အဖေကို သူတို့က လိုချင်တာ။ ကျွန်တော့်အဖေသွားရင် ကျွန်တော့်အဖေကို သူတို့ကသတ်မှာ။

**မိန်းမကြီး (အကျီအညို)**



ကျွန်မက မြကန်သာမှာ တာဝန်ထမ်းဆောင်နေတဲ့ ဆရာမတစ်ယောက်ဖြစ်ပါတယ်။ ဝန်ထမ်းတွေမိသွားတော့ ခေါင်းကိုင်ပြီးဆင်းခဲ့လို့ပြောပါတယ်။ CDM လုပ်လား၊ မလုပ်ဘူးလားလို့ သူတို့ကမေးတယ်။ ကျွန်မက မလုပ်ပါဘူး။ ကျွန်မရဲ့အမေတွေ၊ အဖေတွေအိုပါပြီ။ ကျန်းမာရေးမကောင်းတော့ပါဘူး ကျွန်မကို ဖမ်းဆီးခဲ့တဲ့နေ့ကတော့ ၁ လပိုင်း ၂၈ ရက်နေ့ကနေဖမ်းသွားတာ အခု ဖေဖော်ဝါရီ ၁၆ ရက်နေ့မှ ပြန်လွှတ်ပါတယ်။ ကျွန်မကို ဖမ်းဆီးတဲ့အချိန်တုန်းက သူတို့က သတ်မယ် ဖြတ်မယ်လို့ပြောပါတယ်။ သူတို့မှာ လူအင်အားကတော့ ကျွန်မတို့ကိုဖမ်းတုန်းကဆို လူ ၁၀ ယောက်လောက်ရှိပါတယ်။ အထဲမှာတော့ရှိမှာပေါ့။ ကျွန်မတို့ကို အပြင်က မမြင်ရဘူး။ ကျွန်မတို့သွားကတည်းက အထဲမှာပဲနေရပါတယ်။ ကျွန်မတို့အထဲကနေ ဖမ်းသွားတဲ့အထဲမှာ လူငါးယောက်ခန့်ခေါ်ဆောင်သွားပါတယ်။ သူတို့ကပြောတယ် သတ်လိုက်ပြီတဲ့။ ကျွန်မတို့မှာ ဝမ်းနည်းနေရပါတယ်။ ကြောက်နေရပါတယ်။ အခုကျွန်မတို့ကို တပ်မတော်ကလာကယ်မယ်လို့ လုံးဝ မမျှော်လင့်ထားပါဘူး။ အခုလိုလာကယ်ပေးတဲ့အတွက် ဝမ်းလဲသာပါတယ်။

အပြစ်မဲ့ အမျိုးသမီးများနှင့် နိုင်ငံ့ဝန်ထမ်းများကို ဖမ်းဆီးချုပ်နှောင်ခြင်း၊ အပြစ်မဲ့ပြည်သူများကို အကျပ်ကိုင်ခြိမ်းခြောက်ချုပ်နှောင်ခြင်းများသည် ဂျီနီဗာကွန်ဗင်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့အရ စစ်ရာဇဝတ်မှု (War Crime)ကျူးလွန်ရာရောက်ပြီး အဆိုပါစစ်ရာဇဝတ်မှုများအတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ ရာဇသတ်ကြီးနှင့် သက်ဆိုင်ရာ တည်ဆဲဥပဒေများဖြင့် ၎င်းတို့အပေါ် ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်ချေမှုန်းရေးဆောင်ရွက်မှု (Counter-terrorism Action) ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အများပြည်သူများအနေဖြင့် အကြမ်းဖက်အဖွဲ့၏ လုပ်ရှားမှုသတင်းများရရှိက လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ရန် အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

## ပြင်သစ်နှင့် စပိန်နိုင်ငံတို့က အမေဇုန်သစ်တောပြုန်းတီးမှုထိန်းချုပ်နိုင်ရေး ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် စိတ်ဝင်စားနေ



**ဘရာဇီးလီးယား ဖေဖော်ဝါရီ ၁၇**

ဘရာဇီးနိုင်ငံသည် အမေဇုန်သစ်တောပြုန်းတီးမှု ထိန်းချုပ်ရေးကို အမျိုးသားတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိပြီး နော်ဝေနိုင်ငံက အမေဇုန်သစ်တောပြုန်းတီးမှုထိန်းချုပ်ရေးအတွက် နှစ်စဉ်ပံ့မှန်ရန်ပုံငွေထည့်ဝင်နေရာ ပြင်သစ်နိုင်ငံနှင့် စပိန်နိုင်ငံတို့ကလည်း အမေဇုန်သစ်တောပြုန်းတီးမှု ထိန်းချုပ်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် စိတ်ဝင်စားနေကြောင်း ဘရာဇီးသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး မာရီနာဆေးလ်ဗားက ပြောကြားခဲ့သည်ဟု France24 သတင်းဌာနက ဖေဖော်ဝါရီ ၁၆ ရက်တွင် ဖော်ပြခဲ့သည်။

ဂျာမနီနိုင်ငံအပါအဝင် ဥရောပနိုင်ငံတချို့ကလည်း အမေဇုန်သစ်တောပြုန်းတီးမှုထိန်းချုပ်နိုင်ရေးအတွက် ဘရာဇီးနိုင်ငံကို နှစ်စဉ်ငွေကြေးပံ့ပိုးမှုပြုလုပ်ပေးလျက်ရှိပြီး ဥရောပသမဂ္ဂအဖွဲ့အစည်းကလည်း အမေဇုန်သစ်တောပြုန်းတီးမှုထိန်းချုပ်ရေး ရန်ပုံငွေပိုမိုထည့်ဝင်လာရန် အခြားသော ဥရောပနိုင်ငံများကိုလည်း စည်းရုံးလျက်ရှိကြောင်း သိရသည်။

"အမေရိကန်နိုင်ငံအနေနဲ့ အမေဇုန်သစ်တောပြုန်းတီးမှု ထိန်းချုပ်ရေးအတွက် ရန်ပုံငွေထည့်ဝင်သွားဖို့စီစဉ်နေကြောင်းလဲ ဝှိုက်ဟောက ပြောကြားခဲ့ပါတယ်။ အလားတူ စပိန်နိုင်ငံနဲ့ ပြင်သစ်နိုင်ငံတို့ကလဲ အမေဇုန်သစ်တောပြုန်းတီးမှု ထိန်းချုပ်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုတွေ ပြုလုပ်ပေးသွားဖို့ စိတ်ဝင်စားနေတယ်လို့လဲ သိရပါတယ်"ဟု ဘရာဇီးသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး မာရီနာဆေးလ်ဗားက ပြောကြားခဲ့သည်။

**ခိုင်းဆက်**

## ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်းတွင် ပြင်းအား ၆ ဒသမ ၁ မဂ္ဂနီကျူးရှိ မြေငလျင်လှုပ်ခတ်

**မနီလာ ဖေဖော်ဝါရီ ၁၇**

ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်းတွင် ဖေဖော်ဝါရီ ၁၆ ရက် အစောပိုင်းက မက်ဘိတ်စီရင်စုတွင် ပြင်းအား ၆ ဒသမ ၁ မဂ္ဂနီကျူးရှိသည့် မြေငလျင်လှုပ်ခတ်မှု ဖြစ်ပွားခဲ့သည်ဟု ဖိလစ်ပိုင် မြေငလျင်စောင့်ကြည့်တိုင်းတာရေးအေဂျင်စီက ထုတ်ပြန်ခဲ့ကြောင်း CNA သတင်းဌာနက ဖေဖော်ဝါရီ ၁၆ ရက်တွင် ဖော်ပြခဲ့သည်။

မြေငလျင်သည် ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၂ နာရီက လှုပ်ခတ်ခဲ့ပြီး မိုင်ယာဂါကျေးလက်ဒေသအနီးတွင် ဗဟိုပြုလှုပ်ခတ်ခဲ့ကြောင်း၊ မြေငလျင်ကြောင့် ဒေသခံပြည်သူများအထိတ်တလန့်ဖြစ်ခဲ့ပြီး အမိုးအကာအောက်မှ တိမ်းရှောင်ခဲ့ကြရကြောင်း မက်ဘိတ်စီရင်စုအာဏာပိုင်အဖွဲ့အစည်းက အတည်ပြုခဲ့သည်။

"အိပ်နေတဲ့အချိန် ရုတ်တရက် ဆူညံသံ ကြားလိုက်ရတယ်။ နောက်တော့ ခုတင်လှုပ်သွားတာ သတိထားမိလိုက်တယ်။ မြေငလျင်လှုပ်ခတ်နေတယ်ဆိုတဲ့ အသိဝင်လာတော့ မိသားစုတွေကိုခေါ်ပြီး အိမ်ရှေ့လမ်းမကြီးပေါ် ရုတ်တရက်ပြေးထွက်ခဲ့တယ်။ မြေငလျင် ပြင်းအား တော်တော်လေးများပါတယ်။ အိမ်အတွင်းမှာတော့ အသေးစားပျက်စီးမှုတွေ ရှိခဲ့ပါတယ်။ ကယ်ဆယ်ရေးဝန်ထမ်းတွေနဲ့ ရဲတပ်ဖွဲ့ဝင်တချို့ မြေငလျင်လှုပ်ခတ်ခဲ့တဲ့ ဧရိယာတွေမှာသွားရောက်စစ်ဆေးတာတွေ ပြုလုပ်နေပါတယ်။ မြေငလျင်ဒဏ်သင့်ခဲ့တဲ့ စာသင်ကျောင်းတွေ၊ အခြေခံအဆောက်အအုံတွေကိုစစ်ဆေးဖို့ သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး ပြုလုပ်သွားပါမယ်"ဟု မက်ဘိတ်စီရင်စုရဲတပ်ဖွဲ့၏ အကြီးအကဲဖြစ်သူ ရိုလ်လေအယ်လ်ဘာနာက ပြောကြားခဲ့ကြောင်း သိရသည်။

မြေငလျင် ပြင်းအားများခဲ့သော်လည်း ထိခိုက်ဒဏ်ရာရရှိမှုနှင့် ပျက်စီးဆုံးရှုံးမှုကို စိစစ်နေဆဲဖြစ်ကြောင်း၊ ဖိလစ်ပိုင်မြေငလျင်စောင့်ကြည့်တိုင်းတာရေးအေဂျင်စီက မြေငလျင်ပြင်းအားများခဲ့သော်လည်း ဆူနာမီလှိုင်းဖြစ်ပေါ်လာဖွယ်မရှိကြောင်း ထုတ်ပြန်ခဲ့သည်။

**ခိုင်းဆက်**

## တူရကီနိုင်ငံရှိ မြေငလျင်ဒဏ်ခံပြည်သူများအတွက် အမေရိကန်ဒေါ်လာ တစ်ဘီလီယံ လှူဒါန်းပံ့ပိုးနိုင်ရေး ကုလသမဂ္ဂအတွင်းရေးမှူးချုပ် တိုက်တွန်း

**နယူးယောက် ဖေဖော်ဝါရီ ၁၇**

ပြီးခဲ့သည့်သီတင်းပတ်ကဖြစ်ပွားခဲ့သော ငလျင်ဘေးကြောင့် ဒုက္ခရောက်လျက်ရှိသော တူရကီနိုင်ငံရှိ သန်းနှင့်ချီသော လူပေါင်းများစွာအတွက် လိုအပ်နေသော အကူအညီများပေးရန် အမေရိကန်ဒေါ်လာ တစ်ဘီလီယံပံ့ပိုးနိုင်ရေး ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ဖေဖော်ဝါရီ ၁၆ ရက်တွင် တိုက်တွန်းခဲ့ကြောင်း France 24 သတင်းဌာနက ဖေဖော်ဝါရီ ၁၆ ရက်တွင် ဖော်ပြထားသည်။

ဖေဖော်ဝါရီ ၆ ရက် နံနက်ပိုင်းက လှုပ်ခတ်ခဲ့သော ပြင်းအား ၇ ဒသမ ၈ မဂ္ဂနီကျူးရှိ ငလျင်ကြောင့် တူရကီနိုင်ငံတွင် လူဦးရေ ၄၅၀၀၀ ကျော် သေဆုံးခဲ့ပြီး ဒုက္ခရောက်လျက်ရှိသော လူပေါင်း ၅ ဒသမ ၂ သန်းကျော်အတွက် အဆိုပါရန်ပုံငွေ အမေရိကန်ဒေါ်လာ တစ်ဘီလီယံသည် သုံးလကြာ လူသားချင်းစာနာမှုကယ်ဆယ်ရေးပံ့ပိုးမှုများကို ပြုလုပ်ပေးနိုင်လိမ့်မည်ဖြစ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူး အန်တိုနီယိုဂူတာရက်စ်က ကြေညာချက်တွင် ဖော်ပြထားသည်။



တူရကီငလျင်ကြောင့် လူပေါင်းကိုးသန်းကျော် သဘာဝဘေးဒဏ်ကို တိုက်ရိုက်ခံစားခဲ့ရကြောင်း တူရကီအစိုးရက ပြောကြားထားသည်။

အဆိုပါ ပံ့ပိုးငွေများသည် အစားအသောက်ဖူလုံရေး၊ ကျန်းမာရေးအကာအကွယ်၊ ပညာရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိမှုနှင့် အမိုးအကာရရှိရေးကဏ္ဍတို့အတွက် အကူအညီပေးရေးအဖွဲ့အစည်းများမှတစ်ဆင့် ပြည်သူများထံသို့ လျင်မြန်စွာရောက်ရှိရန်လိုအပ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

AZH

## COP28 ညီလာခံ၌ ကမ္ဘာကြီးပူနွေးမှု ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်တွင် ထိန်းထားနိုင်ရေး ဦးစားပေးဆွေးနွေးသွားမည်

**အဘူဒါဘီ ဖေဖော်ဝါရီ ၁၇**

ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့တွင် နိုဝင်ဘာလ၌ ကျင်းပသွားမည့် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာညီလာခံတွင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူ ဆောင်ရွက်သွားမည့် အယ်လ်ဂျပ်ဘာက COP28 ညီလာခံ၌ ကမ္ဘာမြေကြီးပူနွေးမှု ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်တွင် ထိန်းထားနိုင်ရေးအတွက် ဦးစားပေးဆောင်ရွက်သွားမည့် အစီအစဉ်များကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု Arab News သတင်းဌာနက ဖေဖော်ဝါရီ ၁၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ပြည်ပသို့ရေနံတင်ပို့ရောင်းချမှုအများဆုံးကုမ္ပဏီ၏ အမှုဆောင်ချုပ်တစ်ဦးဖြစ်သူကို COP28 ညီလာခံ၏ ဥက္ကဋ္ဌအဖြစ်ခန့်အပ်ခဲ့ခြင်းမှာ ညီလာခံသို့ တက်ရောက်လာမည့် နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်များ၏ ယုံကြည်မှုကိုရရှိဖွယ်မရှိကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသုတေသီများက ဝေဖန်အပြစ်တင်လျက်ရှိသည်။

"COP28 ညီလာခံမှာဥက္ကဋ္ဌအဖြစ် တာဝန်ယူခွင့်ရမှာကို ဝမ်းမြောက် ဂုဏ်ယူပါတယ်။ ကျွန်တော့်အနေနဲ့ ညီလာခံမှာ ကမ္ဘာမြေကြီးပူနွေးမှု ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်မှာ ရပ်တန့်သွားစေဖို့အတွက် လုပ်သင့်လုပ်ထိုက်တာ လုပ်ဆောင်နိုင်အောင် ဦးဆောင်ဆွေးနွေးသွားမယ်။ COP28 ညီလာခံရဲ့ အဓိကရည်မှန်းချက်ကလဲ ကမ္ဘာမြေကြီးပူနွေးမှု ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်မှာ ရပ်တန့်စေနိုင်မဲ့ စီမံချက်တွေအတွက် သဘောတူညီမှု ရရှိစေဖို့ပဲဖြစ်ပါတယ်"ဟု အယ်လ်ဂျပ်ဘာက ပြောကြားခဲ့သည်။

သို့သော်လည်း အင်အားကြီးနိုင်ငံတချို့က COP28 ညီလာခံတွင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူသွားမည့် အယ်လ်ဂျပ်ဘာကို ထောက်ခံမှုပြုလုပ်ထားပြီး အယ်လ်ဂျပ်ဘာကလည်း COP28 ညီလာခံတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အကျိုးရှိသည့် သဘောတူညီချက်ရရှိအောင် ဦးဆောင်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ အယ်လ်ဂျပ်ဘာက COP28 ညီလာခံတွင် ကမ္ဘာမြေကြီးပူနွေးမှု ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်တွင်ရပ်တန့်နိုင်ရေးအတွက် လုပ်ဆောင်နိုင်သမျှအရာအားလုံး လုပ်ဆောင်ပေးနိုင်အောင် ကြိုးစားသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ခိုင်းဆက်**

## အင်္ဂလန်နိုင်ငံ ဟူးလ်စီးတီးတွင် ရေကြီးရေလျှံမှု ကာကွယ်နိုင်ရေး သစ်ပင်ထောင်ပေါင်းများစွာ စိုက်ပျိုးမည်

**လန်ဒန် ဖေဖော်ဝါရီ ၁၇**

အင်္ဂလန်နိုင်ငံ ဟူးလ်စီးတီးတွင် ရေကြီးရေလျှံမှုကာကွယ်ရေး ပရောဂျက်၏ တစ်စိတ်တစ်ပိုင်းအဖြစ် သစ်တောဧရိယာ ခုနစ်ဧကနှင့် စိုက်ခြံပေါင်း ငါးကီလိုမီတာကျော်ကို ဖန်တီးပေးမည့် ထောင်ပေါင်းများစွာသောသစ်ပင်များကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း အင်္ဂလန်သဘာဝပတ်ဝန်းကျင် အေဂျင်စီက ဖေဖော်ဝါရီ ၁၆ ရက်တွင် ပြောကြားခဲ့သည်ဟု GOV.UK သတင်းဌာနက ဖော်ပြထားသည်။

ဒေသတွင်းရှိ တောရိုင်းတိရစ္ဆာန်များအတွက် နေထိုင်ရာသစ်တောများဖန်တီးရန်နှင့် ရေလွှမ်းမိုးမှုကာကွယ်ရေးစီမံကိန်း၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် သစ်ပင်နှင့်ပျိုးပင် ထောင်ပေါင်းများစွာကို မြို့တော်၏အရှေ့ဘက်တွင် စိုက်ပျိုးသွားမည့် အစီအစဉ်ကို ဒေသခံလူထုအဖွဲ့များနှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အင်္ဂလန်နိုင်ငံ သဘာဝပတ်ဝန်းကျင်အေဂျင်စီမှ ရေကြီးမှုအန္တရာယ်ဆိုင်ရာ အကြံပေးတစ်ဦးဖြစ်သူ Andrew Barron က သစ်ပင်နှင့်စိုက်ခင်းများကိုဖန်တီးရန် မိုးမခပင်များနှင့် အခြားသစ်ပင်များကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ထိုသို့ စိုက်ပျိုးခြင်းကြောင့် ရေကြီးရေလျှံမှုကို ကာကွယ်ရာရောက်သည့်အပြင် ဇီဝမျိုးစုံမျိုးကွဲများဖြစ်သော လိပ်ပြာနှင့်ငှက်များအတွက်လည်း ထိန်းသိမ်းစောင့်ရှောက်ရာ အကောင်းဆုံးနေရာတစ်ခုဖြစ်လာလိမ့်မည်ဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။

Holderness Drain ဟု အမည်ရသော အဆိုပါဒေသအတွင်း ရေလွှမ်းမိုးမှုလျှော့ချရေး စီမံကိန်းတစ်ခုကို လွန်ခဲ့သော တစ်နှစ်ခန့်ကပင် အတည်ပြုခဲ့ပြီး စီမံကိန်းဆောက်လုပ်ရေး လုပ်ငန်းများမှာ ထက်ဝက်ခန့်ပြီးစီးနေပြီဖြစ်ကြောင်းနှင့် ယခုသစ်ပင်စိုက်ပျိုးမည့်အစီအစဉ်မှာ ၎င်းစီမံကိန်း၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း သိရသည်။

အဆိုပါစီမံကိန်းတွင် ရေနုတ်မြောင်းစနစ်များ၊ လူလုပ်မြစ်ချောင်းများနှင့် ပိုလျှံလာသောရေများကို သိုလှောင်ခြင်း၊ ရေလမ်းကြောင်းလွှဲပြောင်းခြင်းလုပ်ငန်းများပါဝင်ပြီး အဆိုပါဒေသရှိ နေအိမ် ၈၀၀ ကျော်အတွက် ရေလွှမ်းမိုးမှုအန္တရာယ်ကို လျှော့ချပေးနိုင်လိမ့်မည်ဖြစ်ကြောင်း Andrew Barron က ပြောကြားခဲ့သည်။

AZH

0w Kw M @

# ဆန္ဒနှင့် ဘဝ

စိုးလဲနေ(ရန်ကုန်)




(၁)

လူ့ဘဝသည် ဘဝနှင့်ဆန္ဒ တစ်ထပ်တည်းမကျသည်ကများသည်။ ဖြစ်ချင်တာကသကြား၊ ဖြစ်နေတာက ဆားခါးဘဝတွေ လောက၌ ဒုနဲ့ဒေးရှိသည်။ လုပ်ချင်တာထက် လုပ်သင့်တာကို ဦးစားပေးရွေးချယ်ရသည်မှာလည်း ဘဝပင်မဟုတ်ပါလော။ သူရိန်၏ဘဝသည်လည်း ဆန္ဒနှင့်ဘဝတစ်ထပ်တည်းမကျခဲ့ပေ။ သူရိန် ငယ်စဉ်ကတည်းက အင်ဂျင်နီယာဖြစ်ချင်သောကြောင့် စာကြိုးစားခဲ့သည်။ သို့သော် အင်ဂျင်နီယာ မဖြစ်ခဲ့ပေ။ နည်းပညာတက္ကသိုလ်အမှတ်မီသော်လည်း အိမ်စီးပွားရေးအဆင်မပြေသဖြင့် အဝေးသင်သာတက်ခဲ့ရသည်။ အဝေးသင်တက်ရင်း အမေ့ကို ဈေးကူရောင်းပေးခဲ့သည်။ ကျပန်းအလုပ်မျိုးစုံလည်း လိုက်လုပ်ခဲ့သည်။ ညဘက် ဆိုက်ကားနင်းကာ ပိုက်ဆံရှာခဲ့ဖူးသည်။ အဓိက က ငွေရရန်ပင်။ သမာအာဇီဝကျသည့်အလုပ်ဆို မရှက်မကြောက် သူလုပ်ခဲ့သည်။ အမေဈေးရောင်း၍ရသည့်အမြတ်ငွေက မိသားစုစားဖို့လောက်သာလုံလောက်သဖြင့် နာမကျန်းဖြစ်နေသော အဖေ့ဆေးဖိုးအတွက် သူရိန် ငွေရှာရခြင်းပင်။

သူရိန်ဘွဲ့ရတော့ အဖေကလူလောကထဲမရှိတော့။ အမေတစ်ခု၊ သားတစ်ခုဘဝဖြင့် လောကပင်လယ်ထဲ ခရီးဆက်ခဲ့သည်။ လောကဓံလှိုင်းကြားမနစ်မြုပ်အောင် ဘဝလှေကို မနည်းထိန်းကျောင်းခဲ့ရသည်။ လူ့လောကပင်လယ်ထဲတိုက်သည့်မုန်တိုင်းက ပို၍ကြောက်ဖို့ကောင်းသည်။ သူရိန်တစ်ယောက် မိမိရထားသည့်ဘွဲ့လက်မှတ်လေးကိုင်ပြီး အစိုးရဌာနတွေ၊ ကုမ္ပဏီတွေဆီ အလုပ်သွားလျှောက်ကြည့်သည်။ ဘယ်အလုပ်ကမှ သူ့ကိုအလုပ်မခန့်ပေ။ အိုကြီးအိုမအမေဖြစ်သူရှာကျွေးသည့်ထမင်း စားရသည်မှာ သူရိန်စိတ်ထဲမလုံမလဲဖြစ်နေမိသည်။ သူရိန် အလုပ်တစ်ခုအမြန်ရချင်နေမိသည်။ အမေ့ကိုလည်း နားစေချင်နေပြီ။ တစ်နေ့ မူလတန်းတုန်းက ဆရာမနှင့်လမ်းမှာဆုံသည်။ သုံးတန်းနှစ်က အတန်းပိုင်ဖြစ်ခဲ့ဖူးသောဆရာမ ယခုပြန်တွေ့တော့ ယခင်လိုမနုပျိုတော့သော်လည်း ခံ့ညားနေဆဲပင်။

"ဆရာမ"

"ဟယ် သူရိန် အလုပ်သွားမလို့လား"

"မဟုတ်ဘူး ဆရာမ။ လက်ဖက်ရည်ဆိုင်၊ ဆရာမကော"

"ဒီနေ့ကျောင်းပိတ်ရက်နဲ့ ဥပုသ်နေ့တိုက်လို့ ဓမ္မာရုံမှာဥပုသ်သွားစောင့်မလို့။ မင်းကော ဘာအလုပ်တွေလုပ်နေလဲ"

"အလုပ်မရှိဘူးဆရာမ"

"ဒါဆို ကျောင်းဆရာ၊ ဆရာမတွေခေါ်နေတယ် လျှောက်ကြည့်ပါလား။ ဆရာမဆီ ဖောင်လာယူလိုက်။ ဪ. . . နေအုံး။ ဆရာမမှာဖောင်ပါတယ်နဲ့တူတယ်"

ပြောပြောဆိုဆို ဆရာမက သူလွယ်ထားသည့် စလင်းဘတ်အိတ်ထဲလက်နှိုက်ပြီး-

"ဒီမှာရော့"ဟုဆိုကာ လျှောက်လွှာဖောင်တစ်ခု သူရိန်ထံကမ်းပေးသည်။ သူရိန်လည်း အကြံကုန်ဂဠုန်ဆားချက်သည့်သဘောဖြင့် ကျောင်းဆရာဝင်လုပ်တာပဲကောင်းမည်ဟုတွေးရင်း ဖောင်ကိုလှမ်းယူလိုက်လေသည်။

"ဖောင်ဖြည့်ပြီး ငါ့ကျောင်းလာပေးလှည့်၊ ကဲ သွားပြီ"

ဆရာမက ကျောင်းအုပ်ဆရာမကြီးဖြစ်နေတာတောင် စိတ်မြန်လက်မြန်ရှိတုန်းပါတကားဟု သူရိန်တွေးမိရင်း ပြုံးလိုက်မိသည်။

(၂)

ဒီလိုနှင့် သူရိန်ကျောင်းဆရာတစ်ယောက်ဖြစ်လာခဲ့သည်။ ကျောင်းဆရာဘဝကို စိတ်ကူးပင်မယဉ်ခဲ့ဖူးသည့်သူ့အတွက် ကျောင်းဆရာအလုပ်က ခက်ခဲပင်ပန်းလှသည်။ ကိုယ်သာ နားလည်အောင်လုပ်တတ်ပြီး သူတစ်ပါးနားလည်အောင်မရှင်းပြတတ်သည့် သူ့အတွက် ကလေးများကိုစာသင်ပေးရသည်မှာ ကျားမြီးဆွဲရသည့်နှယ်။ သူစာသင်သည်ကို ကလေးများနားမလည်သလို ကျောင်းသားမိဘများလည်း မကြိုက်ကြပေ။ ဘာလုပ်လုပ်စေတနာထားပြီးလုပ်ဟူသည့် အမေ့စကားကြားယောင်မိပြီး ကျောင်းသားများအပေါ် စေတနာထားကာ သူတို့နားလည်အောင် အတတ်နိုင်ဆုံးသင်ကြားပေးခဲ့သည်။ သူကိုယ်တိုင်လည်း မည်သို့သင်ကြားလျှင် ကလေးများနားလည်နိုင်မည့်အကြောင်းကို စဉ်းစားတွေးတောကာ စဉ်းစားမိသမျှလက်တွေ့အကောင်အထည်ဖော်ခဲ့လေသည်။ ဆရာ၊ ဆရာမကြီးများ၏ သင်ပြနည်းသင်ပြဟန်ကိုလည်း နည်းနာယူခဲ့လေသည်။ နှစ်အနည်းငယ်အတွင်းမှာပင် သူရိန်မှာ စာသင်ပြကောင်းသော ဆရာတစ်ယောက်ဖြစ်လာခဲ့သည်။ ယခုတော့လည်း ကျောင်းဆရာအလုပ်၌ ပျော်နေချေပြီ။ ထိုအလုပ်က သူ့ဘဝဖြစ်နေချေပြီ။

(၃)

ထိုအချိန်တွင် သူရိန်တစ်ယောက် ဓနရှင်သမီး တစ်ယောက်နှင့် ချစ်ကြိုးသွယ်ရည်ငံမိကြသည်။ ကောင်မလေးမိဘများက စီးပွားရေးအကြောင်း နားမလည်သော မူလတန်းပြကျောင်းဆရာသူရိန်နှင့် သိပ်သဘောမတူချင်။ ကောင်မလေးမိဘများမျှော်မှန်းထားသည်က သူတို့သမက်တော်မည့်သူက စီးပွားရေးသမားတစ်ယောက်ဖြစ်ရမည်။ သူတို့စီးပွားရေးကို ဆက်လက်ဦးစီးဦးဆောင်နိုင်မည့်သူ။ ယခုတော့ သူတို့သမီးချစ်ကျွမ်းဝင်မိသူက စီးပွားရေးအကြောင်း နားမလည်။ အရှုံးအမြတ်မသိသည့် ရိုးသားသော လခစား ကျောင်းဆရာတစ်ယောက်ဖြစ်နေလေရာ မချိတင်ကဲဖြစ်ကာ သမက်လောင်းကို အပြင်မှာပြုံး၊ ရင်မှာအမုန်းဖြင့် ခေါ်ပြောဆက်ဆံကြလေသည်။ သူရိန်ကို ကျောင်းဆရာအလုပ်မှရပ်နားကာ စီးပွားရေးလောကထဲဝင်ရန် သမီးကိုနားချခိုင်းလေသည်။

သူဇာလည်း ချစ်သူ သူရိန်ကို မိဘများအလိုကျ စီးပွားရေးလုပ်ရန်နားချလေရာ-

"ကိုယ့်အလုပ်က ကိုယ့်ဘဝပါ။ ဒါကိုနားလည်ပေးပါ"

"နားလည်ပေးလို့ရပါတယ်။ ဒါပေမဲ့ ဒက်ဒီနဲ့ မာမီတို့က သူတို့သမက်တော်ရမဲ့သူကို သူတို့လိုပဲ စီးပွားရေးသမားတစ်ယောက်ဖြစ်စေချင်တာ"

"စီးပွားရေးအလုပ်ထက် ကျောင်းဆရာအလုပ်က ပိုမြင့်မြတ်တယ်လို့ကိုယ်ထင်တယ်။ ကိုယ်စီးပွားရေးမလုပ်တတ်ဘူး"

"ကိုရယ် သင်ရင်တတ်မှာပါ။ ကျောင်းဆရာအလုပ်ကထွက်ပြီး ဒက်ဒီ့ကုမ္ပဏီမှာလာလုပ်ပါနော်"

"သူဇာရယ် ကိုယ်ပြောပြီးပြီလေ။ ကျောင်းဆရာအလုပ်ကကိုယ့်ဘဝပါလို့"

သူဇာ့မျက်နှာတင်းခနဲဖြစ်သွားသည်။

"ကျောင်းဆရာအလုပ်ကို စွန့်လွှတ်မှာလား။ သူဇာ့ကိုလက်လွှတ်မှာလား"

သူရိန်ဆုံးဖြတ်ရခက်သွားသည်။ သူဇာ့ကိုလည်း ချစ်သည်။ ကျောင်းဆရာအလုပ်ကိုလည်း မစွန့်လွှတ်ချင်။ သူဇာ့ကိုမျက်လုံးချင်းဆုံအောင်ကြည့်ပြီး-

"သူဇာ ကိုယ့်ဘဝထဲမင်းဝင်လာခဲ့ပါလား။ မင်းမိဘတွေလို ရွှေပေါ်မြတင်မထားနိုင်ပေမဲ့ တစ်သက်လုံးစိတ်ချမ်းသာစေရမယ်ကွာ"

"ဒါကြောင့်ပြောတာပေါ့။ ဒက်ဒီ့ကုမ္ပဏီမှာ ဝင်လုပ်ပါလို့"

သူဇာက သူလိုရာသူဆွဲပြောသည်။

"ကိုယ်ပြောချင်တာက ကျောင်းဆရာဇနီးတစ်ယောက်အနေနဲ့"

"ဟာ ကိုကလဲ ကျောင်းဆရာလစာက သူဇာ ဈေးဝယ်တစ်ခါထွက်စာတောင်မရှိဘူး"

သူရိန် နားလည်လိုက်ပြီ။ သူဇာ့စိတ်ဓာတ်ကို သူ့စိတ်ဓာတ်နှင့် တစ်ထပ်တည်းကျလိမ့်မည်ဟု သူရိန်ထင်ခဲ့သည်။ ယခုတော့ သည်လိုမဟုတ် နှစ်ကိုယ့်တစ်စိတ်မဖြစ်သည့် သုံးနှင့်လေး အတွေးအခေါ်များကြောင့် နောက်ဆုံး၌ သူရိန် ဆုံးဖြတ်ချက်တစ်ခု ပိုင်နိုင်စွာချလိုက်သည်။

"တို့လမ်းခွဲကြရအောင်"

"ရှင် ကို ဘယ်လိုပြောလိုက်တယ်"

"လမ်းခွဲကြရအောင်လို့။ တို့သွားတော့မယ် နှုတ်ဆက်ခဲ့ပါတယ်"

သူရိန် သူဇာ့အနားမှ ထွက်ခွာလာခဲ့သည်။ ခြေလှမ်းလှမ်းလိုက်တိုင်း နှလုံးသားက တဆစ်ဆစ်နာကျင်လျက်။ တရှိုက်ရှိုက်ငိုသံ အဝေးမှာကျန်နေခဲ့ပြီ။ နှစ်လခန့်ကြာတော့ သူဇာ့မင်္ဂလာသတင်းကြားရသည်။ သူနှင့်လက်ထပ်သူက စီးပွားရေးသမားတစ်ယောက်ဟု သိရသည်။ သူဇာတစ်ယောက်ပျော်နေမည်ထင်သည်။ သူဇာ့မိဘများလည်း သူတို့လိုချင်သောသမက်မျိုး ရသဖြင့် စိတ်ချမ်းသာကြပေလိမ့်မည်။ စိတ်ဆင်းရဲ အသည်းကွဲကျန်ခဲ့သူမှာသူရိန်။

(၄)

နှစ်၊ လ၊ ရက်တွေ တရွေ့ရွေ့ကုန်ဆုံးခဲ့ပြီ။ တစ်နေ့သ၌ ကျောင်းအုပ်ဆရာကြီး ဦးသူရိန်တစ်ယောက် လက်ဖက်ရည်ဆိုင်၌ လက်ဖက်ရည်သောက်နေစဉ် အထူးကုဆရာဝန်ကြီး ဦးသီဟဇော် လက်ဖက်ရည်ဆိုင်ထဲဝင်လာသည်။

"ဟော့သီဟဇော်"

ဦးသူရိန်က ဦးသီဟဇော်ကို လက်ယပ်လှမ်းခေါ်လိုက်သည်။

"ဟာ လူပျိုကြီး ချိန်းထားရင်တောင်လွဲအုံးမယ်"

❖ ဒီလိုနှင့် သူရိန်ကျောင်းဆရာတစ်ယောက်ဖြစ်လာခဲ့သည်။ ကျောင်းဆရာဘဝကို စိတ်ကူးပင်မယဉ်ခဲ့ဖူးသည့် သူ့အတွက် ကျောင်းဆရာအလုပ်က ခက်ခဲပင်ပန်းလှသည်။ ကိုယ်သာနားလည်အောင်လုပ်တတ်ပြီး သူတစ်ပါးနားလည်အောင်မရှင်းပြတတ်သည့် သူ့အတွက် ကလေးများကို စာသင်ပေးရသည်မှာ ကျားမြီးဆွဲရသည့်နှယ်။ သူစာသင်သည်ကို ကလေးများနားမလည်သလို ကျောင်းသားမိဘများလည်း မကြိုက်ကြပေ။ ဘာလုပ်လုပ် စေတနာထားပြီးလုပ်ဟူသည့် အမေ့စကားကြားယောင်မိပြီး ကျောင်းသားများအပေါ် စေတနာထားကာ သူတို့နားလည်အောင် အတတ်နိုင်ဆုံးသင်ကြားပေးခဲ့သည်။ ❖

စာမျက်နှာ ၂၅သို့ ➤

# ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ၂၆၁၁ ကြိမ်မြောက် ဗုဒ္ဓပူဇနီယတပေါင်းပွဲတော် ကျင်းပမည်



**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ၂၆၁၁ ကြိမ်မြောက် ဗုဒ္ဓပူဇနီယ တပေါင်းပွဲတော်ကို ၁၀ ရက်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ သတင်းများအရ သိရသည်။

ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့အနေဖြင့် ရွှေတိဂုံစေတီတော် ဘုရားဖူးပြည်သူများ ကုသိုလ်ယူပါဝင်လှူဒါန်းနိုင်ရေးအတွက် ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် ဆယ့်နှစ်လရာသီပွဲတော်များကို ရာသီအလိုက် ကျင်းပပြုလုပ်ဆောင်ရွက်ပေးလျက်ရှိရာ အဆိုပါ ဆောင်ရွက်မှုများအရ ၂၆၁၁ ကြိမ်မြောက် ဗုဒ္ဓပူဇနီယ တပေါင်းပွဲတော်ကြီးကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်မှ မတ် ၅ ရက်ထိ ၁၀ ရက်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ကျင်းပပြုလုပ်ရာတွင် ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၈ နာရီတွင် နှစ်ကျိပ်ရှစ်ဆူမြတ်စွာဘုရားများကို ရွှေတိဂုံစေတီတော်ပတ်လည် လှည့်လည်အပူဇော်ခံကာ နံနက် ၉ နာရီတွင် မဟာပဋ္ဌာန်းဖွင့်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ရွှေတိဂုံစေတီတော်၌ ဆရာတော်၊ သံဃာတော်များက အသံမစဲ မဟာပဋ္ဌာန်းတော်ကို အလှည့်ကျရွတ်ဖတ်ပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

အဖိတ်နေ့ဖြစ်သည့် မတ် ၄ ရက် ညနေ ၄ နာရီတွင် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ကကြီးမှူး၍ ဩဝါဒဆရာတော်ကြီးများအပါအဝင် ပင့်သံဃာတော်အပါး ၁၀၀ ကျော်အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး တပေါင်းလပြည့်နေ့ဖြစ်သည့် မတ် ၅ ရက်တွင် မဟာပဋ္ဌာန်းသိမ်းအောင်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့မှ သိရသည်။

(၃၃၆)

# နမ့်စန်မြို့နယ် ကုန်းမုံကျေးရွာ၌ မြေသားလမ်းသဲဖြန့်ခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**နမ့်စန် ဖေဖော်ဝါရီ ၁၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့် ကုန်းမုံကျေးရွာ၌ မြေသားလမ်းသဲဖြန့်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နမ့်စန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခွန်မြင့်သောင်း၊ နမ့်စန်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခွန်ဇော်မျိုးထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကုန်းမုံကျေးရွာ၌ မြေသားလမ်းသဲဖြန့်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ကုန်းမုံကျေးရွာ၌ လမ်းအရှည် ပေ ၂၂၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေကိုးလက်မရှိ မြေသားလမ်းသဲဖြန့်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် ၁၀ သန်း၊ ကျေးရွာနေပြည်သူထည့်ဝင်ငွေကျပ် သုည ဒသမ ၇ သန်းဖြင့် နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် စက်တင်ဘာလစတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **သံသာ**



➤ **စာမျက်နှာ ၂၄မှအဆက်**

"အေးကွ ဟုတ်တယ်။ အခုတစ်လော ငါတို့မတွေ့ဖြစ်တာ တော်တော်ကြာသွားပြီနော်"

"အခုတစ်လောမအားဘူးကွ။ လူနာတွေကလဲ လာလိုက်တာ သောက်သောက်လဲကွာ။ နားချိန်တောင်မရှိဘူး"

"ငွေတွေလဲ သောက်သောက်လဲဝင်တာထည့်ပြောအုံးလေ"

ဦးသီဟဇော် လက်ဖက်ရည်တစ်ခွက်မှာလေသည်။ ထို့နောက်-

"မင်းက ပင်စင်ရရင် အနားယူရပြီ။ ငါက သေမှပဲ နားရမှာ"

"လူနာကိုဆေးကုပေးတာ ဆရာဝန်ရဲ့အလုပ်ပဲကွာ ညည်းမနေပါနဲ့"

"မညည်းပါဘူးကွာ၊ ဒါငါ့ဘဝပဲဉစ္စာ။ လူနာတွေကို ဆေးကုပေးလို့ လူနာတွေရောဂါပျောက်သွားရင် ခံစားရတဲ့ပီတိက ဘာနဲ့မှလဲမရဘူး။ လက်ဖက်ရည်ချိုဆိမ့်အရသာလိုပဲ"ဟုဆိုကာ လက်ဖက်ရည်တစ်ငုံမော့သောက်လိုက်လေသည်။

"အရင်တုန်းက မင်းမိဘတွေ မင်းကိုဆေးကျောင်းတက်ခိုင်းတုန်းက မင်းမိဘတွေစကားမလွန်ဆန်နိုင်လို့ ငိုမဲ့မဲ့နဲ့ ရန်ကုန်သွားတဲ့နေ့ကို ငါမှတ်မိနေသေးတယ်"

"အရင်ကတော့စိတ်မပါဘူးကွ။ ဒါပေမဲ့ ကံဇာတ်ဆရာလုပ်ခိုင်းတဲ့အလုပ်ပေါ် တန်ဖိုးထား၊ စေတနာထားလုပ်တော့လဲ စိတ်ပါသွားတာပဲ"ဟုပြောရင်း ဦးသီဟဇော်က လက်ပတ်နာရီကိုငုံ့ကြည့်ကာ-

"သူရိန်ငါသွားတော့မယ်။ ဟော့ လက်ဖက်ရည်ဖိုးရှင်းမယ်"ဟု ပြောရင်း ပန်းကန်ထဲက လက်ဖက်ရည်ကို ကုန်အောင်မော့သောက်လိုက်လေသည်။ ကောင်တာမှလူရွယ် ဦးသူရိန်တို့ စားပွဲအနားရောက်လာပြီး-

"ဆရာကြီးတို့မရှင်းပါနဲ့။ ကျွန်တော်ဒါနပြုတာပါ။ ဆရာကြီးတို့ကျေးဇူး ကျွန်တော်တို့မိသားစုဆပ်လို့မကုန်ပါဘူး"

ထိုစကားပြောလိုက်သူမှာ လက်ဖက်ရည်ဆိုင်ပိုင်ရှင်ပင်ဖြစ်လေသည်။ ထိုလက်ဖက်ရည်ဆိုင်ပိုင်ရှင်မှာ ဦးသူရိန်၏တစ်ပည်ဟောင်းတစ်ဦးဖြစ်ပြီး ပညာရေးဆုံးခန်းမတိုင်သဖြင့် စားပွဲထိုးဝင်လုပ်ရာမှ ဦးသူရိန်၏ဆုံးမလမ်းညွှန်မှုကြောင့် ကိုယ့်အားကိုယ်ကိုးကြိုးစားအားထုတ်ရင်း လက်ဖက်ရည်ဆိုင်ပိုင်ရှင်ဖြစ်လာရခြင်းပင်။ လက်ဖက်ရည်ဆိုင်ပိုင်ရှင်ဇနီးမှာလည်း ဦးသီဟဇော်၏လူနာဖြစ်နေလေသည်။ သေအံ့ဆဲဆဲဇနီးဖြစ်သူကို ဒေါက်တာသီဟဇော် သေမင်းလက်မှပြန်လုယူပေးခဲ့ခြင်းကြောင့် "ဆရာကြီးတို့ကျေးဇူး ကျွန်တော်တို့မိသားစုဆပ်လို့မကုန်ပါဘူး"ဟုပြောခြင်းပင်။ လက်ဖက်ရည်ဖိုးအတင်းပေးသော်လည်း မယူသဖြင့် အားနာနာဖြင့် ဦးသီဟဇော် ဆိုင်ထဲမှထွက်သွားလေသည်။ ဦးသူရိန်လည်း ကျောင်းချိန်နီးပြီမို့ ရေချိုးရန်အိမ်သို့ပြန်လာခဲ့တော့သည်။

(၇)

ဦးသူရိန်နှင့် ဦးသီဟဇော်တို့နှစ်ဦးစလုံး ဆန္ဒနှင့်ဘဝတစ်ထပ်တည်းမကျခဲ့သော်လည်း ကံပစ်ချရာဘဝ၌ အလုပ်ပေါ် တန်ဖိုးထား၊ စေတနာထားမှုကြောင့် လူရိုသေ၊ ရှင်ရိုသေဩဇာရှိသည့်ကျောင်းဆရာနှင့် အောင်မြင်သည့်ဆရာဝန်များဖြစ်ခဲ့ကြပြီ။ ယခုတော့လည်း မဖြစ်ချင်တာများဖြစ်ခဲ့သည့်ဘဝမှာ သူတို့ဘဝက သူတို့ဆန္ဒဖြစ်ခဲ့လေပြီ။

## ဖေးမကူပါ များသူငါ

\- လိုနေသူ ဖြည့်ကာပေးလို့
ကူညီမနှေး များသူငါ၊
မွန်မြတ်ဖွယ် စိတ်ထားလှနဲ့
ဖေးမစဉ်သာ၊
ဖြူစင်နှလုံး ကျင့်သုံးကာ
ချစ်မေတ္တာ အရင်းခံထား၊
တစ်ပါးသူ အကျိုးအတွက်
ဆောင်ရွက်လှုပ်ရှား။

\- အကြင်နှာ ရင်မှာပွားလို့
မင်္ဂလာတရား ကျင့်သုံးမယ်၊
စေတနာ ဝေဖြာမိုး
ကောင်းကျိုးဆောင်သယ်၊
လူသားချင်း ညှာတာကွယ်
စာနာဖွယ် စိတ်ကောင်းမွေး၊
ရိုးသားစွာ ဘဝလမ်းကို
လျှောက်လှမ်းမယ်လေး။

\- ကောင်းရာကို ပြုကျင့်တွေးလို့
ကောင်းမှုမနှေး ရှက်ဆောင်လေ၊
ငါတည်းဟူ မာန်မာန
ရှောင်ကြစဉ်ပေ၊
ဖြူစင်ခြင်း အပြုံးရိပ်ဝေ
မုန်းစိတ်တွေ ဖယ်ခွာရင်း၊
များလူတစ်သင်း ဘေးမခလို့
အေးမြစေမင်း။ ။

**ရဲသွေးနီ(တက်ဝန်)**

# ဘားအံမြို့နယ် ဗျက္ခကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဘားအံ ဖေဖော်ဝါရီ ၁၇**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်သည့် ဗျက္ခကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဋ္ဌမအကြိမ်ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များက ဗျက္ခကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အဋ္ဌမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၈ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၄၈၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုသက်**

# နောက်ဆုံးအခွင့်အလမ်းကို လက်မလွှတ်စေလို

## မောင်သောင်းဝင်း(တမန်ဟောင်း)

တက္ကသိုလ်ဝင်စာမေးပွဲများကို ၂၀၂၃ ခုနှစ် မတ် ၈ ရက်မှ ၁၈ ရက်ထိ ကျင်းပသွားမည်ဖြစ်သည်။ စာမေးပွဲဖြေဆိုကတ်များထုတ်ယူနိုင်ရန် ဖေဖော်ဝါရီ ၁၅ ရက်တွင် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနက ထုတ်ပြန်ကြေညာထားသည်။ စာမေးပွဲဖြေဆိုရန် ၁၈ ရက်ခန့်သာကျန်တော့သည့်အတွက် တစ်ဘာသာလျှင် စာကြည့်ချိန် သုံးရက်လောက်သာကျန်တော့သည်။ စက္ကန့်တိုင်းသည် စိန်ထက်ပင်တန်ဖိုးရှိနေသည်။ ဂုဏ်ထူးမျှော်မှန်းထားသော ကျောင်းသား၊ ကျောင်းသူများကတော့ စာများပိုင်နေလောက်ပြီထင်သည်။ စာမကျေညက်သေးသောကလေးများအနေဖြင့် အောင်မှတ်ရရှိရေးအတွက် အားနည်းသည့် ဘာသာရပ်ကို အလေးထားကျက်မှတ်သွားရန်လိုအပ်သည်။

**ဘဝအချိုးအကွေ့**

တက္ကသိုလ်ဝင်စာမေးပွဲသည် လူငယ်တို့၏ ဘဝအချိုးအကွေ့တစ်ခုပင်ဖြစ်သည်။ ပညာသင်နှစ်အစကတည်းက ကျောင်းမှန်မှန်တက်၊ စာမှန်မှန်ကျက်ခဲ့သော ကျောင်းသား၊ ကျောင်းသူများသည် အတန်းတင်စာမေးပွဲဖြေဆိုရန်အသင့်ဖြစ်နေကြမည်ဖြစ်သည်။ သင်ခန်းစာများကိုလည်း အပြန်ပြန်အလှန်လှန်လေ့ကျင့်နေမည်ဟုယုံကြည်မိသည်။ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူတစ်ဦးသည် မိမိကြိုက်နှစ်သက်ရာ ဘာသာရပ်တစ်ခုခုကိုစိတ်ကြိုက်ရွေးချယ်ပြီး တက္ကသိုလ်ပညာကို ဆက်လက်လေ့လာဆည်းပူးနိုင်မည်ဖြစ်သည်။ အထူးသဖြင့် အသက်မွေးဝမ်းကျောင်းပညာတက္ကသိုလ်များကို တက်ရောက်ခွင့်ရရှိကြမည်ဖြစ်သည်။ ဘဝစိတ်ကူးအိပ်မက်များကို ဆက်လက်ထုဆစ်ပုံဖော်နိုင်ပြီး တိုင်းပြည်အတွက် သားကောင်းရတနာများ ဖြစ်လာကြမည်ဖြစ်သည်။

အမှတ်နည်းသူ၊ ဂုဏ်ထူးမပါသူများမှာမူ အောင်မှတ်ဖြင့် သတ်မှတ်ထားသည့်ဘာသာရပ်တစ်ခုခုကိုသာ ရွေးချယ်ကြရတော့မည်ဖြစ်သည်။ စာမေးပွဲကျရှုံးသူများသည် အစကနေပြန်စကြရမည်ဖြစ်သည်။ အသက်တစ်နှစ်ကြီးသွားမည်ဖြစ်သည်။ ငွေကြေးကို ရှာဖွေ၍ရရှိနိုင်သော်လည်း ကုန်ဆုံးသွားသော အချိန်ကိုမူ မည်သည့်အရာနှင့်မျှ အစားထိုး၍မရချေ။ ထို့ကြောင့် တက္ကသိုလ်ဝင်စာမေးပွဲသည် လူငယ်များ၏ အနာဂတ်ဘဝကို အဆုံးအဖြတ်ပေးနိုင်သဖြင့် အထူးအလေးထားဖြေဆိုရန်လိုအပ်သည်။

**သင်ရိုးပြတ်နေပြီဖြစ်**

စာရေးသူတို့ငယ်စဉ်က ဒီဇင်ဘာလကုန်လျှင် သင်ရိုးအားလုံးနီးပါးပြတ်နေပြီဖြစ်သည်။ ဇန်နဝါရီလတွင် ပြန်လှန်လေ့ကျင့်ခန်းများ ပြုလုပ်နေရပြီဖြစ်သည်။ အရေးကြီးသောအပိုင်းများ၊ မေးမြန်းနိုင်သည့် အကြောင်းအရာများကို ထပ်တလဲလဲလေ့ကျင့်နေရပြီဖြစ်သည်။ ယခုလည်း သင်ခန်းစာများပြီးပြတ်နေမည်ဟုထင်သည်။ ဆရာ၊ မိဘ၊ ကျောင်းသားများ ပူးပေါင်းကာ အပြန်ပြန်အလှန်လှန် လေ့ကျင့်ချိန်ရောက်ရှိနေပြီဖြစ်သည်။

**သုံးနားညီတာဝန်**

သားသမီးများ၏ ပညာထူးချွန်ရေး အထူးသဖြင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် အမှတ်ကောင်းကောင်း၊ ဂုဏ်ထူးများများဖြင့် အောင်မြင်နိုင်ရေးသည် ကျောင်းသားမိဘများအပေါ်တွင် များစွာမူတည်နေသည်။ အချို့သောမိဘများသည် ပညာသင်နှစ်တစ်နှစ်လုံးတွင် သားသမီးများကိုနေချင်သလိုနေရန် အလိုလိုက်ထားကြပြီး အောင်စာရင်းထွက်သည့်နေ့ကိုရောက်ရှိမှသာ အောင်ချင်လိုသော စိတ်ပြင်းပြလေ့ရှိကြသည်။ အချို့သောမိဘများသည် တက္ကသိုလ်ဝင် အောင်စာရင်းတွင် မိမိ၏ သားသမီးနာမည်ပါမလာလျှင် ပညာရေးဝန်ထမ်းများ၊ ဆရာ၊ ဆရာမများကို လက်ညှိုးထိုးအပြစ်တင်လေ့ရှိကြသည်။ အချို့သော အားလုံးသည် မိဘများနှင့် ဆရာ၊ ဆရာမများ၏ ပံ့ပိုးမှုများစွာကို လက်ခံရရှိထားကြသည်။ မိဘများသည် ကျန်းမာရေးနှင့်လူမှုရေးကိစ္စများကို ဖြည့်ဆည်းပေးခဲ့ကြပြီး ဆရာ၊ ဆရာမများသည် သင်ကြားရေးအပိုင်းကိုတာဝန်ယူခဲ့ကြသည်။ ထိုနည်းတူစွာ ကျောင်းသား၊ ကျောင်းသူများအပိုင်းကလည်း ကျောင်းတွင်နေ့စဉ်သင်ကြားပေးလိုက်သောစာများကို အပြတ်လေ့လာကျက်မှတ်သည့်တာဝန်ကို ယူသွားကြသည်။ ကျောင်းသား၊ ဆရာ၊ မိဘ သုံးနားညီကြိုးပမ်းခဲ့ကြသဖြင့် အောင်မြင်မှုအသီးအပွင့်များရရှိခဲ့ခြင်းဖြစ်သည်။

**လူမှုကွန်ရက်သုံးစွဲချိန်လျှော့ချ**

နည်းပညာများတိုးတက်လာခြင်းသည် အကောင်းနှင့်အဆိုးဒွန်တွဲလျက်ရှိသည်။ ဦးနှောက်နုနယ်သော

> ❖ တက္ကသိုလ်ဝင်စာမေးပွဲသည် လူငယ်တို့၏ဘဝ အချိုးအကွေ့တစ်ခုပင်ဖြစ်သည်။ ပညာသင်နှစ်အစကတည်းက ကျောင်းမှန်မှန်တက်၊ စာမှန်မှန်ကျက်ခဲ့သော ကျောင်းသား၊ ကျောင်းသူများသည် အတန်းတင်စာမေးပွဲဖြေဆိုရန်အသင့်ဖြစ်နေကြမည်ဖြစ်သည်။ သင်ခန်းစာများကိုလည်း အပြန်ပြန်အလှန်လှန်လေ့ကျင့်နေမည်ဟု ယုံကြည်မိသည်။ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူတစ်ဦးသည် မိမိကြိုက်နှစ်သက်ရာ ဘာသာရပ်တစ်ခုခုကို စိတ်ကြိုက်ရွေးချယ်ပြီး တက္ကသိုလ်ပညာကို ဆက်လက်လေ့လာ ဆည်းပူးနိုင်မည်ဖြစ်သည်။ ❖

မိဘများသည် သားသမီးများကို ကျူရှင်နှင့် ဝိုင်းထားပေးလျှင် တာဝန်ကျေပွန်ပြီဟု ယူဆထားကြသည်။ ထိုအယူအဆသည် လုံးဝမှားယွင်းသည်။ သားသမီးများ၏ ပညာဆည်းပူးနေမှုနှင့် တိုးတက်မှုအခြေအနေကို စဉ်ဆက်မပြတ်စောင့်ကြပ်ကြည့်ရှု ထိန်းကျောင်းပေးရန်လိုအပ်သည်။ မိဘများသည် သားသမီးများကို ငယ်စဉ်ကတည်းက စည်းစနစ်ကျနစွာ ပဲ့ပြင်ဆုံးမခဲ့မည်ဆိုလျှင် တက္ကသိုလ်ဝင်စာမေးပွဲတွင် မအောင်မြင်စရာအကြောင်းမရှိချေ။ ဂုဏ်ထူးများစွာဖြင့်ပင် အောင်မြင်နိုင်သည်။

၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူများသည် စာကို ည ၇ နာရီမှ ၁၁ နာရီထိပုံမှန်ကျက်မှတ်ခဲ့ကြပြီး အထူးသဖြင့် သင်ခန်းစာအားလုံးကို အလွတ်ကျက်မှတ်လေ့ကျင့်ခဲ့ကြသူများဖြစ်သည်။ ငယ်စဉ်က အတန်းစဉ် ထူးချွန်ဆုမရရှိခဲ့ကြသည့်တိုင် အောင် ၁၀ တန်းနှစ်တွင် အပတ်တကုတ်ကြိုးစားခဲ့သဖြင့် ထူးချွန်သူများလည်းပါရှိကြသည်။ တစ်နိုင်ငံလုံးတွင် အဆင့် ၁၀ အတွင်းဝင်သော ကျောင်းသားများ ဆယ်ကျော်သက်အရွယ်ကလေးများကို ခေတ်မီအီလက်ထရွန်နစ်ပစ္စည်းများကို လိုအပ်သည်ထက်ပိုမိုသုံးစွဲခွင့်ပြုထားခြင်းသည် အန္တရာယ်ကိုဖိတ်ခေါ်သလိုဖြစ်နေသည်။ ထိုပစ္စည်းများ၏ အကျိုး၊ အပြစ်ကို ခွဲခြားစိတ်ဖြာနိုင်စွမ်းမရှိသည့် ကလေးများသည် လမ်းမှားသို့ရောက်ရှိနိုင်ပေသည်။ အွန်လိုင်းမှနေ၍ ကျောင်းသင်ခန်းစာများ၊ အကျိုးပြုစာစောင်များ၊ အင်္ဂလိပ်စာလေ့ကျင့်ခန်းများကို လွယ်ကူစွာရယူလေ့လာနိုင်ပေသည်။ ထိုသို့ အကျိုးရှိစွာအသုံးမချဘဲ Facebook ကဲ့သို့သောလူမှုကွန်ရက်များကိုအသုံးပြုပြီး ဆယ်ဖီရိုက်တင်ခြင်း၊ Chatting ပြောခြင်း၊ အမုန်းပွားစေနိုင်သည့် Comment များရေးသားခြင်း၊ လူအသိုက်အဝန်းကိုအကျိုးမပြုသော Status များကို မျှဝေခြင်း၊ မဟုတ်မဟတ်ညစ်ညမ်းစာပေ၊ ရုပ်ပုံနှင့် ဗီဒီယိုများကိုသာ ကြည့်ရှုကာ အချိန်ဖြုန်းခြင်းများ လုပ်ဆောင်နေမည်ဆိုလျှင် ကျောင်းစာများလစ်ဟင်းလာပြီး အတန်းတင်စာမေးပွဲကျရှုံးမည်မှာ မြေကြီးလက်ခတ်မလွဲပင်ဖြစ်သည်။ ထို့ကြောင့် လူမှုကွန်ရက်သုံးစွဲမှုအချိန်ကို လျှော့ချသွားရန်လိုအပ်သည်။ မိဘများအပိုင်းကလည်း အချိန်မီထိန်းကျောင်းပေးသင့်သည်။

**မုချအောင်မြင်မည်**

တက္ကသိုလ်ဝင်တန်းတက်ရောက်နေသောကျောင်းသား၊ ကျောင်းသူများသည် ပညာသင်နှစ်စကတည်းက ကျောင်းစာကို ပုံမှန်ကျက်မှတ်ခြင်း၊ ကျန်းမာရေးလိုက်စားခြင်း၊ ရတနာသုံးပါးကိုကြည်ညိုကိုင်းရှိုင်းခြင်း၊ ဘုရား၊ တရား၊ သံဃာ၊ ဆရာ၊ မိဘများ၏ ဂုဏ်ကျေးဇူးကိုအောက်မေ့ပြီး ပြုမူကျင့်ကြံနေထိုင်ကြိုးစားသွားမည်ဆိုလျှင် စာမေးပွဲတွင်ထူးချွန်စွာအောင်မြင်မည်ဟု အခိုင်အမာဆိုဝံ့သည်။ စာမေးပွဲကျရှုံးသည့် ကျောင်းသား၊ ကျောင်းသူအများစုသည် စာမေးပွဲဖြေဆိုနည်း မတတ်ခြင်း၊ မေးခွန်းအပေါ် နားလည်မှုမရှိခြင်းတို့ကြောင့်ဖြစ်သည်။ အထူးသဖြင့် ကိုယ်စီဝီရိယစိုက်ထုတ်ကြိုးစားအားထုတ်မှုလျော့နည်းသောကြောင့်ဖြစ်သည်။ ကျောင်းသားမိဘများအပိုင်းကလည်း တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့်ကလေးငယ်များကို လျစ်လျူရှုမထားဘဲ လိုအပ်ချက်များကို အထူးဂရုစိုက်ဖြည့်ဆည်းပေးသင့်ပေသည်။

**နောက်ဆုံးအခွင့်အလမ်းကိုလက်မလွှတ်စေလို**

ဆိုရလျှင် နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများတွင် ဒသမတန်း၌ ပညာသင်ယူနေသော ကျောင်းသား၊ ကျောင်းသူအားလုံးသည် ၂၀၂၃ ခုနှစ် မတ် ၈ ရက်တွင် တက္ကသိုလ်ဝင်စာမေးပွဲကြီး ဖြေဆိုကြရတော့မည်ဖြစ်သည်။ တစ်ဘာသာလျှင် ကျက်မှတ်ချိန် သုံးရက်ခန့်သာရှိတော့သည်။ ကျန်ကာလတွင် ဘာသာရပ်အလိုက် စနစ်တကျအချိန်ဇယားရေးဆွဲကာ ကျက်မှတ်သွားရန်လိုအပ်သည်။ ထိုစာမေးပွဲကြီးသည် အထက်တန်းကျောင်းသူ၊ ကျောင်းသားများ၏ အနာဂတ်ကို အဆုံးအဖြတ်ပေးမည့် စာမေးပွဲကြီးလည်းဖြစ်သည်။ ထိုစာမေးပွဲတွင်သာ ထူးချွန်စွာဖြေဆိုနိုင်မည်ဆိုလျှင် မိမိဆက်လက်ပညာဆည်းပူးလိုသော တက္ကသိုလ်ကို တက်ရောက်ခွင့်ရကြမည်ဖြစ်သည်။ စာသင်နှစ်အစကတည်းက ပုံမှန်လေ့လာသင်ယူကျက်မှတ်ခဲ့သော ကျောင်းသား၊ ကျောင်းသူများသည် ဆန္ဒနှင့်ဘဝ တစ်ထပ်တည်းဖြစ်ကြမည်ဖြစ်သည်။

စင်စစ်အားဖြင့် ယခုနှစ် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲသည် သင်ရိုးဟောင်းပညာရေးကိုသင်ယူနေသည့် ကျောင်းသား၊ ကျောင်းသူများအတွက် ကျင်းပပေးသော နောက်ဆုံးအခွင့်အလမ်းပင်ဖြစ်သည်။ လာမည့်နှစ်မှစ၍ KG + 12 ပညာရေးစနစ် စာမေးပွဲကိုသာကျင်းပသွားတော့မည်ဖြစ်သည်။ ထို့ကြောင့် စနစ်ဟောင်းကျောင်းသား၊ ကျောင်းသူများအနေဖြင့် နောက်ဆုံးအခွင့်အလမ်းကို လက်လွှတ်မခံဘဲ အမိအရဆုပ်ကိုင်သွားစေလိုသည်။ မည်သို့ပင်ဆိုစေကာမူ ကျောင်းသား၊ ကျောင်းသူ လူငယ်များအနေဖြင့် အဆုံးအဖြတ်ပေးမည့် အတန်းတင်စာမေးပွဲ၌ မေးခွန်းများကို နားလည်အောင်အပြန်ပြန်အလှန်လှန်ဖတ်ပြီး အောင်မှတ်ရရှိအောင် တတ်နိုင်ပါက ဂုဏ်ထူးအမှတ်များရရှိသည်ထိ ဖြေဆိုနိုင်ကြပါစေကြောင်း ဆန္ဒပြုလိုက်ရပါသည်။

# သံတွဲမြို့နယ် ပေါက်တောကျေးရွာ၌ ဖြန်းကျောက်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**သံတွဲ ဖေဖော်ဝါရီ ၁၇**

ရခိုင်ပြည်နယ် သံတွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပေါက်တောကျေးရွာ၌ ကျေးရွာတွင်းလမ်း ဖြန်းကျောက်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဖေဖော်ဝါရီ ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သံတွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းသန်းဇော်နှင့်တာဝန်ရှိသူများက ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်အတူ ပေါက်တောကျေးရွာ၌ ကျေးရွာတွင်းလမ်း ဖြန်းကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လမ်းရေရှည်တည်တံ့စေရေး ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ပေါက်တောကျေးရွာ၌ လမ်းအရှည်ပေ ၈၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ဖြန်းကျောက်လမ်းခင်းခြင်းနှင့် အဆိုပါလမ်းပေါ်ရှိ Box Culvert သုံးစင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ရန်ပုံငွေကျပ်သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၀ သိန်း စုစုပေါင်း ငွေကျပ်သိန်း ၁၁၀ ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သံတွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းသန်းဇော်ထံမှ သိရသည်။ **ဖြိုးထက်အောင်(မျော်ဘွယ်)**



# မွန်ပြည်နယ်၌ ယခုနှစ် ဆားလုပ်ငန်းရာသီတွင် နေလှန်းဆားများ တိုးမြှင့်ထုတ်လုပ်နိုင်မည်



**မော်လမြိုင် ဖေဖော်ဝါရီ ၁၇**

မွန်ပြည်နယ်၌ ယခုနှစ် ဆားလုပ်ငန်းရာသီတွင် နေလှန်းဆားများ တိုးမြှင့်ထုတ်လုပ်သွားနိုင်မည်ဖြစ်ကြောင်း မွန်ပြည်နယ် ဆားလုပ်ငန်းဦးစီးဌာန၏ သတင်းများအရ သိရသည်။

မွန်ပြည်နယ်သည် မြန်မာနိုင်ငံတွင် တတိယဆားအများဆုံး ထုတ်လုပ်သည့် ပြည်နယ်တစ်ခုဖြစ်ပြီး ဆားကွင်းလုပ်ငန်းများကို ရေး၊ သံဖြူဇရပ်၊ ပင၊ စက်စဲနှင့်ပေါင်စသည့်မြို့နယ်များနှင့်ပတ်ဝန်းကျင်ဒေသများတွင် အများဆုံးလုပ်ကိုင်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

မွန်ပြည်မှ ထွက်ရှိနေသည့် ဆားကြမ်းများကို စစ်တောင်းစက္ကူစက်၌ ကုန်ကြမ်းအဖြစ် အသုံးပြုခဲ့ကြပြီး ပင်လယ်ရေလုပ်ငန်းများ၊ အအေးခန်းစက်ရုံများက ဝယ်ယူအသုံးပြုခဲ့ကြကြောင်း၊ ၎င်းလုပ်ငန်းများသည် မွန်ပြည်နယ် ဆားလုပ်ငန်းများ၏ အဓိကအားထားရောင်းချပေးနေရသည့် ဖောက်သည် ဈေးကွက်ကြီးများဖြစ်နေခဲ့ကြောင်း၊ ထို့ပြင် ရန်ကုန်၊ မန္တလေး ဈေးကွက်များမှတစ်ဆင့် မြန်မာတစ်နိုင်ငံလုံးသို့လည်း မွန်ပြည်နယ်မှထွက်ရှိသော နေလှန်းဆားများ ဖြန့်ဖြူးရောင်းချမှုများရှိနေကြောင်း သိရသည်။

၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းဖြစ်ပွားပြီးနောက်ပိုင်းတွင် စစ်တောင်းစက္ကူစက် ရပ်နားသွားခဲ့သဖြင့် ဖောက်သည်ဈေးကွက်တစ်ခု ပျက်သွားခဲ့ရသော်လည်း မွန်ပြည်နယ် ဆားဈေးကွက်အနေဖြင့် အရှိန်မပြတ် ဆက်လက်လှုပ်ရှားနိုင်ခဲ့သည့်အပြင် မွန်ပြည်နယ်ထွက် နေလှန်းဆား ဈေးနှုန်းများမှာလည်း နှစ်ဆခန့် မြင့်တက်လာခဲ့သည်။

မွန်ပြည်နယ်ဒေသတွင်း ဆားဈေးကွက်များတွင် ၂၀၂၂ ခုနှစ် ဇန်နဝါရီလကုန်ပိုင်းနှင့် ဖေဖော်ဝါရီလဆန်းပိုင်းတွင် ဆားအသစ်တစ်ပိဿာလျှင် ငွေကျပ် ၈၀ ခန့်ရှိပြီး ယခုနှစ် ဇန်နဝါရီလကုန်ပိုင်းနှင့် ဖေဖော်ဝါရီ လဆန်းပိုင်းထိ ဆားအသစ်တစ်ပိဿာလျှင် ငွေကျပ် ၁၈၀ ခန့် ပေါက်ဈေးရှိလာသည်။

လာမည့် မတ်လနှင့် ဧပြီလတို့တွင် နေလှန်းဆားကွင်းများ မိုးဒဏ်မခံရပါက မွန်ပြည်နယ် နေလှန်းဆား လုပ်ငန်းများအနေဖြင့် ယခုနှစ် ဆားလုပ်ငန်းရာသီတွင် အခြေအနေကောင်းများ ဖြစ်လာနိုင်ကြောင်း၊ ထို့ကြောင့် မွန်ပြည်နယ်၌ ယခုနှစ် ဆားလုပ်ငန်းရာသီတွင် နေလှန်းဆားများ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် နေလှန်းဆားကွင်းလုပ်ကိုင်မှု ဧကများကို တိုးမြှင့် လုပ်ကိုင်မည်ဖြစ်ကြောင်း သိရသည်။

မွန်ပြည်နယ်၌ ၂၀၂၂ ခုနှစ်တွင် နေလှန်းဆားကွင်း ၄၂၄၁ ဒသမ ၉ ဧကသာ လုပ်ကိုင်ခဲ့သော်လည်း ယခုနှစ်တွင် နေလှန်းဆားကွင်းလုပ်ငန်း ၄၄၅၃ ဧကထိ တိုးချဲ့လုပ်ကိုင် သွားမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းချမ်း**

# ဒိုက်ဦးမြို့နယ် မော်အင်းကျေးရွာ၌ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ဒိုက်ဦး ဖေဖော်ဝါရီ ၁၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့် မော်အင်းကျေးရွာ၌ ရွာတွင်းလမ်း ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်း ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ မော်အင်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ဂဝံမြေခင်းခြင်းလုပ်ငန်းပြီးစီးမှုကို ကြည့်ရှုစစ်ဆေးကြပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရပ်မိ၊ ရပ်ဖများ၊ ကျေးရွာကော်မတီဝင်များ၊ ကျေးရွာတာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ရွာတွင်းလမ်း ရေရှည်အသုံးပြုနိုင်ရေး ကျေးရွာသူ၊ ကျေးရွာသားများအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ဒိုက်ဦးမြို့နယ် မော်အင်းကျေးရွာ၌ အရှည်ပေ ၁၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ်သိန်း ၁၀၀ အသုံးပြုပြီး ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ခံအင်ဂျင်နီယာများ၏ နည်းပညာကူညီမှုဖြင့် ကျေးရွာ ပြည်သူလူထုကိုယ်တိုင် ၂၀၂၂ ခုနှစ် နိုဝင် ဘာ ၁၂ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၁၆ ရက်က လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းက ပြောပြ၍ သိရသည်။ **ကိုညို**

# ချောင်းဦးမြို့နယ်တွင် ဆောင်းနေကြာ ၂၆၁၁ ဧကနှင့် မျိုးစေ့ထုတ်ကွက် ဧက ၇၀ စိုက်ပျိုးနိုင်ခဲ့

**ချောင်းဦး ဖေဖော်ဝါရီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းနေကြာ ၂၆၁၁ ဧကနှင့် မျိုးစေ့ထုတ်ကွက်ဧက ၇၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းနေကြာ ၂၆၁၁ ဧကနှင့် မျိုးစေ့ထုတ်ကွက်ဧက ၇၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ချောင်းဦးမြို့နယ်မှာ ဆောင်းကာလ နေကြာဧက ၂၀၀၀ ကျော်နဲ့ မျိုးစေ့ထုတ်ကွက် ဧက ၇၀ စိုက်ပျိုးဖို့လျာထားတာ။ လက်ရှိ ရာနှုန်းပြည့်စိုက်ပြီးနေပြီ။ ရေဆင်း(၁) မျိုးနေကြာကို အများဆုံးစိုက်ပျိုးကြတာပါ။ နေကြာစိုက်တောင်သူတွေကို မျိုးကောင်းမျိုးသန့်တွေ ဖြန့်ဖြူးပေးပါတယ်။ မျိုးစေ့ထုတ်ကွက်က ရရှိလာမဲ့မျိုးတွေကိုလာမဲ့ မိုးကြိုရာသီမှာ ပြန်ပြီးတော့ ဖြန့်ဖြူးနိုင်ဖို့ မျိုးစေ့ထုတ်တာပါ"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဆောင်းနေကြာလျာထားစိုက်ဧက ပြည့်မီရန်၊ တောင်သူများ အလွယ်တကူ စိုက်ပျိုးထုတ်လုပ်နိုင်စေရန်၊ ပိုးမွှားရောဂါများ ကျရောက်မှုမရှိစေရန်၊ ယူရီးယားမြေဩဇာများ၊ မျိုးစေ့ထုတ်နည်းပညာများ၊ မျိုးကောင်းမျိုးသန့်များ အလွယ်တကူရရှိစေရန်၊ တောင်သူများ အထွက်နှုန်းတိုးပြီး တောင်သူတစ်ဦးချင်းဝင်ငွေတိုးတက်လာစေရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဆောင်းနေကြာသီးနှံစိုက်ပျိုးမည့်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် စိုက်ပျိုးနည်းပညာပေးသင်တန်းနှင့်အတူ နေကြာမျိုးကောင်း မျိုးသန့်ဖြစ်သည့် ရေဆင်း (၁) မျိုးနေကြာစေ့များကို ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)



# လွိုင်လင်မြို့နယ် တွန်တီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**လွိုင်လင် ဖေဖော်ဝါရီ ၁၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ စတုတ္ထအကြိမ် ထုတ်ချေးခြင်းကို ဆင်ခြေဖုန်းကျေးရွာအုပ်စု တွန်တီးကျေးရွာ၌ ယနေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ရှေးဦးစွာ လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်မင်းထိုက်က ရွှေဥဒေါင်းကျေးရွာနှင့် တွန်တီးကျေးရွာတို့ရှိ ရပ်မိ၊ ရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများ၊ လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၇၅ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ရွှေဥဒေါင်းကျေးရွာနှင့် တွန်တီးကျေးရွာတို့တွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၆၈ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ နှစ်ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၇၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ရှိုးသန်းဦးနှင့်**



# ပွင့်ဖြူမြို့နယ် မင်းလှကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ပွင့်ဖြူ ဖေဖော်ဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ပွင့်ဖြူမြို့နယ် မင်းမြေကျေးရွာအုပ်စု မင်းလှကျေးရွာ၌ ကျေးရွာတွင်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးလှဌေးမောင်နှင့်ဝန်ထမ်းများက ပွင့်ဖြူမြို့နယ် မင်းလှကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးရာ ကျေးရွာစီမံကိန်းလုပ်ငန်း ကြီးကြပ်မှုကော်မတီဝင်များက လုပ်ငန်းအားသာချက်၊ အားနည်းချက်များကို ဆွေးနွေးတင်ပြခဲ့ရာ မြို့နယ်ဦးစီးမှူးက လမ်းရေရှည်အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ပွင့်ဖြူမြို့နယ် မင်းမြေကျေးရွာအုပ်စု မင်းလှကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည်ပေ ၄၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ် သိန်း ၁၀၀ အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် စက်တင်ဘာ ၆ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

# ခေတ်မရွေးတဲ့ကဗျာ (၁၃)

မန်းတင့်မော်

လူသားတို့၏ရုပ်ပိုင်းဆိုင်ရာ သွင်ပြင်လက္ခဏာများကို မြင်ရုံနှင့်သိနိုင်သည်။ စေ့စပ်သေချာစွာ လေ့လာလျှင်လည်း အားသာချက်၊ အားနည်းချက်များကို ကွက်ကွက်ကွင်းကွင်း တွေ့မြင်နိုင်သည်လည်း ဖြစ်ပါသည်။ သို့သော် လူတစ်ဦး၏အတွင်းစိတ်ထားကိုမူ အပြင်ပန်းအားဖြင့် မသိနိုင်ပါချေ။ စိန်ကဲကျောက်ကဲထက် လူကဲခတ်ရခက်သည်ဟူ၍ လည်း ဆိုလေ့ရှိကြပါသေးသည်။ စိတ်၏နယ်ပယ်ကား ကျယ်ဝန်းနက်ရှိုင်းလှပါ၏။ စိတ်ကိုသက်ဆိုင်ရာ ဘာသာတရားများက ခွဲခြမ်းစိတ်ဖြာပြလေ့ ညွှန်လေ့လည်းရှိပါသည်။

စိတ်ပညာဘာသာရပ်ကလည်း စဉ်ဆက်မပြတ် လေ့လာသုတေသနပြုနေဆဲပါ။ ပညာရပ်အားဖြင့် သိရှိနားလည်ရန် မလွယ်ကူသော်လည်း မိရိုးဖလာ အစဉ်အဆက်အားဖြင့် လူစိတ်၊ လူသဘော၊ လူသဘာဝ၊ လူစရိုက်များကိုလည်း သိရှိနားလည်ကြပါသည်။ ကိုးကွယ်ယုံကြည်ရာဘာသာ၊ တိုင်းပြည်လူမျိုးနှင့် အခြားသောအကြောင်းရင်းများ (လူမှုရေး၊ စီးပွားရေး) သည် လူ၏စိတ်ကိုလွှမ်းမိုးလျက်လည်းရှိသည်။ စိတ်ဆန္ဒဟူ၍လည်း အနက်ဖွင့်ကြသည်လည်းရှိသည်။ အရောင်းအဆင်းမရှိသောစိတ်ကို အရောင်ဖြင့် တင်စားကြသေးသည်။ စိတ်အပေါ် မူတည်၍ လုပ်ရပ်က နောက်မှလိုက်သည်ဟု အများသိကြပါသည်။ ဒေါက်တာမောင်မောင် ရေးသားခဲ့သောစာအုပ်တစ်အုပ်တွင် "လူကိုအကျင့်ကပြင်သည်။ အကျင့်ကို စိတ်က ဦးဆောင်သည်"ဟူသော အဆိုအမိန့်ကို အမှတ်ရနေမိသည်။

စိတ်နှင့်ဆိုင်ရာ ရိုးရိုးပင်ဖွဲ့ဆိုထားသော ကဗျာဆရာတင်မိုး၏ "အရည်ကောင်း အသွေးကောင်း" အမည်ရှိ ကဗျာတစ်ပုဒ်အကြောင်း တင်ပြလိုပါသည်။ "အရည်အသွေး"ကို မြန်မာအဘိဓာန်တွင် "န-၁၊ ကျောက်မျက်စသည်၏ အရောင်အဆင်း။ ၂၊ အရည်အချင်း"ဟု ဖွင့်ဆိုသည်။ အရည်အချင်းကို "န-ပြုလုပ်ဆောင်ရွက်နိုင်သော စွမ်းရည်"ဟုဖွင့်သည်။ ကဗျာခေါင်းစဉ်က အရည်ကောင်းအသွေးကောင်းဟုဆိုထားရာ အဖိုးတန်ကျောက်မျက်ရတနာဟု လူကိုတင်စားဆိုလိုဟန်ရှိသည်။ တိုက်တိုက်ဆိုင်ဆိုင် ပတ္တမြားဆန်ကျိုး၊ အဖိုးပြည်တန်ဟူသော စကားကိုလည်း သတိရလိုက်မိပါသေးသည်။

လူစိတ်ကို မျောက်စိတ်နှင့် တူသည်ဟူ၍လည်း ခိုင်းနှိုင်းမှုများရှိပါသည်။ ကဗျာဆရာက ညွှန်းဆိုသည့်လူကို လူငယ်လူကြီးဟု ဆိုထားခြင်းမရှိပေ။ "သူ" ဟူသောနာမ်စားကိုသာသုံးသည်။ ကဗျာဖတ်သူ ခံစားသူအကြိုက် သူတစ်ယောက်သာဖြစ်ပေမည်။ လူ၏ စိတ်သည်တစ်ခါတစ်ရံ ကြမ်းတမ်းခက်ထန်တတ်သကဲ့သို့ သိမ်မွေ့နူးညံ့သည့်အခါလည်းရှိသည်။ စိတ်ဆင်ရိုင်း၊ စိတ်ထားဝဋ်ဟူသော စကားများလည်းရှိသည်။ ကဗျာဆရာ၏ သူကမူ စိတ်ထားဖြူစင်သူ နူးညံ့သိမ်မွေ့သူဟုဆိုပါသည်။ စိတ်ထားဖြူစင်သူတို့၏ လုပ်ရပ်မှာလည်း မှန်ကန်တည့်မတ်မည်မှာမလွဲပါ။ လူသားတို့လျှောက်လှမ်းရသော ဘဝခရီးကို ဖြောင့်တန်းစွာ သွားနိုင်ရန် အခြေခံအားဖြင့် စိတ်ရင်းစိတ်ဓာတ်ကောင်းရန်လိုပါလိမ့်မည်။ သို့မှသာ သူနှင့်သူ့ပတ်ဝန်းကျင်က အေးချမ်းတည်ငြိမ်နေမည်ဖြစ်သည်။ တစ်ဦးချင်း တစ်ဖွဲ့တစ်သင်းချင်းစီ၏ မူဝါဒများက ကွဲပြားနိုင်သော်လည်း ကဗျာပါ သူ၏မူကမူ မယိမ်းမယိုင် ကျောက်စာတိုင်ကဲ့သို့ရှိသည်။ လေးညို့မှပစ်လွှတ်လိုက်သော မြားကဲ့သို့ ဖြောင့်တန်းလျက်ရှိကြောင်းကို-

သူ့စိတ်က ငွမ်းလိုဖြူ
သူ့မူက မြားလိုဖြောင့်။
ဟု စတင်လိုက်ပါသည်။

> ❖ စိတ်နှင့်ဆိုင်ရာ ရိုးရိုးပင်ဖွဲ့ဆိုထားသော ကဗျာဆရာတင်မိုး၏ "အရည်ကောင်း အသွေးကောင်း"အမည်ရှိ ကဗျာတစ်ပုဒ်အကြောင်း တင်ပြလိုပါသည်။ "အရည်အသွေး"ကို မြန်မာအဘိဓာန်တွင် "န-၁၊ ကျောက်မျက်စသည်၏ အရောင်အဆင်း။ ၂၊ အရည်အချင်း"ဟု ဖွင့်ဆိုသည်။ အရည်အချင်းကို "န-ပြုလုပ်ဆောင်ရွက်နိုင်သောစွမ်းရည်" ဟုဖွင့်သည်။ ကဗျာခေါင်းစဉ်က အရည်ကောင်းအသွေးကောင်းဟုဆိုထားရာ အဖိုးတန်ကျောက်မျက်ရတနာဟု လူကိုတင်စားဆိုလိုဟန်ရှိသည်။ တိုက်တိုက်ဆိုင်ဆိုင် ပတ္တမြားဆန်ကျိုး၊ အဖိုးပြည်တန်ဟူသောစကားကို လည်း သတိရလိုက်မိပါသေးသည်။ ❖

လူသည် လူနှင့်လူချင်းပေါင်းသင်းဆက်ဆံရသည်။ အဖွဲ့အသင်း၊ အသိုက်အဝန်းတွင် ပျော်ရသည်။ ရုံးဌာန၊ လုပ်ငန်းခွင်အမျိုးမျိုးတွင် ကျင်လည်ရသည်။ အချင်းချင်းဒိုးတူပေါင်ဖက် အကျိုးတူဆောင်ရွက်ကြရသည်များလည်းရှိသည်။ ထိုသို့လုပ်ကိုင်စားသောက်ကြရသောအနေအထားတွင် ပတ်ဝန်းကျင်ရှိ လူအထွေထွေ၊ အနေအထားအမျိုးမျိုးတို့၏ ရိုက်ခတ်မှုမျိုးစုံကိုလည်း ခံရလေ့ရှိသည်။ ဒဏ်မခံနိုင်သူက ယိုင်လဲ၍ ကြံ့ကြံ့ခံနိုင်သူက ခိုင်မြဲသည်မှာလည်း ဓမ္မတာပါပေ။ မူကောင်းလူကောင်းကို ဖျက်အောင်ဖျက်တတ်သောသူများလည်းရှိသည်။ ရှိလည်းရှိခဲ့သည်။ ဆက်လက်၍လည်း ရှိနေပါလိမ့်ဦးမည်။ မည်သို့ပင် အနှောင့်အယှက် အတားအဆီးများရှိနေပါစေ၊ ဖြူစင်သောစိတ်ကို မည်းညစ်အောင် မည်သို့ပင် အရောင်ဆိုးကြသည်ဖြစ်စေ။ ကိုယ်ပိုင်ရိုးသားမှု၊ ဖြူစင်မှုတို့ကို အစွန်းအထင်းမခံသူဖြစ်ကြောင်း-

သည်လူသည်မှုမျိုးကို
တိုင်းတုန်အောင် ဝိုင်းအုံချိုးပါနဲ့
ရိုးဂုဏ်ကစောင့်။

ဟု ကဗျာဆရာက သတိပေးတားမြစ်ထားပါသည်။

ကျောက်မျက်ရတနာများထဲတွင် စိန်ကအမာဆုံးဖြစ်သည်။ စိန်ဖူး၊ စိန်သွား စသည်ဖြင့်လည်းရှိသေးသည်။ မှန်ကိုပင် ဖြတ်နိုင်သော စိန်သွားကလည်း မာကျောသည်။ တောကြိုတောင်ကြားက တသွင်သွင်စီးကျလာသော စမ်းရေကလည်း အေးမြလှသည်။ ဖန်ပြာခွက်နှင့်ကျောက်စက်ရေ အမောပြေအောင် တိုက်ပါမမဟု ငယ်ငယ်ကသံချပ်ထိုးဖူးသည်။ ကဗျာဆရာ၏ ဇာတ်ကောင်"သူ"၏စိတ်က စိန်ကျောက်လို မာကျောသည်။ တောင်းကိုမဖောက် တောင်ကိုဖောက်မည့် စိန်ကျောက်အသွင်ဟူသော အင်းဝခေတ်စာဆိုရှင်မဟာသီလဝံသ၏အဆိုနှင့် ထပ်တူပြုသော် ရနိုင်ကောင်းပါ၏။ စိတ်ခံစားမှုက မာကျောသော်လည်း ဟန်ပန်အမူအရာကအေးမြပါ၏။ မြင်သူနှစ်သက်ဖွယ် တင့်တယ်လျက်လည်းရှိသည်။ သူ၏အမူအရာကို မြင်ရသူတိုင်းအတွက် စမ်းရေတစ်ခွက်သောက်ရသည့်နှယ် အမောပြေစေနိုင်သည်။ သို့သော် စိန်ကိုမှိန်အောင်၊ စမ်းရေကိုခန်းစေအောင် အခြေအနေအမျိုးမျိုးက တိုက်တွန်းနှိုးဆော်လျက်လည်းရှိနေပြန်သည်။ အဖြစ်ကိုမလိုလား အဖျက်ကို ရှေးရှုစေသောအနေအထားမျိုးကိုလည်း ကြုံရနိုင်ပါသေးသည်။ အခက်အခဲနှင့်ကြုံလျှင်လည်း အမှောင်ခွင်း၍ အလင်းဆောင်စေသင့်သည်။ စမ်းရေတွင် ပန်းကြွေမမျှောနိုင်သည့်တိုင် စမ်းရေကို မခန်းခြောက်စေသင့်ကြောင်းကို-

သူ့စိတ်ကစိန်လိုမာ
သူ့မူရာစမ်းလိုအေး။
စိန်ရောင်ကို မှိန်အောင်မဖျောက်လေနဲ့
စမ်းရေပြာ ခန်းကာမခြောက်စေနဲ့
ထွန်းတောက်စေသေး။

ဟု ဆက်လက်ဖွဲ့ဆိုပါသည်။

မြန်မြန်ပြေး၊ ဝေးဝေးပစ်၊ မြင့်မြင့်ခုန်ဟူသောပြေးခုန်ပစ်ဆောင်ပုဒ်ရှိခဲ့ဖူးသည်။ အားကစားအတွက်သာမက ဘဝအတွက်ပါ လမ်းညွှန်ဆိုင်းဘုတ်ဟု မှတ်ယူချင်သည်။ အဘယ်ကြောင့်ဆိုသော် အချို့သောလုပ်ဆောင်ဖွယ်ရာများက အချိန်နှင့် အသက်အရွယ်အလိုက် မြန်မြန်ဆန်ဆန်လုပ်ဆောင်စရာများစွာရှိသည်။ ဘဝလမ်းအတွက် ဆူးငြောင့်ခလုတ်များကို ရှင်းလင်း၍ ဝေးဝေးပစ်နိုင်ရပါလိမ့်မည်။ တန်းများ၊ ခုံများ၊ ကုန်းကမူများနှင့်တူသော အတားအဆီးများစွာကိုလည်း ခုန်ပျံကျော်လွှားရဦးမည်က အသေအချာပင်။ ထိုအခါ ခန္ဓာသက်လုံ၊ ဉာဏ်ပညာမျက်စိနှင့် စိတ်ထားတတ်ရန် အရေးပါလာတော့သည်။

ယခုအခါ လူသားအားလုံးအတွက် ကပ်ရောဂါဆိုးများက နှိပ်စက်လျက်ရှိသည်။ အခြားကပ်ဘေးများကိုလည်း ရင်ဆိုင်နေရဆဲ။ ထိုအနေအထားများကို ဖြတ်ကျော်ရန်မှာ အတွေးတိမ်နေ၍မဖြစ်။ ထို့အတူ နွားခြေရာခွက်ကို ပင်လယ်ထင်၍မဖြစ်။ မိမိနယ်ပယ် ကျယ်ဝန်းသင့်သည်။ အသိပညာ၊ အတတ်ပညာများကို ငယ်ရွယ်စဉ်မှာ ဆည်းပူးသင့်သလို အရွယ်သုံးပါးစလုံးအတွက်လည်း ပညာပင်လယ်က စိန်ခေါ်လျက်ရှိသည်။ တက်ရေးပြင်ရွက်မနှေးဆင်ပါမှ တော်ကာကျပေလိမ့်မည်။ ပညာတတ်ရုံနှင့်မပြီးသေး။ ထိုပညာကို မှန်ကန်စွာအသုံးချပါမှ လူ့ဘောင်ကောင်းကျိုးသယ်ပိုးနိုင်ပေလိမ့်မည်။ ကျေးဇူးရှင် မန်လည်ဆရာတော်ကြီးက မဃဒေဝလင်္ကာတွင် "ပညာပြည့်ဝ၊ နှလုံးလှသော်၊ ကိစ္စကြီးငယ်၊ ဆောက်သဖွယ်လျှင်၊ ကျဉ်းကျယ်တွင်းဖောက်၊ ဖြတ်တောက်လိုရာ၊ ပြီးနိုင်စွာ၏"ဟုဆိုထားရာ နှလုံးသားလှရန် အထူးအရေးပါလှ၏။ နှလုံးသားမလှသူများကြောင့် အကျည်းတန်အရုပ်ဆိုးရသော အဖြစ်များကလည်း လူ့သမိုင်းတစ်လျှောက်တွင် များလှ ထွေထွေဟု ဆိုနိုင်ပါလိမ့်မည်။

ပညာပြည့်ဝသူများ၊ နှလုံးသားလှသူများတွင် လိုအပ်သောအရည်အချင်းတစ်ရပ်မှာ အမြင်ကျယ်ခြင်းဖြစ်သည်။ ၎င်းအချက်ကို ပေါင်းစပ်လိုက်လျှင်ဖြင့် အချိုပေါ် သကာလောင်းဆိုသကဲ့သို့ ပြည့်စုံသွားမည်ဖြစ်သည်။ မန္တလေးသား ဂန္ထဝင်တေးရေးဆရာကြီး မြို့မငြိမ်းကတော့ လွန်ခဲ့သောနှစ်ပေါင်း ၇၀ ခန့်ကပင်လျှင် ခေတ်မီမီ ကမ္ဘာကြည့်ကြည့်မြင်ရန် တိုက်တွန်းခဲ့ဖူးပါသည်။ အသိကြွယ်၊ အမြင်ကျယ်မှ မျှော်မှန်းရာပန်းတိုင်ကို ရောက်ကြမည်ကိုလည်း နားလည်သင့်ကြပါသည်။ ထို့ကြောင့် ဆရာတင်မိုးက-

သူ့စိတ်က ပင်လယ်
သူ့နယ်က တောင်တန်း။
စိတ်ထားအမြင်ကျယ်မှ
ခန့်တိုင်းရွယ် မှန်းရာပေါက်
ရောက်လိမ့်စခန်း။ ။

ဟု အဆုံးသတ်လိုက်ပါသည်။

အထက်ပါ"အရည်ကောင်း အသွေးကောင်း"ကဗျာကို ၁၉၈၅ ခုနှစ် အကောက်ခွန်မဂ္ဂဇင်း အမှတ်(၇) တွင် ဖော်ပြခဲ့သည်။ ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများအတွက်သာမက ကဗျာဖတ်သူအားလုံးအတွက် ခေတ်အဆက်ဆက် လက်ဆင့်ကမ်းနိုင်သော ခေတ်မရွေးတဲ့ကဗျာတစ်ပုဒ်အဖြစ် ခံစားမိပါကြောင်း တင်ပြအပ်ပါသည်။

**ကိုးကား**

– **တင်မိုးကဗျာပေါင်းချုပ်(၂)**

# ချောက်မြို့နယ် စွယ်ပေါက္ကံအနောက်ကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**ချောက် ဖေဖော်ဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် စွယ်ပေါက္ကံအနောက်ကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ဖေဖော်ဝါရီ ၁၆ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကြည်မြင့်၊ ချောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဒေါ်သက်သက်ဆွေနှင့် တာဝန်ရှိသူများသည် စွယ်ပေါက္ကံအနောက်ကျေးရွာ သောက်သုံးရေရရှိရေး ကော်မတီဝင်များနှင့်အတူ အကျယ် လေးလက်မ၊ အနက် ပေ ၁၃၀၀ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကြည်မြင့်က ကျေးရွာသောက်သုံးရေရရှိရေးကော်မတီဝင်များကို စက်ရေတွင်း မောင်းနှင်သည့်အခါ ရေစက်မောင်းသီးသန့်ထားရန်၊ ရေရှည်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး သင့်တင့်သော ရေဖိုးရေခများ စနစ်တကျ ကောက်ခံရန် မှာကြားခဲ့သည်။

ချောက်မြို့နယ် စွယ်ပေါက္ကံအနောက်ကျေးရွာ၌ ယခုဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေ ကျပ် ၄၅ ဒသမ ၈၆ သန်းဖြင့် အကျယ်လေးလက်မ၊ အနက် ပေ ၁၃၀၀ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းနှင့် ပါဝါမီတာတပ်ဆင်ခြင်း လုပ်ငန်းများကို ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၅ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်သည့်အတွက် ကျေးရွာရှိ အိမ်ခြေ ၉၈ အိမ်၊ လူ ၄၄၆ ဦးနှင့် ကျွဲ၊ နွား၊ တိရစ္ဆာန်များအတွက် သောက်သုံးရေ လုံလောက်စွာရရှိပြီဖြစ်ကြောင်း ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**အထွေး**

# တနင်္ဂနွေနေ့ညမှာကစားမဲ့ အမှတ်ပေးပွဲစဉ်တွေထဲက မဖြစ်မနေရမှတ်ရှာဖွေရမဲ့ စပါး၊ အတ္တလန်တာ၊ ဗယ်လ်ကာနိုအသင်းတို့ကို အားပေးရမှာပါ

ML




အခု တနင်္ဂနွေနေ့ညမှာတော့ အသင်းကြီးထိပ်တိုက်တွေ့ဆုံမှုတွေ မရှိပေမဲ့ ဒါဘီပြိုင်ဘက်နဲ့ ခြေရည်တူအသင်းတွေ တွေ့ဆုံနေတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်တဲ့ ပွဲစဉ်တွေကိုကြည့်ရှုရအုံးမှာပါ။ အမှတ်ပေးပွဲစဉ်တွေဟာ ရာသီပြီးဆုံးဖို့ တဖြည်းဖြည်းနီးကပ်လာတာနဲ့ အသင်းငယ်တွေကလဲ တန်းဆင်းဇုန်မဆင်းရဖို့ ကြိုးစားလေ့ရှိတာကြောင့် မထင်မှတ်တဲ့ရလဒ်တွေထွက်ပေါ်နေတာကို တွေ့ရမှာပါ။ ဒါကြောင့် တနင်္ဂနွေနေ့ညမှာကစားမဲ့ ပွဲစဉ်တွေထဲက ရမှတ်လိုအပ်ချက်ရှိနေပြီး အိမ်ကွင်းကစားပုံထက်မြက်တဲ့ အသင်းတွေကိုပဲ ဆက်လက်အားပေးရမှာဖြစ်ပါတယ်။

### စပါးကိုရွေးချယ်ရမှာပါ

တနင်္ဂနွေနေ့ညမှာကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ စပါးနဲ့ ဝက်စ်ဟမ်းအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ စပါးအသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ အိမ်ကွင်းပွဲစဉ်မှာ မန်စီးတီးကိုအနိုင်ရခဲ့ပေမဲ့ အဝေးကွင်းပွဲစဉ်တွေဖြစ်တဲ့ လက်စတာနဲ့ပွဲစဉ်မှာ လေးဂိုးတစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့သလို ပြီးခဲ့တဲ့ ချန်ပီယံလိဂ်ပွဲစဉ်မှာလဲ အေစီမီလန်ကို တစ်ဂိုးဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့တာကို တွေ့ရမှာပါ။ အေစီမီလန်နဲ့ပွဲစဉ်မှာတော့ ကွင်းလယ်ကစားသမားတွေဖြစ်တဲ့ အိုလီဗာစကစ်နဲ့ ပါပီဆားတို့ဟာ ပြိုင်ဘက်အသင်းရဲ့တိုက်စစ်ကို ဟန့်တားနိုင်ပေမဲ့ ဂိုးရဖို့အခွင့်အရေးတွေ ဖန်တီးပေးနိုင်ခြင်းမရှိတာကြောင့် တစ်ဂိုးဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့ရတာဖြစ်ပါတယ်။ သူတို့အသင်းဟာ မန်စီးတီးကိုအနိုင်ရခဲ့တဲ့ ပွဲစဉ်မှာတော့ ကွင်းလယ်ပိုင်းမှာ ဟော့ဂျက်က ခံစစ်နဲ့တိုက်စစ်ကို လိုက်ပါကစားပေးနိုင်တာကြောင့် တိုက်စစ်မှူးတွေ နေရာလွတ်ရှာတွေ့ပြီး နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။ အခုပွဲစဉ်မှာတော့ လိုရစ်၊ ဘန်တန်ကာ၊ ဆက်စက်ဂနွန်၊ ဘစ်ဆူမားတို့ မပါနိုင်ပေမဲ့ ကျန်တဲ့ကစားသမားအားလုံး ပါဝင်နိုင်မှာဖြစ်လို့ ကစားအားကျဆင်းသွားမှာ မဟုတ်ပါဘူး။ ဒါ့ပြင် စပါးအသင်းဟာ အမှတ်ပေးပြိုင်ပွဲမှာ ရမှတ်ဆုံးရှုံးမှုတွေများခဲ့တာကြောင့် ရမှတ် ၃၉ မှတ်နဲ့အဆင့်(၅)ရောက်ရှိနေလို့ ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့အတွက်ဆိုရင် အခုလိုပွဲစဉ်တွေကို အနိုင်ကစားထားရမှာပါ။ သူတို့နှစ်သင်းဟာ လန်ဒန်ပြိုင်ဘက်တွေဖြစ်ပေမဲ့ ၂၀၁၉ ခုနှစ်နောက်ပိုင်းအိမ်ကွင်းပွဲစဉ်တွေမှာ စပါးကဝက်စ်ဟမ်းကို အသာရခဲ့တာကိုတွေ့ရမှာပါ။

နည်းပြမိုယက်စ်ရဲ့ ဝက်စ်ဟမ်းအသင်းဟာ နွေရာသီအပြောင်းအရွှေ့မှာ အက်ဂွါ၊ အာရီအိုလာ၊ စကာမက်ကာ၊ ကော်နက်၊ ခါရာ၊ အယ်မာဆန်၊ ပါကွီတာတို့ကိုခေါ်ယူခဲ့ပေမဲ့ ထင်သလောက်အလုပ်မဖြစ်ခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ကစားသမားသစ်တွေ ဒဏ်ရာပြဿနာကြောင့် ရှုန်းကန်နေရလို့ အမှတ်ပေးပြိုင်ပွဲမှာ ၂၂ ပွဲကစားအပြီး ရမှတ် ၂၀ သာ ရရှိခဲ့လို့ တန်းဆင်းဇုန်အန္တရာယ်နဲ့ ကြုံတွေ့နေရတာဖြစ်ပါတယ်။ လက်ရှိမှာလဲ တိုက်စစ်မှူး စကာမက်ကာ၊ ကော်နက်၊ ပါကွီတာတို့ အပါအဝင် အဓိက ကစားသမားတွေဒဏ်ရာရနေတာကြောင့် ဇန်နဝါရီ အပြောင်းအရွှေ့မှာ တိုက်စစ်မှူး ဒန်နီအင့်ကို ထပ်မံခေါ်ယူခဲ့တာကို တွေ့ရမှာပါ။ ဒါကြောင့် နောက်ဆုံးကစားခဲ့တဲ့ အမှတ်ပေးပွဲသုံးပွဲမှာ တစ်ပွဲနိုင်၊ နှစ်ပွဲသရေနဲ့ ရမှတ်ငါးမှတ်ရယူနိုင်ခဲ့လို့ တန်းဆင်းဇုန်က လွတ်မြောက်ခဲ့တာဖြစ်ပါတယ်။ အခုပွဲစဉ်မှာလဲ ပါကွီတာမပါနိုင်တဲ့ ကွင်းလယ်က ကစားအားကျဆင်းသွားနိုင်တာကြောင့် စပါးအသင်းတိုက်စစ်ကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့ ခက်ခဲသွားမှာပါ။ ဒါကြောင့် အိမ်ကွင်းမှာ နိုင်ပွဲ ရှာဖွေရမဲ့ စပါးအသင်းဟာ ဒဏ်ရာရကစားသမားများနေတဲ့ ဝက်စ်ဟမ်းအသင်းထက် အဘက်ဘက်က သာလွန်နေတာကြောင့် စပါးအသင်းကိုပဲ ရွေးချယ်ရမှာပါ။

**စပါးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဖူလ်ဟမ် | ၀ | - | ၁ | စပါး |
| ပရက်စတန် | ၀ | - | ၃ | စပါး |
| စပါး | ၁ | - | ၀ | မန်စီးတီး |
| လက်စတာ | ၄ | - | ၁ | စပါး |
| အေစီမီလန် | ၁ | - | ၀ | စပါး |

**ဝက်စ်ဟမ်းအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဝုဗ် | ၁ | - | ၀ | ဝက်စ်ဟမ်း |
| ဝက်စ်ဟမ်း | ၂ | - | ၀ | အဲဗာတန် |
| ဒါဘီ | ၀ | - | ၂ | ဝက်စ်ဟမ်း |
| နယူးကာဆယ် | ၁ | - | ၁ | ဝက်စ်ဟမ်း |
| ဝက်စ်ဟမ်း | ၁ | - | ၁ | ချဲလ်ဆီး |

### အတ္တလန်တာအနိုင်ရမှာပါ

တနင်္ဂနွေနေ့ညမှာကစားမဲ့ စီးရီးအေပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ အတ္တလန်တာနဲ့ လက်ချီအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ အတ္တလန်တာအသင်းဟာ ရာသီအစမှာ ခြေစွမ်းပိုင်းကောင်းမွန်ခဲ့ပေမဲ့ ပွဲစဉ်(၁၁)မှာ လာဇီယိုကို နှစ်ဂိုးပြတ်ရှုံးနိမ့်ခဲ့ပြီးနောက်ပိုင်း မူရီရယ်ဒဏ်ရာရသွားတာကြောင့် တိုက်စစ်ပိုင်းကျဆင်းသွားပြီး ရလဒ်ဆိုးရွားခဲ့တာကို တွေ့ရမှာပါ။ ဒါပေမဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲအပြီးမှာတော့ ခြေစွမ်းပြန်လည်တည်ငြိမ်လာခဲ့ပြီး အိမ်ကွင်းပွဲစဉ်တွေမှာ ရှုံးပွဲမရှိခဲ့တာကို သတိပြုရမှာပါ။ အခုပွဲစဉ်မှာတော့ ကစားသမားလေးယောက် ဒဏ်ရာရနေပေမဲ့ အဓိက ကစားသမားအားလုံးပါဝင်နိုင်မှာဖြစ်လို့ လက်ချီလို ကစားသမားစုဖွဲ့မှု အားနည်းတဲ့အသင်းကို နိုင်ပွဲရဖို့မခက်ပါဘူး။ လက်ရှိနည်းပြ ဂတ်စပါရီနီလက်အောက်မှာတော့ လွတ်မန်း၊ ဟိုဂျီလန်း၊ ကူမီနာတို့က ခြေစွမ်းပြဂိုးတွေ သွင်းယူနိုင်ခဲ့ပြီး လွတ်မန်းက သွင်းဂိုး ၁၂ ဂိုးနဲ့ ဂိုးအများဆုံးရရှိခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ အမှတ်ပေးပြိုင်ပွဲမှာရမှတ် ၄၄ မှတ်နဲ့အဆင့်(၃)နေရာမှာရောက်ရှိနေပေမဲ့ အဆင့်(၄)က ရိုးမား၊ အဆင့်(၅) အေစီမီလန်တို့နဲ့ ရမှတ်တူနေသလို အဆင့်(၆)က လာဇီယိုနဲ့လဲ ရမှတ်ကွာဟမှု ကျဉ်းမြောင်းတာကြောင့် အခုပွဲစဉ်ကို အနိုင်ရမှသာ ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ အခွင့်အရေးများမှာပါ။

လက်ချီအသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံငါးပွဲမှာ တစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံး ရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ လက်ချီအသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ရိုးမားနဲ့ပွဲစဉ်မှာ သရေခံကစားနိုင်ခဲ့ပေမဲ့ ရိုးမားရဲ့တိုက်စစ်အားနည်းမှုကြောင့်သာ ရမှတ်တစ်မှတ်ရယူနိုင်ခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ အမှတ်ပေးပွဲ ၂၂ ပွဲအပြီးမှာ ငါးပွဲနိုင်၊ ကိုးပွဲသရေ၊ ရှစ်ပွဲရှုံးရလဒ်နဲ့ အမှတ်ပေးဇယား အဆင့်(၁၃)ရောက်ရှိနေပေမဲ့ အဝေးကွင်း ၁၁ ပွဲမှာတော့ သုံးပွဲနိုင်၊ သုံးပွဲသရေ၊ ငါးပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ သူတို့နှစ်သင်း ထိပ်တိုက်တွေ့ဆုံမှုငါးကြိမ်မှာလဲ အတ္တလန်တာက အဝေးကွင်းပွဲစဉ် တစ်ပွဲပဲရှုံးနိမ့်ထားပြီး ကျန်ပွဲစဉ်တွေကိုတော့ရှုံးနိမ့်ခဲ့ခြင်းမရှိပါဘူး။ ဒါ့ပြင် အတ္တလန်တာတိုက်စစ်မှူးတွေဖြစ်တဲ့ လွတ်မန်း၊ ဟိုဂျီလန်း၊ မူရီရယ်တို့ကိုမထိန်းချုပ်နိုင်ရင်တော့ လက်ချီအသင်းပေးဂိုးများသွားမှာဖြစ်လို့ အိမ်ရှင်အတ္တလန်တာပဲ အနိုင်ရမှာပါ။

**အတ္တလန်တာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဂျူဗင်တပ် | ၃ | - | ၃ | အတ္တလန်တာ |
| အတ္တလန်တာ | ၂ | - | ၀ | ဆမ့်ဒိုးရီးယား |
| အင်တာမီလန် | ၁ | - | ၀ | အတ္တလန်တာ |
| ဆက်ဆူအိုလို | ၁ | - | ၀ | အတ္တလန်တာ |
| လာဇီယို | ၀ | - | ၂ | အတ္တလန်တာ |

**လက်ချီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လက်ချီ | ၂ | - | ၂ | အေစီမီလန် |
| ဗီရိုနာ | ၂ | - | ၀ | လက်ချီ |
| လက်ချီ | ၁ | - | ၂ | ဆလာနီတာနာ |
| ခရီမိုနန်စီ | ၀ | - | ၂ | လက်ချီ |
| လက်ချီ | ၁ | - | ၁ | ရိုးမား |

### ဗယ်လ်ကာနိုနဲ့ လက်တွဲရမှာပါ

တနင်္ဂနွေနေ့ညမှာကစားမဲ့ လာလီဂါပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ ဗယ်လ်ကာနိုနဲ့ ဆီဗီလာအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဗယ်လ်ကာနိုအသင်းဟာ ခြေစွမ်းပြကစားသမားတွေမရှိပေမဲ့ အသင်းလိုက်ကစားအားကောင်းတာကြောင့် အခုရာသီ အိမ်ကွင်းပွဲစဉ်တွေမှာ ရလဒ်ကောင်းခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ အိမ်ကွင်း ၁၀ ပွဲမှာ ငါးပွဲနိုင်၊ နှစ်ပွဲသရေ၊ သုံးပွဲရှုံးခဲ့ပြီး တိုက်စစ်ပိုင်းက ၁၅ ဂိုးထိသွင်းယူနိုင်ခဲ့တာကို တွေ့ရမှာပါ။ ဒါကြောင့် သူတို့အသင်းဟာ အမှတ်ပေးပွဲ ၂၁ ပွဲကစားအပြီးမှာ ရမှတ် ၃၃ မှတ်ရရှိခဲ့ပြီး အဆင့်(၆)မှာရောက်ရှိနေသလို အဆင့်(၅)က ဘက်တစ်နဲ့ ရမှတ်တစ်မှတ်၊ အဆင့်(၄)က အေတီကိုနဲ့ ရမှတ် ခုနစ်မှတ်သာကွာဟတာကြောင့် ဥရောပဝင်ခွင့်အတွက် မျှော်လင့်ချက်ရှိနေတာဖြစ်ပါတယ်။ လက်ရှိမှာလဲ ကစားကွက်ပိုင်းအကောင်းဆုံးပုံစံရောက်ရှိနေလို့ ပြီးခဲ့တဲ့ငါးပွဲမှာ ဆိုစီဒက်ကိုပဲ အရေးနိမ့်ခဲ့ပြီး ဗယ်လာဒိုးလစ်၊ ဗီလာရီးရဲလ်၊ အမ်မာရီယာ၊ ဂီတာဖေးတို့ကို ရှုံးနိမ့်ခဲ့ခြင်းမရှိဘဲ အဲဒီပွဲစဉ်တွေမှာ ဂိုးသွင်းယူနိုင်ခဲ့တာကို သတိပြုရမှာပါ။ အခုပွဲစဉ်မှာလဲ ဒဏ်ရာရပွဲပယ်မရှိသလို ကစားသမားအားလုံး ကြံ့ခိုင်မှုပြည့်ဝနေတာကလဲ အားသာချက်ဖြစ်နေပြီး ၂၀၂၂ ခုနှစ်အတွင်း ဆီဗီလာနဲ့ နှစ်ကြိမ်တွေ့ဆုံမှုမှာလဲ ရှုံးနိမ့်ခဲ့ခြင်းမရှိတာကြောင့် အခုပွဲစဉ်ဟာ နိုင်ပွဲဆက်ဖို့ သေချာနေတာကို တွေ့ရမှာပါ။

နည်းပြဆမ်ပါအိုလီရဲ့ ဆီဗီလာအသင်းဟာ အိမ်ကွင်းကစားပုံကောင်းမွန်ပေမဲ့ အဝေးကွင်းခြေစွမ်းပိုင်းကတော့ အားရစရာမရှိပါဘူး။ သူတို့အသင်းဟာ ကစားသမားစုဖွဲ့မှုကောင်းပေမဲ့ အဓိကကစားသမား ဂိုမက်ဇ်၊ ကော်ရိုနာတို့အပါအဝင် ဒဏ်ရာရပွဲပယ် ခြောက်ယောက်ထိရှိတာကြောင့် ကစားအားကျဆင်းနေသလို ပြိုင်ဘက်ကို ဟန့်တားရာမှာ ကြမ်းတမ်းပုံတွေကြောင့်လဲ မကြာခဏအနီကတ်ပြသ ခံနေရတာလဲဖြစ်ပါတယ်။ သူတို့အသင်းနည်းပြဟာ ခံစစ်အသားပေးပြီး တန်ပြန်တိုက်စစ်ကနေ ဂိုးရဖို့ကြိုးစားနေပေမဲ့ ပြိုင်ဘက်အသင်းကို ဦးဆောင်ဂိုးပေးလိုက်ရရင် နည်းစနစ်ပိုင်းအားနည်းသွားလေ့ရှိတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ နည်းပြ ဆမ်ပါအိုလီလက်ထက်မှာ ရမှတ် ၂၄ မှတ်နဲ့ အဆင့်(၁၂)ထိ တက်ရောက်ခဲ့ပေမဲ့ တန်းဆင်းဇုန်က ဗလင်စီယာအသင်းနဲ့ ရမှတ်လေးမှတ်ပဲ ကွာဟနေတာကြောင့် တန်းဆင်းဇုန်ဖိအားရှိနေတာကို တွေ့ရမှာပါ။ အခုပွဲစဉ်မှာ နည်းပြအတွေ့အကြုံပိုင်းမှာတော့ ဆီဗီလာက အသာရနေတယ်ဆိုပေမဲ့ လတ်တလောခြေစွမ်းပိုင်းနဲ့ အိမ်ကွင်းကစားပုံကတော့ ဗယ်လ်ကာနိုက ပိုကောင်းနေတာဖြစ်ပါတယ်။ ဒါကြောင့် အိမ်ကွင်းပွဲစဉ်တွေမှာ ပြိုင်ဘက်ကို အာရုံစိုက်ချဉ်းကပ်လေ့ရှိတဲ့ ဗယ်လ်ကာနိုနဲ့ပဲ လက်တွဲရမှာပါ။

**ဗယ်လ်ကာနိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဗယ်လာဒိုးလစ် | ၀ | - | ၁ | ဗယ်လ်ကာနို |
| ဗယ်လ်ကာနို | ၀ | - | ၂ | ဆိုစီဒက် |
| ဗီလာရီးရဲလ် | ၀ | - | ၁ | ဗယ်လ်ကာနို |
| ဗယ်လ်ကာနို | ၂ | - | ၀ | အယ်မာရီယာ |
| ဂီတာဖေး | ၁ | - | ၁ | ဗယ်လ်ကာနို |

**ဆီဗီလာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဆီဗီလာ | ၁ | - | ၀ | ကာဒီဇက် |
| အိုဆာဆူနာ | ၂ | - | ၁ | ဆီဗီလာ |
| ဆီဗီလာ | ၃ | - | ၀ | အယ်ချီ |
| ဘာစီလိုနာ | ၃ | - | ၀ | ဆီဗီလာ |
| ဆီဗီလာ | ၂ | - | ၀ | မာယော့ကာ |

အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊
ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ
ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .




# ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော

အာရေဗီးကားကော်ဖီစေ့စစ်စစ်ကိုသာအသုံးပြုထားကြောင်း အာမခံပါသည်။

ပြင်ဦးလွင်

# နန်းမြိုင်ကော်ဖီ






ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၀၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

## ဝန်ထမ်းအလိုရှိသည်

- ယာဉ်မောင်း ကျား (၁)ဦး
- အသက် (၃၀)အောက်
- မြို့တွင်းပစ္စည်းပို့ရန်
- အမှတ် (၀)ရပ်ကွက်၊ ၉/၄၀၊ ၆၅D၊ 114×115ကြား
- ဆက်သွယ်ရန် 09-403733650

မြင့်စေတနာဆေးဆိုင်

## ခရုသင်း (သမင်ဖြူ)

LEUCODERMA

ခရုသင်း(သမင်ဖြူ)၊ ဖြူနီနက်ကွက်များ၊ အနာကြီးရောဂါ၊ ယားနာ၊ ပွေး၊ ဝဲ၊ နှင်းခူနှင့်အရေပြားရောဂါအမျိုးမျိုးကို ကုသပေးသည်။
ဆရာဦးခင်မောင်မြင့်အမှတ်-၃၀ ဒီတော်ရိုင်ပိုင်ရန်ကုန်အင်းစိန်လမ်းမကြီး၊ ကုလားကျောင်းမှတ်တိုင်၊ သမိုင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၈၆၆၆၄၇၈၊ ၀၉-၇၅၈၃၂၃၈၁၇
(ဌာနခွဲ)အမှတ်(၂)၆၂လမ်း၊ ၂၈× ၂၉လမ်းကြား အောင်တော်မူရပ် မန္တလေးမြို့ ဖုန်း-၀၂-၄၀၂၂၅၁၅၊ ၀၉-၂၅၆၅၆၈၀၂

### ပျောက်ဆုံးကြောင်း

မန္တလေးမြို့နေ စန်းဝေ (ဘ) ဦးဘွား (၉/မရတ(နိုင်)၀၂၉၂၃၆) ၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၄၀၂၆၃၅၇၅၁

### ပျောက်ဆုံးကြောင်း

မန္တလေးမြို့နေ မခွေရှိန် (ခ) နှင်းဆီကြူ(ဘ)ဦးရန်ကြီးရုံး(၉/မရမ(နိုင်)၀၇၈၈၅၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၂၀၅၅၁၇၄

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## စာပေမြင့်မှ လူမျိုးတင့်မည်

ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ
ကျန်းမာရေးဝန်ကြီးဌာန

## လူငယ်များနှင့် စိတ်ကြွမူးယစ်ဆေးများအန္တရာယ်

- ယာဘ၊ ရာမ၊ မြင်းဆေး၊ အိုက်စ် (ice)စတဲ့ စိတ်ကြွမူးယစ်ဆေးပြားများသည် မက်သမ်ဖတမင်း (methamphetamine) နှင့် ကဖင်း (caffeine) တို့ ပေါင်းစပ်ထားပြီး စပျစ်သီး/ လိမ္မော်သီး/ ချောကလက်နံ့တို့ကဲ့သို့ **လူငယ်များကိုဆွဲဆောင်နိုင်မည့်** ရနံ့တစ်မျိုးမျိုး ထည့်သွင်းထားပါတယ်။
- ဒီဆေးတွေက ဗဟိုအာရုံကြောစနစ်အတွင်းရှိ Dopamine ကဲ့သို့သော အာရုံကြောဆက်သွယ်ဓါတုပစ္စည်း (neurotransmitter) များအား **သဘာဝကိုဆန့်ကျင်၍** များပြားစေကာ စိတ်ခဏတက်ကြွမှုဖြစ်စေနိုင်ပါတယ်။ သို့သော်လည်း ဒီလိုစိတ်ခဏတက်ကြွနေစေရန် ဆေးချိန်ကိုတိုးသည်ထက်တိုး၍ သုံးစွဲလာရပြီး **ရေရှည်မှာဦးနှောက်နှင့်ဗဟိုအာရုံကြောစနစ်ကို လုံးဝပျက်စီးစေပါတယ်။**
- ဒီဆေးတွေကြောင့် ကိုယ်အပူချိန်တိုးခြင်း၊ နှလုံးခုန်မမှန်ခြင်း၊ အော့အန်ခြင်းနှင့် ရုတ်တရက်သေဆုံးခြင်းတို့ ဖြစ်ပွားနိုင်တယ်။ ဆေးကိုပုံမှန်မသုံးစွဲရပါက အိပ်မပျော်ခြင်း၊ စိုးရိမ်စိတ်လွန်ခြင်း၊ သံသယစိတ်များခြင်းမှ မိမိကိုယ်ကိုသတ်သေသည်အထိ စိတ်ခဏကျခြင်းတို့ ဖြစ်ပွားနိုင်ပါတယ်။


WY ဆေးပြားများ


ICE မေ့ယစ်ဆေးတစ်မျိုး

- ရေရှည်သုံးစွဲခြင်းကြောင့် သွားများပျက်စီးခြင်း၊ နှာခေါင်းအတွင်းသားများ ပျက်စီးခြင်း၊ နှလုံး/ အသည်း/ ကျောက်ကပ်/ အဆုတ်ရောဂါများ ဖြစ်ပွားခြင်း၊ သွေးတိုးခြင်း၊ လေဖြတ်ခြင်း၊ ကိုယ်ခံအားကျဆင်း၍ ရောဂါပိုးအမျိုးမျိုး အလွယ်တကူဝင်ရောက်ခြင်း၊ မှတ်ဉာဏ်ဆုံးရှုံးခြင်းနှင့် ရူးသွပ်ခြင်းတို့ ဖြစ်ပွား၍ **သက်တမ်းစေ့မနေရဘဲ စောစီးစွာသေဆုံးစေပါတယ်။**
- ဒါ့အပြင် **ပညာရေး/ လူမှုရေး/ စီးပွားရေးနိမ့်ကျခြင်း၊ အကျင့်စာရိတ္တပျက်ပြားခြင်း၊** တရားဥပဒေအရ ပြစ်မှုမြောက်ခြင်းကြောင့် **အကျဉ်းထောင်ကျ၍ပြစ်ဒဏ်ခံရခြင်း**တို့ကို ဖြစ်ပွားစေပါတယ်။


မူးယစ်ဆေးသုံးစွဲခြင်းကြောင့်
မျက်စိသွေးကြောများရောင်ရမ်းနေပုံ


မူးယစ်ဆေးသုံးစွဲခြင်းကြောင့်
သွားများပျက်စီးနေပုံ

လူငယ်သဘာဝ အသစ်အဆန်းကိုမြင်လျှင် စမ်းသပ်စူးစမ်းလိုစိတ်အား ရောင်းချသူများမှ အခွင့်ကောင်းယူကာ နည်းလမ်းပေါင်းစုံသုံး၍ ဖြားယောင်းတတ်သည်ကို အထူးဂရုပြု၍ စိတ်ကြွမူးယစ်ဆေးဝါးများအား လုံးဝရှောင်ကြဉ်ပါ

ခြင်ဆေးခွေ

သုံးလျှင်

သတိယူဦး

အောက်တွင်

ခံခွက်

မမေ့နှင့်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

ကျွန်တော်တို့အနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို ဆက်လက်ဆောင်ရွက်ရာမှာ ရပ်တည်သွားရမယ့်အခြေခံအချက်နှစ်ခုရှိပါမယ်။ ဒါတွေကတော့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)အပေါ်မှာ ခိုင်ခိုင်မာမာ ရပ်တည်သွားပါမယ်။ နောက်တစ်ခုကတော့ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်)အပေါ်မှာ ခိုင်ခိုင်မာမာရပ်တည်သွားပါမယ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင်ကျင်းပပြုလုပ်သည့်တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်း (၇) နှစ်မြောက်နှစ်ပတ်လည်နေ့တွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

# (၂၉)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

(၇၈)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် (၂၉)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ)စစ်တီးဝိုင်းပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့်တည်းခိုရေးစခန်း စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်သည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားကို တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ အကဲဖြတ်အမှတ်ပေးအဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် စစ်တီးဝိုင်းအသင်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားအစီအစဉ်အရ နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော

စာမျက်နှာ ၁၉ ကော်လံ ၄ ☆



(၂၉)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို တပ်မတော်နယ်လှည့်အထူးဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

စာမျက်နှာ - ၂၀

အကြမ်းဖက်အဖွဲ့များဖြစ်သည့် NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများ၏ မတရားအနိုင်ကျင့်ဖမ်းဆီးချုပ်နှောင်ခံထားရသူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ကောင်းမွန်စွာ ပြန်လည်ကယ်တင်နိုင်ခဲ့

စာမျက်နှာ - ၂၂

